
www.burmeseclassic.com

ရွှေပေဒေသာစာပေ

# မမသဒ္ဒါပေါင်



ပါးပါးလေး နှဲ့ သတ်သတ်ရေး

www.burmeseclassic.com

www.burmeseclassic.com

# မမသဒ္ဒါမောင်

## ပါးပါးလေးနဲ့ သက်သက်လေး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၆၆၂၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၇၈၉၀၆၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၉၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုလွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ |
| ဖြန့်ချီ | - ၁၅၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅.၈၃

မမသဒ္ဒါမောင်

ပါးပါးလေးနဲ့ဆတ်ဆတ်လေး/မမသဒ္ဒါမောင်။ - ရန်ကုန်၊ ရွှေဥစာပေ၊ ၂၀၀၉။

၂၉၃ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ပါးပါးလေးနဲ့ဆတ်ဆတ်လေး


# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com



နင်, ငါ့ကိုနိုင်တားပေါင်းများပြီရှာနဲ့...နင့်စိတ်ထဲမှာ ငါက ဘယ်အချိန်ပဲပြောပြော ဆတ်ခနဲခေါင်းညိတ်လက်ခံမယ့်လူလို့ မှတ်နေတယ် မဟုတ်လား။ နင်သိထားဖို့က သည်းခံခြင်းဆိုတာ သူ့အတိုင်းအတာနဲ့သူပဲ။ လိုအပ်တာထက် ကျော်လွန်သွားရင်တော့...

ငွေလှိုင်းဇာခြည်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

Taxi ပေါ်မှဆင်းလိုက်ပြီး တိုက်လှေကားထစ်တို့ကို အပြေးတကြီးဆောင့်နင်းခဲ့၏။ ခွာမြင့်ဒေါက်သံက ပဲ့တင်သံတို့ဖြင့် ဟိန်းထွက်လာသည်။ လှေကားသုံးဆင့်ချိုးထိပ်ရှိ တိုက်ခန်းတံခါးကို လေးငါးချက်ဆင့်၍ခေါက်လိုက်တော့ မမက တံခါးထဖွင့်ပေးလေ၏။

ကြိုးသိုင်းဖိနပ်ကို ခပ်မြန်မြန်ချွတ်၍ ဖိနပ်စင်ပေါ် စိတ်မရှည်သလို အသံမြည်အောင်တင်စဉ် အန်တီလေးက ညှော်ခန်းမှာထိုင်၍ သီးမွှေးထိုးနေရာမှ လှည့်ကြည့်လေသည်။

"တောက်!"



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်တက်ခေါက်လိုက်မိသော်လည်း ဘယ်သူကမှ 'ဘာဖြစ်လာပြန်ပြီလဲ'ဟု တစ်ခွန်းမှမမေး။ အိပ်ခန်းတံခါးကိုဖွင့်၍ လက်မှာကိုင်လာသည့် file ကို စားပွဲပေါ် ဘုန်းခနဲတင်၊ လွယ်လာသည့်အိတ်ကို ခုတင်ပေါ် ပစ်တင်လိုက်ပြီး ဆောင့်အောင့်ထိုင်ချလိုက်၏။ မမက သံပရာရည်ဖန်ခွက်ဖြင့် သူမနောက်မှလိုက်ဝင်လာလေသည်။

"ဒင်းကိုမေ့လိုက်တော့မယ်"

မှန်ထဲမှာမြင်နေရသည့်မမမျက်နှာမှာ အပြုံးတစ်ခုပေါ်လာလေ၏။ သူမ ရန်လိုစွာဖြင့် မမဘက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။

"မမက ဘာလို့ပြုံးတာလဲ"

"နင် ဒီစကားကိုပြောတာ အခါ (၁၀၀) တောင် မကတော့ဘူးဇာ"

"ဇာ, ဒီတစ်ခါတကယ်ပြောနေတာ"

"ဟင်းဟင်း. . . ကဲပါ အမောပြေလေး သောက်လိုက်ဦး။ ပြီးတော့မှ ပြောချင်တာတွေကိုပြော၊ ဟုတ်ပြီလား"

မမက တိုးဖွဖွရယ်လျက် သူမလက်ထဲသို့ ဖျော်ရည်ခွက်ကိုထည့်ပေးလေ၏။ သောက်ချင်စိတ်မရှိသည်မို့ ဖန်ခွက်ကို မှန်တင်ခုံထက်မှာပင် အသာတင်လိုက်ပါသည်။ သူမပြောသမျှစကားတွေကို ဘယ်သူကမှမယုံကြပါလား။ ဖေဖေရော၊ အန်တီလေးရော မမရော. . .၊ ပြီးတော့. . . ပြီးတော့. . . ဒင်းပါပေါ့. . .

"ဇာ့စကားကို ဘာလို့မယုံကြတာလဲဟင်"

"ဇာရယ်. . . နင်, အခုမှ ငယ်ငယ်လေးရှိသေးတာလေ အသက်ငယ်တော့ စိတ်မြန်တယ်။ ထစ်ခနဲရှိ. . . ထင်ရာစိုင်းတတ်တယ်။ ဒါကြောင့်လည်း နင်နဲ့စရိုက်တူတဲ့ချာန်နဲ့ အမြဲပြဿနာဖြစ်နေရတာပေါ့။ မဟုတ်ဘူးလား"

"မဆိုင်ပါဘူး"

ငြင်းဆန်သံက အားမရှိသလို။ မဟုတ်လို့လား. . . ဟုတ်နေတာပါပဲ။ သူမစရိုက်ကိုက ထစ်ခနဲရှိ စိတ်ကကောက်ပြီ။ ပြီးလျှင် (၅)မိနစ်ပင်မကြာလိုက်။ အလိုလိုစိတ်ကပြေရော။ အန်တီလေး မကြာခဏပြောပြောနေသည့်စကားက အမှန်ပါပဲ။ သည်းခြေမ. . . တဲ့ဟာလေးတဲ့။

"စဉ်းစားပေါ့ဇာ. . . နင်တို့ ဒီလိုချည်းဆက်သွားနေလို့ဖြစ်မလား။ ရေရှည်မှာမလွယ်ဘူးနော်။ သူ့ပင်ကိုဗီဇကို နင် လိုက်ပြ. . .







www.burmeseclassic.com

www.burmeseclassic.com



နေလို့မရဘူး။ သူက ဘယ်တော့မှအချိုးပြေမယ့်ကောင်လေးမဟုတ်လို့ပဲ"

"ဇာက တကယ်ပဲရုပ်များဆိုးနေလို့လားဟင်"

မမက မအောင့်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက်ရယ်မောကာ သူမကိုနောက်ကျောဘက်မှ အသာပွေ့ဖက်လိုက်လေ၏။ မှန်ထဲမှာ အတူပေါ်လာသည့်မျက်နှာနှစ်ခုက အတော့်ကိုကွာခြားလှပါ၏။ မမက အသားဖြူဖြူ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်သွယ်သွယ်၊ မျက်နှာကျပုံကအစ အချိုးကျကျ။ ဒီကြားထဲ ပင်ကိုဆံသားပျော့ပျော့၊ ဆံနွယ်စင်းစင်းတွေက တင်ပါးဖုံးသည်ထိ ကြည့်ကောင်းနေတာ။ အမြဲ slipper အဖြူလေးတွေသာစီး၍ အရောင်မရွေးဝတ်နိုင်သည့်အသားရောင်မို့ အမြဲကြည့်ကောင်းနေတာအမှန်ပင်။

သူမကရော. . . မျက်ဆံနက်နက်ဝိုင်းဝိုင်း၊ ဈာန်ပြောတာတော့ မျက်ပြူးမတဲ့။ ပါးက ဖောင်းချင်ချင်။ ခန္ဓာကိုယ်က မပိန်မသွယ်ဘဲ ပြည့်ချင်သည့်ဘက်။ အရပ်လေးက (၅)ပေနှင့်(၂)လက်မသာ။ အသားက ညိုတိုတို။ ဒီပုတုတုအရပ်ကို မြင့်လာအောင် ဘယ်လိုမှလုပ်၍မရတော့။ ဒေါက်ချွန်ဖွာမြင့်တွေကိုသာစီးခဲ့ရတာ ယခုထိတိုင်. . .။ စီးခါစက ဖနောင့်ကြောတွေနာ၊ ခါးတွေနာ၊ အဆင်





မသင့်ဖြစ်ခဲ့ရပေမယ့် ခုတော့နေသားကျနေပါပြီ။ ဆံပင်တွေကရော မမလိုမပျော့ပျောင်း၊ မဖြောင့်စင်းဘဲကြမ်းချင်ချင်။ ဒီကြားထဲ နဂိုကောက်မို့ အမြဲပွယောင်းယောင်းဖြစ်ချင်နေသည့် ခပ်ထူထူဆံပင်အုပ်ကို ကလစ်ပိစိလေးတွေဖြင့် ဟိုနားညှပ်၊ ဒီနားညှပ်၊ ဖုံးရဖိရတာ အလုပ်တစ်လုပ်။ အဲဒီအလုပ်က နိစ္စဓူဝ အချိန်အပေးရဆုံးအလုပ်ပင်။ ပါးကဖောင်းနေသဖြင့် ပခုံးထောက်ဆံပင်ကွေးကွေးကြောင့် မျက်နှာကဝိုင်းချင်ချင်။ ကဲ. . . ဘယ်မှာလဲအလှတရား။

"တကယ်ဆို ဇာက ယောကျာ်းလေးဖြစ်သင့်တာနော်"

"အရှူးမ. . . မဖြစ်နိုင်တာတွေလျှောက်ပြောမနေနဲ့။ မေမေမွေးတဲ့အတိုင်း လူဖြစ်လာပြီပဲဇာရယ်။ ဘာကိုအလိုမကျဖြစ်နေရသလဲ"

"မမပဲစဉ်းစားကြည့်ပေါ့။ ဈာန်က နဂိုကတည်းက အလှခပ်မက်မက်ရယ်။ ဇာ့မှာက လှတာဆိုလို့ ဘာမှမရှိ။ ဘယ်နေရာမှစိတ်တိုင်းမကျ။ မမလိုလှလှလေးဆိုရင်တော့ ကောင်းသား. . .။ အင်း. . . ဒါကြောင့်လည်း ကိုအောင်က မမကိုတမ်းတမ်းစွဲဖြစ်နေတာပေါ့နော်"

"မဆိုင်ပါဘူးဟယ်. . . ဖူးစာပါရင် ဆုံရမှာပါဇာရဲ့။ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



လှတာမလှတာထက် စိတ်လှဖို့က ပိုအရေးကြီးတာပါ"

"အင်း. . . ဇာက ရုပ်နဲ့အလိုက် စိတ်ကလည်းပုပ်သေးတာလေ"

"ဘာလဲ. . . ဈာန်ပြောလိုက်တာပဲလား"

သူမမျက်နှာရှုံ့သွားတော့ မလှသည့်မျက်နှာက ပိုရုပ်ဆိုးသွားသလိုပင်။ ဟုတ်ပါတယ်လေ. . . ဒီလောက်ရုပ်ဆိုးနေမှတော့ သူမကို ဈာန်မချစ်တာ အပြစ်မဟုတ်တော့ပါဘူး။ နဂိုကတည်းက လည်ပင်းဖက်ပေါင်းလာကြသည့်သူငယ်ချင်းတွေဆိုတော့ ပိုဆိုးတော့တာပေါ့။

"မမက ကံကိုကောင်းတာပါလေ"

"ပြောပြန်ပြီ. . . ကဲပါဇာရယ်. . ရေချိုးတော့၊ ခဏနေ ဖေဖေပြန်လာတော့မှာ။ ထမင်းပွဲပြင်ကြစို့. . . ထ"

သူမပျင်းရိလေးတွဲစွာထရပ်လိုက်ပြီး သံပရာရည်ကို တစ်ကျိုက်တည်းအကုန်မော့၍ ရေချိုးခန်းထဲဝင်လာခဲ့၏။ အေးစိမ့်စိမ့်ရေတို့စိုရွှဲသွားတော့ ဆပ်ပြာကိုလှမ်းယူမိသည်။ ဟင်း. . . ဒါ, ဒင်္နှ အကြိုက်ဆပ်ပြာပဲ. . . မတိုက်ဘူး။ ဆပ်ပြာကို ရေချိုးခန်းထောင့်ရှိရာလွှင့်ပစ်လိုက်မိပြီး တော်ကြာ မမဖြစ်ဖြစ်၊ အန်တီလေးဖြစ်ဖြစ်





ရေချိုးခန်းဝင်ဆေးရာမှ ချော်ပြုလဲမည်စိုးသဖြင့် သွားပြန်ကောက်ရပြန်သည်။ အဲဒါကြောင့် မျောက်စိတ်လို့အပြောခံရတာလေ။

တောက်!. . . တွေးမိတိုင်း ဒင်းက အတွေးထဲပါလာရပြန်ပြီ။ မတွေးချင်ဘူး။ မေ့ကိုမေ့ပစ်လိုက်မှာ။ အို. . . လုံးဝကိုမေ့လိုက်ရမယ့်လူ။ တော်ပါသေးရဲ့. . . အရင်တိုက်လက်စဆပ်ပြာတုံးက တော်တော်ကျန်သေးတာမို့ မမ,မလွှင့်ပစ်လိုက်သေး။ ဘယ့်နှယ့်ဆပ်ပြာဆိုလည်း သူ့စိတ်ကြိုက်. . .။ ရှမ်ပူဆိုလည်း သူကြိုက်တာမှ။ ရုတ်ဆွအဆုံး ရေမွှေးဘုံးတာတောင်မှ သူရွေးပေးသည့်အနံ့နှင့်တံဆိပ်ကိုသာ သုံးခွင့်ရတာ။ ဘယ်မှာလဲ သူမစိတ်ကြိုက်။

ဒါမဝတ်နဲ့. . . ဟိုဟာဝတ်၊ ဒီပုံစံကြီးမကြိုက်ဘူး။ ကိုယ်နဲ့လိုက်ဖက်မယ့် style တောင် မရွေးတတ်ဘူးလား။ လူကြားထဲထင်းနေအောင်မဝတ်တတ်ရင် ဘယ်မှာ star ဖြစ်တော့မလဲ။ လုပ်တဲ့အလုပ်က Designer။ ပုံစံက ခပ်တုံးတုံး. . .။ မိဇာ, နင့်ကိုငါမို့ကြိုက်တာ။ နို့မို့ ဘယ်သူမှကြိုက်မယ့်လူရှိမှာမဟုတ်ဘူး။ ဟင်း! အဲဒီစကားကို သူမအနာဆုံး။ ရုပ်ကဒီလောက်အဆိုးကြီးမှမဟုတ်တာ။ လှလှမလှလှ အချိန်တန် ယောက်ျားတစ်ယောက်ကိုတော့ မဖြစ်မနေရမှာပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း!. . . ဒုန်း!"

"ဇာ. . . ကြာနေပြီ. . . အအေးမိဦးမယ်။ မြန်မြန်လုပ်လေ. . . ဖေဖေပြန်ရောက်ပြီ"

တွေ့လား. . . ကောင်းကောင်းတောင်မတွေးရသေးဘူး။ အဖျက်က ဝင်ပြီ။ ဘယ်တော့မှစိတ်ကူးယဉ်ခွင့်မရဘူး။ ညဘက်မှ အတွေးနယ်ချဲ့ရန် ကြံစည်မိသော်လည်း တစ်နေကုန်ပင်ပန်းခဲ့တာကြောင့် ၉ နာရီကျော်သည်နှင့်ငိုက်ပြီ။ အန်တီလေးနှင့်မမက ၉ နာရီကားကို MRTV ဖြစ်ဖြစ်၊ မြဝတီကဖြစ်ဖြစ် စောင့်ကြည့်နေကြချိန်မှာ သူမက အိပ်မက်ပင်စမက်နေပြီ။ စားတာကို ဒီလောက်ကြီးမမက်ပေမယ့် ဒီအအိပ်ကိုတော့ သူမ,မစွန့်လွှတ်နိုင်။ ကလေးငယ်တွေလို (၇)နာရီ၊ (၈)နာရီလောက်မှမအိပ်ရရင် တစ်နေကုန်ခေါင်းမကြည်လင်တော့။ ခေါင်းကိုက်စိတ်ရှုပ်ဖြင့် တစ်နေ့လုံးအလုပ်လုပ်ရတာ စိတ်ပါမှုမရှိနိုင်တော့ပေ။

"ဟဲ့. . . ပြောနေတာကြားရဲ့လား"

"ပြီးပြီဗျို့"

ကဲ. . . မြန်မြန်ထွက်မှပဲ။ တော်ကြာ ဖေဖေပါကြားကုန်မှ ဆူလို့ပူလို့ဆုံးတော့မှာမဟုတ်တော့ဘူး။ အလုပ်မှာ ကိုယ်က လူကြီး





လုပ်ရပေမယ့် အိမ်မှာက အငယ်ဆုံးပေမို့ ကလေးလိုပင် အဆူအငေါက်ခံနေရတုန်း။

ရေချိုးခန်းမှထွက်လာတော့ မမက မျက်စောင်းခဲလိုက်ပြီး ထမင်းစားခန်းဆီဝင်သွားတော့၏။ ဆံပင်ကို သဲလေးချက်ဖြီးလိုက်ပြီး ခေါင်းစည်းကြိုးဖြင့် ခပ်မြင့်မြင့်စည်းကာ အိမ်နေဝတ်စုံတစ်ပတ်နွမ်းကိုပင် ဝတ်လိုက်ပါသည်။ ဟင်း. . . ဘာပဲဝတ်ဝတ် ဒီအသားရောင်နဲ့လိုက်တာဆို၍ ဘာမှမရှိပါလား။ ငယ်စဉ်က အစခံရသလို မေမေ တကယ်ပဲ ကုလားကြီးကိုကြည့်၍များ သူမကိုမွေးခဲ့လေသလား။

"ဇာ"

"လာပြီ"

ထမင်းစားခန်းထဲရောက်တော့ ဖေဖေရော၊ အန်တီလေးပါရောက်နေလေပြီ။ မမက ငါးကြော်နှပ်၊ ဝက်သားလုံးကြော်၊ ပုစွန်ဆီပြန်နှင့် ဟင်းလျာကြော်ကို အနည်းငယ်စီခပ်၍ ဖေဖေနှင့် အန်တီလေးကို ဦးဖယ်ထည့်ပေးလိုက်၏။ ပြီးနောက် သူမပန်းကန်ထဲထည့်ပေးရန်ပြင်စဉ် လက်ကာပြ၍တားလိုက်မိသည်။

"ဟင့်အင်းမမ. . . ဇာ,ဝက်သားမစားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဇာလေးရဲ့။ သမီးကြိုက်တယ်ဆိုလို့ အန်တီလေးကြော်ပေးထားတာလေ"

"ဇာ, အဆီတွေပိုကုန်မှာစိုးလို့ပါ"

"အမယ်လေးနော်၊ တစ်သက်လုံးစားလာပြီး . . . ခုမှ"

"သူကောင်လေးက ဝ,တာမကြိုက်ဘူးဆိုလို့ အန်တီလေးရေ့"

"ရှူးပါ့ဟယ်"

အန်တီလေးမျက်စောင်းခဲတာကို မသိချင်ယောင်ဆောင်လျက် ပဲသီးကြော်နှင့် ဗာလချောင်ကြော်ကိုသာ သူမ ခပ်လိုက်၏။ ပဲနီလေးနှင့် ကြာဆံရောချက်ထားသည့်ဟင်းချိုနှင့် တွဲစားရတာမို့ အရသာလည်းရှိ စား၍လည်းကောင်းပါသည်။

"စားတာတော့စားရမှာပေါ့ သမီးငယ်။ ဖိုရှောင်ဒီရှောင်နဲ့ ဖွတ်ရှောင်မယ်တော့မကြံနဲ့။ တော်ကြာ ဆယ်တန်းတုန်းကလို အစာအိမ်ထပ်ဖြစ်နေဦးမယ်။ ဝတာပိန်တာထက် ကျန်းမာရေးက အဓိကပဲ"

"ဇာနားလည်ပါတယ်ဖေဖေ။ မမပြောသလိုတော့မဟုတ်ရပါဘူး။ ဇာ, ခုတလော အသားဟင်းတွေသိပ်မစားချင်လို့ပါ"





ဖေဖေက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ထမင်းကိုဆက်စားနေသဖြင့် သူမ ဘာမှဆက်မပြောတော့။ ထမင်းဝိုင်းမှာ စကားမပြောသင့်မှန်းသိသည်မို့ အသာငြိမ်နေလိုက်ရသည်။ ရုတ်တရက် ဧည့်ခန်းမှဖုန်းမြည်လာသည်မို့ မမနှင့်သူမ အကြည့်ချင်းဆုံသွား၏။ သို့သော် မည်သူမျှမထရဲ။ ထမင်းစားနေစဉ် ဖုန်းထပြောလိုက်ပါက ထမင်းစားပျက်တတ်သည်မို့ ဖေဖေထုတ်ထားသည့်စည်းကမ်းအတိုင်းလိုက်နာ၍ ထမင်းကိုဆက်စားနေဖြစ်သည်။ ခဏအကြာမှာ ဖုန်းမြည်သံတိတ်သွားပါ၏။

"ဟဲ့ . . . တော်ပြီလား"

"အင်း"

"ဖုန်းနား သွားစောင့်ဦးလေ"

"မစောင့်ချင်ပါဘူး . . . ဘယ်သူနဲ့မှလည်းမပြောချင်ဘူး။ ပေး . . . ဇာပဲဆေးပေးမယ်။ မမပဲ ဖုန်းသွားကိုင်"

"နေပါစေ . . . ရတယ်။ နင်ကပင်ပန်းလာတာ၊ သွားနားတော့"

သူမ လက်ကိုဆပ်ပြာနှင့်ဆေး၊ ပါးလုပ်ကျင်းက ဧည့်ခန်းသို့ထွက်လာခဲ့၏။ ဘေးဘက်မှာထုတ်ထားသည့် ဝရန်တာဘက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ကာ ကန်ထရိုက်တိုက်ဘေးလမ်းကြားထဲသို့ ငေးနေမိစဉ် ဖုန်းမြည်လာပြန်သည်။

"ဟဲလို. . . ဩော်. . . ဟုတ်တယ်သား။ အန်တီလေးတို့ ထမင်းစားနေလို့ပါ။ ရှိတယ်လေ. . . ခေါ်ပေးမယ်. . . ခဏကိုင်ထားဦး"

"ဇာလေးရေ. . . သမီးဖုန်း"

"ဘယ်သူလဲ"

"ချာန်"

"မပြောချင်ဘူး. . . မရှိဘူးလို့ပြောလိုက်"

"ဟယ်. . . ခုပဲရှိတယ်လို့ အန်တီလေးပြောလိုက်တဲ့ဟာကို. . . ကောင်းမလားသမီးရဲ့"

"မသိဘူးကွာ. . . မပြောဘူး"

"ကျွတ်. . . ခက်တာပဲ"

"သမီးငယ်. . . နှစ်ယောက်သား ဘာဖြစ်ထားကြပြန်ပြီလဲ။ လူကြီးကရှိတယ်ပြောပြီးပြီဟာ. . . လိမ်လို့ကောင်းမလား"

ညှော်ခန်းမှာ သတင်းစာဖတ်နေရင်း ဖေဖေလှမ်းငေါက်တော့မှ နှုတ်ခမ်းစူလျက် ဖုန်းကိုလာကိုင်ရ၏။ ဒင်းတော့လား. . .





"မိဇာလား"

"ဟုတ်တယ်"

"ဘာလို့ဒီလောက်ကြာနေရတာလဲ မျက်ပြူးမရဲ့။ မလှတဲ့ရုပ်ကို မှန်ရှေ့မှာသေချာထိုင်ပြီးပြင်နေလို့လား"

တွေ့လား. . . အဲဒါတွေကြောင့် ဒင်းနဲ့အကြောမတည့်တာ။ ချစ်သူသမီးရည်းစားဆိုပြီး ဘယ်တော့မှ တီတီတာတာကြင်ကြင်နာနာလေးမပြောဘူး။ လူကိုအမြဲနှိမ်နှိမ်ချချဆက်ဆံ။ မြင်တာနှင့်တစ်ခုမဟုတ်တစ်ခုအပြစ်ရှာကာ နှိပ်ကွပ်ဖို့ပြင်ပြီ။

"နင်, ငါ့ကိုနိုင်စားပေါင်းများပြီချာန်။ နင့်စိတ်ထဲမှာ ငါက ဘယ်အချိန်ပဲပြောပြော ဆတ်ခနဲခေါင်းညိတ်လက်ခံမယ့်လူလို့မှတ်နေတယ်မဟုတ်လား။ နင်သိထားဖို့က သည်းခံခြင်းဆိုတာ. . . သူ့အတိုင်းအတာနဲ့သူပဲ။ လိုအပ်တာထက်ကျော်လွန်သွားရင်တော့ ဘယ်သူမှ သည်းညည်းခံနိုင်မှာမဟုတ်ဘူး။ အဲဒါကို နင်သဘောပေါက်စမ်းပါ"

"ဟာ. . . ဒိုင်တွေက ကြမ်းလှချည်လား။ ဘယ်လိုဖြစ်ရပြန်တာလဲ။ ငါ့, ဒီနေ့. . ."

"မကြားချင်ဘူး. . . သိလည်းမသိချင်တော့ဘူး။ ဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



စပြီး နင်ကြိုက်တာနင်လုပ်တော့ ဈာန်။ အေး. . . ငါ့ကိုလည်း နင် ဘာမှချုပ်ချယ်ဖို့မကြိုးစားပါနဲ့။ နင်နဲ့ငါပြတ်ပြီ. . . ဒါပဲ"

"စိတ်ကောက်တာလားဇာ။ ဘယ်လောက်အထိလဲ. . . ငါးမိနစ်လား"

"တစ်သက်တာအတွက်ဟေ့။ ဒါပဲ. . . နောက်ကို ငါ့ဆီ ဘယ်တော့မှဖုန်းမဆက်နဲ့တော့. . . ကဲ"

ဖုန်းကို ခွပ်ခနဲနေအောင် ဆောင့်ချလိုက်စဉ် မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေသည့်ဖေဖေ့မျက်ဝန်းတို့နှင့် သွားဆုံလေ၏။ ဒုက္ခပါပဲ. . . ဖေဖေ့ရှေ့မှာမှ ဒီလိုစကားတွေပြောဖြစ်သွားရတယ်လို့။

"လာ. . . ထိုင်ဦး"

ဖေဖေလှမ်းခေါ်လိုက်သဖြင့် ဆက်တီခုံမှာ စိတ်မပါစွာ ထိုင်လိုက်ရ၏။ အန်တီလေးက ထိုးလက်စအနွေးထည်ကိုဆက်ထိုးနေသလို မမက Thesis လုပ်ရန်စိုက်ထားသည့်ပိုက်ဆံပင်ကို ရေပန်းခရားလေးဖြင့် ရေလောင်းနေလေသည်။

"ပြောပါဦး. . . ဘာဖြစ်ထားကြပြန်ပြီလဲ"

"ဇာ, သူနဲ့မပတ်သက်ချင်တော့ဘူး"





"အဲဒါ ဘယ်နှရက်လဲ"

"ဖေဖေ"

"သမီးဟာက မဟုတ်သေးဘူးနော်။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းမသိသူတွေလည်းမဟုတ်။ နှစ်ဦးစလုံးလည်း ကြည်ဖြူ။ မိဘချင်းကလည်း သဘောတူပြီးသား။ ဒီလောက်အစစအရာရာပြေလည်နေပါလျက် ဒီလိုခဏခဏစိတ်ကောက်တာတော့ ဘယ်ကောင်းမလဲ"

"ဇာစိတ်ကောက်တာမဟုတ်ဘူး ဖေဖေ။ စိတ်ကုန်သွားတာ"

ဖေဖေက သက်ပြင်းချရင်း လက်ထဲမှသတင်းစာကို ဆက်တီစားပွဲပေါ် တင်လိုက်လေ၏။ သူမ လက်ချောင်းလေးတွေကို အဓိပ္ပာယ်မဲ့ချိုးနေမိပြန်သည်။ အင်း. . . မိန်းကလေးတန်မယ့် မမလက်လေးတွေလို သွယ်သွယ်လှလှလေးတွေမဟုတ်ဘဲ တိုတိုတုတ်တုတ်ဖြစ်နေသည့်အပြင် လက်ဆစ်တွေကို မကြာခဏချိုးတတ်၍ လက်ချောင်းတို့က အဆစ်ကြီးကာ မလှမပ။

"သမီးတို့သံယောဇဉ်က နှစ်တွေမနည်းဘူးနော်။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့အပျက်ပျက်ဖြစ်ကုန်ရင်. . . ကိုဦးတို့နဲ့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ရမယ်။ ပြီးတော့ သမီးလည်း နာမည်ပျက်မှာ။ ဒီလောက်နှစ်ရှည်လများတွဲလာတာ ပတ်ဝန်းကျင်က အသိဆုံး။ သမီးကပိန်းကလေး. . .။ သမီးကြီးနဲ့မောင်အောင်တောင် တွေ့တာလပိုင်းပဲရှိသေးတယ်။ တစ်ခါမှပြဿနာတက်သံမကြားရဘူး။ သမီးက ထစ်ခနဲရှိစိတ်ကောက်တတ်တဲ့အကျင့်ကို ဖျောက်မှပေါ့။ ဒီတိုင်းသာဆက်သွားနေရင် တစ်နေ့အိမ်ထောင်ရေးမှာ ထိခိုက်နစ်နာမှုတွေရှိလာမှာ။ ဖေဖေကြိုပြောထားပါရဲ့. . . လင်မယားချင်းစိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းလာရင် ဖေဖေကလက်ခံမှာမဟုတ်ဘူးနော်. . ."

"ဖေဖေကလည်း ဇာ, သူ့ကိုမယူပါဘူးဆို"

"မယူလို့ရမလား. . . မိန်းမကောင်းပန်းပန် တစ်ပွင့်တန်တဲ့။ မိန်းကလေးဖြစ်ပြီး မျက်နှာများမယ်မကြံနဲ့။ ဖေဖေမကြိုက်ဘူး"

"သူကျတော့ တွဲချင်တဲ့သူနဲ့တွဲနေတာလေ ဖေဖေရဲ့။ ဇာသည်းခံခဲ့ပေါင်းများပြီ. . . ခုမရတော့ဘူး"

"သူကယောကျ်ားလေးလေ. . . ပြီးတော့ လူချစ်လူခင်ပေါ။ အပေါင်းအသင်းများတာ သမီးအသိပဲ။ ခုမှအဆန်းလုပ်ပြီးကောက်





မနေနဲ့။ ပြန်ခေါ်လိုက်။ နောက်ကို ကွဲစကားကွာစကားတွေ ဖေဖေမကြားချင်ဘူး။ ကဲ. . . အလုပ်က ပင်ပန်းလာတယ်မဟုတ်လား။ သွားနားတော့. . . သွား"

သူမ, မကျေမနပ်ဖြင့် အိပ်ခန်းထဲဝင်ခဲ့၏။ မကျေနပ်ဘူးလုံးဝကိုမကျေနပ်တာ။ ကြည့်စမ်းပါဦး. . . သူကျတော့ ယောကျ်ားလေးမို့လို့တဲ့။ အပေါင်းအသင်းများလို့တဲ့။ လူချစ်လူခင်ပေါလို့တဲ့လား။

သူမကရော. . . သူနဲ့ကျမှ သူ့အနိုင်ကျင့်ဗိုလ်ကျသမျှလိုမ့်ခံနေရမှာလား။ ဝေးပါသေးတယ်။ ကြည့်ကြသေးတာပေါ့ ဈာန်။ နင်ကပဲ ငါ့ကိုခေါက်ထားနိုင်မလား။ ငါကပဲ နင့်ကိုယ်စား နောက်တစ်ယောက် ထပ်ရှာနိုင်မလားဆိုတာလေ။

ဟုတ်တယ်၊ ငါ့ကိုတစ်သက်လုံးနိုင်စားမယ့်နင့်လိုကောင်ကိုလက်ခံမယ့်အစား ငါ့ကို ဖူးဖူးမှုတ်အလိုလိုက်တဲ့ရည်းစားအသစ်တစ်ယောက်ကို ငါမရရအောင်ရှာပြမယ်။ နင်စောင့်သာကြည့်နေပေတော့။

အံ့ဆွဲထဲမှ ဒိုင်ယာရီစာအုပ်ကိုယူဖွင့်ကာ လက်ရေးဝိုင်းဝိုင်းတို့ဖြင့် ချရေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



31 st January 2006 (Thursday)

နင်နဲ့ပတ်သက်သမျှအရာအားလုံးကို ပြည်ဖုံးကားချလိုက်ပြီဗျာနော်။ ဒါဟာ ဘယ်တော့မှပြန်မပြင်တော့မယ့် ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ–

စာအုပ်ကိုအံဆွဲထဲပြန်ထည့်လိုက်ပြီး ခေါင်းအုံးပေါ် မှောက်၍အိပ်လိုက်မိသည်။ အိပ်ပျော်သွားပြီး မနက်မိုးလင်းတာနဲ့ နင့်နာမည်ကိုပါ တစ်ခါတည်းမေ့သွားရင် အကောင်းဆုံးပဲဗျာနော်။ နင်ငါ့အကြောင်း ကောင်းကောင်းကြီးသိလာမှာပါလေ။

❀ ❀ ❀





ရင်ခုန်သံဆိုတာ အမြဲစည်းချက်ညီနေတတ်တာမဟုတ်ဘူး။ တစ်ခါတလေတော့ လှုပ်ရှားမှုမြန်ဆန်စွာနဲ့ ခုန်ပေါက်မြူးတူးတတ်ပါတယ်။ အဲဒါဟာ အချစ်ကြောင့်ပဲဆိုတာကိုတော့ သိထားဖို့လိုအပ်တာပေါ့…။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

ရေချိုးအပြီးမှာ ဗီရိုဖွင့်၍မဝတ်ဘဲ သိမ်းထားသည့်ကြိုးသိုင်းဂါဝန်လေးကို ထုတ်ဝတ်လိုက်၏။ အပေါ်မှ ဝေ့စကုတ်အတိုကိုထပ်ဝတ်ကာ သူမထွက်လာခဲ့သည်။ ကော်ဖီဝိုင်းမှာ စားနှင့်နေသည့်မမထံမှ တအံ့တသြလေသံထွက်လာ၏။

"ဟဲ့! တစ်ခါမှမဝတ်ဖူးတာတွေ ထုတ်ဝတ်နေပါရောလား။ ဆံပင်တွေစည်းဦးလေ. . . တစ်ခေါင်းလုံးပွနေပြီ"

"ဇာ, အတိုညှပ်တော့မှာ"

"လုပ်ပြန်ပြီ. . . ပြီးမှနှစ်ယောက်သား ပူညံပူညံရန်ဖြစ်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြားရဦးမယ်"

"မကြားစေရဘူး စိတ်ချ. . . သူကိုမှား ဂရုမစိုက်ပေါင်"

မမကပြောပြန်ပြီဟု အဓိပ္ပာယ်ရသည့်မျက်စောင်းဖြင့်ထိုး ကြည့်လိုက်တာကို မသိချင်ယောင်ဆောင်လျက် ကော်ဖီနှင့်မုန့်ကို ခပ်သွက်သွက်စားကာ ထွက်လာခဲ့၏။

ဖိနပ်စင်ပေါ်မှ ကြိုးသိုင်းအမြင့်မျိုးစုံကိုကြည့်ကာ သက် ပြင်းကိုကျိတ်ချလိုက်မိသည်။ အောက်ဆုံးထပ်မှာ ဖုန်တင်နေပြီဖြစ် သည့် လက်နှစ်လုံးထုရှိသည့်ကတ္တီပါဖိနပ်ကိုသာ ဖုန်ခါ၍စီးလိုက် ပါ၏။ မလိုက်ဖူးဟု မည်သူကန့်ကွက်ဦးမည်နည်း။ I don't care ပဲ။ ဒီနေ့မှစ၍ ဆန္ဒကျင်ဘက်တွေကိုသာ သူမ လုပ်တော့မည်ဟု ဆုံးဖြတ်ထားပြီးပြီ။

တိုက်လှေကားထစ်တွေကို ခပ်သွက်သွက်ဆင်းလာခဲ့သည်။ Beauty Parlour က နှစ်လမ်းကျော်မှာရှိသည်မို့ ကားမစီးတော့ဘဲ လမ်းသာလျှောက်လာခဲ့၏။ မနက်စောစောပိုင်းမို့ ဆိုင်မှာ လူရှင်း နေပါသည်။

"ဟယ်! ဇာလေးလာတယ်။ ဘာလဲ. . . ဆံပင်ဖြောင့်ဦး မှာလားသမီး"





"မဟုတ်ဘူးမဝါ. . . အတိုညှပ်မလို့"

"ဟောကြည့်. . . ဟိုတစ်ယောက်နဲ့ စိတ်ကောက်ပြန်ပြီ လား။ တော်ကြာညှပ်ရကောင်းလားဆိုပြီး ရန်လုပ်နေဦးမယ်နော်"

"ဇာ့ခေါင်း ဇာပိုင်တာပဲ မဝါရဲ့။ သူ့အပူ မပါပါဘူး။ ဇာ့ စိတ်နဲ့ဇာ့ကိုယ် လုပ်ချင်ရာလုပ်မှာပဲ"

"အေးပါ. . . တော်ကြာမှ အရှည်ပြန်လုပ်ပေးလို့ ဂျစ်လို့ မရဘူးနော်. . . ထိုင်"

သူမနှာခေါင်းရှုံ့ပြလိုက်ပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါ၏။ လက်ပတ်နာရီကိုကြည့်လိုက်တော့ (၉) နာရီသာရှိသေးသည်မို့ ရုံး ချိန်တော့ နည်းနည်းနောက်ကျမည်။ ကိစ္စမရှိပါ။ သူမအလုပ်ချိန် က အမြဲမှန်တာမဟုတ်။ ပင်ပန်းလျှင်ပင်ပန်းသလို နားချိန်သီးသန့် ရတာမဟုတ်လား။ boss အန်တီမာရီကလည်း မနေ့က သူမ မိုး ချုပ်မှန်းသိထားတာမို့ အပြစ်တင်မှာမဟုတ်ပေ။ သူမခေါင်းကို ကိုင်နေကျကောင်မလေးရှယ်လီကပင် လာညှပ်ပေးပါ၏။

"ဘာပုံလဲ မဇာ"

"အတိုဆုံး. . . အကာပ်ဆုံး"

"ဟင်! ဒါဆို မဇာက ပိုပြီးကလေးလေးနဲ့တူသွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ညှက်စိလေးကို"

"စကားများလိုက်တာဟယ်. . . ညှပ်ပါဆိုနေမှ ဘာပုံပဲ ဖြစ်ဖြစ် ကြိုက်သလိုသာလုပ်။ ကလေးမသာပုံပေါက်လေ, ရည်းစား စာလိုက်ပေးတာခံရဖို့ ပိုနီးလေပဲ"

"ဩော်. . . ဟိဟိ. . . ဘာလဲ မဇာအသစ်ရှာတော့မလို့ လား"

"အေး"

"အဲဒီလိုတော့မလုပ်ပါနဲ့ မဇာရဲ့။ ကိုစျာန်သနားပါတယ်။ ဒီလောက်ချော့တဲ့ကောင်လေးကို"

"နင်ကြိုက်ရင်နင်ယူလိုက်ဟယ်. . . ကဲ"

"သူက ရှယ်လို့ကိုမှမကြိုက်တာ မဇာရဲ့"

"ဩော်. . . ဒီမှာတစ်ပတ်တစ်ခါ ခေါင်းလာလျှော်နေတာ ပဲဟာ၊ ဇာတ်လမ်းထွင်ပေါ့။ ငါ သူ့ကိုစွန့်လွှတ်လိုက်ပြီ"

"ဟင်! တကယ်ကြီးလား, မယုံပေါင်။ မဇာက 'R ဇာနည် ရဲ့သီချင်းထဲကလို စိတ်ကောက်ရင် သုံးမိနစ်ပဲကြာတတ်တာကို များ. . ."

"ဟင်. . . တကယ်ပါဆိုနေမှ အထွန့်တက်နေပြန်ပြီ။ မြန်





မြန်လေးလုပ်. . . ပြီးရင် ငါ့ဖိနပ်ဆိုင်ဝင်ဦးမှာ"

"ဒေါက်မြင့်သွားရှာဦးမှာလား"

"မရှာပါဘူး. . . ဒီနေ့ကစပြီး သူ့စိတ်ကြိုက်ဆင်ထားသမျှ တွေအားလုံးစွန့်မှာ။ တကယ့် free ပဲ။ ငါ့မှာဘာနှောင်ကြိုးမှမရှိ"

သူမပြောနေတာတွေကို ဘီးတွေဆံညှပ်တွေဆေးကြော၍ ခွက်တွေထဲလိုက်ထည့်နေသည့်ကြည်ပြာပါ ကြားသွားလေ၏။

"ဟယ်. . . မဇာ အဲဒါဆို ဟိုတစ်ခါ မဇာဝတ်လာတဲ့ကြိုးသိုင်းအနီလေး သမီးကိုပေးနော်"

"အံ့မယ်! ငါတောင်မှ မတောင်းရသေးဘူး။ သူက အရင် စတောင်းနေပြန်ပြီ"

"မလီက အနီမုန်းတယ်ဆိုပြီး"

"ဟဲ့. . . စကားမများနဲ့၊ ပေးမယ်စိတ်ချ။ ရှယ်လို့ကို ဟို အနက်လေးပေးမယ်။ ညနေဆိုင်ပိတ်တော့ လာဝင်ယူချည်"

"တကယ်နော်"

"တကယ်ပါဆိုမှ"

ကောင်မလေးနှစ်ယောက် သဘောကျစွာရယ်မောလိုက် လေ၏။ လိုချင်တာရမည်မို့ စေတနာတွေပိုဘားကာ သူမမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လိုက်ဖက်မည့် ဆံပင်တိုလေးကို ခပ်မြန်မြန်လေး ညှပ်ပေးလိုက်လေသည်။

ဟဲ. . . ဘယ့်နှယ့်ရှိစ။ ဒီပုံစံဆို သူမကို မည်သူက အသက်နှစ်ဆယ်လို့ယုံကြမှာလဲ။ အလွန်ဆုံး (၁၆/၁၇) လောက်သာ ထင်ကြမှာလေ။ ညှပ်ခရှင်းပြီး ခြေလှမ်းသွက်သွက်ဖြင့် မှန်တံခါးကိုတွန်းဖွင့်၍ ဆိုင်ပြင်သို့ထွက်လာခဲ့သည်။

ဖိနပ်ဆိုင်တွေက ဟိုဘက်ဘလောက်မှာရှိသည်မို့ လူကူးမျဉ်းကြားမှ ကားလမ်းကိုကူးရန် ပလက်ဖောင်းမှဆင်းလိုက်၏။

"ဟယ်! "

ထောက်ခနဲပြတ်သွားသည့်ကတ္တီပါဖိနပ်ကို ငုံ့ကြည့်ရင်းဖြန်းခနဲရဲတက်လာကာ မျက်နှာတစ်ခုလုံးထူပူသွားစဉ် ကားတစ်စီးက သူမဘေးမှာ ကျွီခနဲထိုးရပ်သွားလေ၏။

"တီ"

ဘုရားရေ. . . လမ်းလယ်ခေါင်မှာ ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်မျက်ဝန်းတို့ဖြင့်သာ အငေးသားရပ်နေမိသည်။ ဟဲ. . . ဘယ်လိုလုပ်မလဲ။ ဘာမှမဆုံးဖြတ်ရသေးခင် ကားတံခါးဖွင့်၍ လူတစ်ယောက်ဆင်းလာလေ၏။





"ဘာဖြစ်လို့လဲဟင်"

အားပါးပါး. . . အရပ်ကြီးက မြင့်လိုက်တာနော်။ ချောန်မြင့်တယ်ဆိုတာ ဖျင်းတောင်ဖျင်းသေး။ သူ့ပုံစံက ခန့်ထည်ကာယောကျ်ားပီပီသသဖြင့်လွင့်နေတာ။

"ဟော့! ချာတိတ်"

"ဟို. . . ဟို"

သူမအယောင်ယောင်အမှားမှားဖြင့် ခြေထောက်ကိုလက်ညှိုးထိုးပြလိုက်မိတော့ သူကခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

"ဖိနပ်ပြတ်သွားလို့လား။ ချွတ်လိုက်လေ. . . မြန်မြန်"

"ဟင်! "

"လာလှာ. . . ကားပေါ်တက်။ ဒုက္ခပါပဲ. . . ကားရှင်းနေလို့ပေါ့။ လမ်းလယ်ခေါင်ကြီး ကားတိုက်ခံရတော့မှာပဲ"

သူမလက်မောင်းကိုဆွဲကိုင်၍ တံခါးဖွင့်တက်ခိုင်းတော့ ထူပူနေရာမှ ရင်ခုန်သံတွေ တဒိတ်ဒိတ်ခုန်ပေါက်လာရ၏။ တစ်ကိုယ်လုံးရှိန်းတိန်းဖိန်းတိန်းဖြင့် ဘယ်လိုခံစားနေရမှန်းမသိ။ သူကကားကိုစက်နှိုး၍ တစ်လမ်းကျော်ကိုကွေ့ရန် အချက်ပြမီးဖွင့်၍ ကွေ့ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးဖိနပ်ဆိုင်တစ်ဆိုင်ရှေ့ ခပ်လှမ်းလှမ်းအကွာမှာ ကားကိုစက်သပ်၍ရပ်လိုက်ကာ တံခါးဖွင့်ဆင်းသွားလေသည်။

ဟင်. . . နံပါတ်မမေး၊ ဘာမမေးဘဲနဲ့ ဘယ်လိုသွားဝယ်မှာလဲမသိ။ ခဏအကြာမှာ ဘူးတစ်ခုနှင့်အတူ သူမန့်ဘေးသို့ပြန်ရောက်လာလေ၏။

"ဆင်းလိုက်လေ. . . ရော့. . . စီးကြည့်လိုက်။ မတော်ရင်ပြန်လဲလို့ရတယ်"

"အားနာလိုက်တာ"

"ဘာမှမဖြစ်ဘူး"

သူက ဘူးထဲမှဖိနပ်ကိုထုတ်၍ သူမခြေထောက်ရှေ့မှာချပေးလိုက်လေ၏။

"ကန်တော့. . . ကန်တော့ပါနော်"

"ရပါတယ်"

သူမ, ကွင်းထိုးနောက်ကြိုးသိုင်းလေးပါသည့် ဖိနပ်အဖြူလေးကိုဝတ်လိုက်တော့ သူက ကြိုးရှိနှိပ်စိလေးကို ဖျတ်ခနဲငုံ့၍နှိပ်ပေးလိုက်သဖြင့် သူမမျက်နှာ ဖြန်းခနဲရဲတက်သွားရလေသည်။

"OK ပဲ. . . ရပြီမဟုတ်လား။ လာ. . . တစ်ခုခုသောက်





လိုက်။ မင်း ရင်တွေတုန်နေပြီမဟုတ်လား။ ဒါမှအကြောက်ပြေသွားမှာ"

သူမ,ဘာမှမပြောရခင် သူကရှေ့မှဦးဆောင်၍ ဆိုင်တစ်ဆိုင်ထဲသို့ဝင်သွားသဖြင့် သူမ ခပ်မြန်မြန်လေးလိုက်လာခဲ့မိသည်။

ဒုက္ခပါပဲ. . . ခုမှတွေ့ဖူးတဲ့လူတစ်ယောက်နောက်ကို သူမဒီလိုလိုက်စရာလား။ ထောင့်နားကျကျမှာ နေရာယူလိုက်ပြီး သူမထိုင်နိုင်ရန် ခုံကိုအဆင်သင့်ဆွဲထုတ်ပေးလိုက်လေ၏။

"ဒိုမိနိုနှစ်ခွက်ပေးပါ ညီ"

"ဟုတ်ကဲ့ခင်ဗျ"

အဲ. . . မနက်အစောကြီးကို အအေးသောက်စရာလား။ မနက်ကပဲ ကော်ဖီတွေမုန့်တွေစားလာခဲ့တာ။ ဗိုက်ထဲမှာစစ်ပွဲတွေဖြစ်တော့မှာပဲ။

"ဒီအချိန် ဒါမသောက်ရဘူး. . . ပညတ်ထားတာမျိုးမရှိပါဘူးချာတိတ်ရဲ့။ မင်းရဲ့ပူသွားတဲ့ရင်ထဲကို အေးစေလိုတဲ့စေတနာနဲ့တိုက်တာ. . . သောက်"

ကဲ. . . ပြောကိုမပြောချင်တော့ဘူး။ ခါတိုင်းပေါက်ပေါက်လော်ကာ ရေပက်မဝင်ပြောတတ်တဲ့စကားလုံးတွေ ဘယ်ဆီကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးကုန်ပြီလဲ။ စိတ်ထဲပေါ်လာသမျှတွေကို သူအလိုလိုသိနေတာ ဘာကြောင့်များပါလိမ့်။

"ဘယ်မှာသင်တန်းတက်နေတာလဲ"

"ဟင့်အင်း"

သစ်သီးကုံးလေးတွေကို ရွှန်းဖြင့်ခပ်စားလျက်မှ သူမပြုံးလိုက်မိ၏။ စပြီ. . .။ သူမကိုချာတိတ်မပေါက်စလေးလို့ထင်တဲ့လူနဲ့စတွေ့ပြီမဟုတ်ပါလား။

"ဇာ, အလုပ်သွားရမှာ"

"ဟုတ်လား. . . ကျောင်းမနေဘူးလား"

"ဇာ, ဘွဲ့ယူပြီးပြီရှင့်။ အသက် ၂၀ ရှိပြီ"

"ဩော်"

သူကအံ့ဩသလိုတစ်ချက်ဖြစ်သွားပြီး ပြုံးလိုက်ပါ၏။ မှန်ချပ်ဆီးညိုရောင်တွေ ကာထားတာတောင်မှ အခန်းထဲမှာ သူ၏အသားရောင်က ဖြူဝင်းနေသည်မှာ မနာလိုချင်စရာ။

ကြည့်ပါဦး. . . သူမအသားကစိုမည်းလျက် ကုလားမလေးဖြစ်နေပြီမဟုတ်ပါလား။

"ကိုယ်လိုက်ပို့ပေးဖို့လိုလား"





"ဟင့်အင်း. . . ရပါတယ်။ ဇာ့ဘာသာပဲ ဇာသွားပါမယ်။ ကျေးဇူးတင်လိုက်တာနော်။ ဖိနပ်ဖိုးဘယ်လောက်ပေးရမလဲဟင်"

"နေပါစေ. . . ကိစ္စမရှိဘူး"

"ဖိနပ်ဖိုးလောက်တော့ ဇာ့မှာ ပါပါတယ်ရှင့်။ အိတ်ထဲမှာ အမြဲနှစ်သောင်းဝန်းကျင်လောက် ပါစမြဲပါ"

"ရိုက်မစစ်ဘဲပြောတာ နှစ်ခါရှိပြီနော် ချာတိတ်။ တကယ်လို့ ကိုယ်ကလူဆိုးလူမိုက်ဖြစ်နေရင် မင်းဒုက္ခရောက်သွားမှာမစိုးရိမ်ဘူးလား"

"ဟင်. . . ဇာ, လူကဲခတ်ဒီလောက်မညံ့ပါဘူး"

"သဘောပြောတာပါကွ။ ကဲ. . . ပြီးရင်သွားကြစို့။ ဟိတ်! ရွှတ်. . . ရွှတ်. . . ရှင်းမယ်"

သူက အအေးဖိုးရှင်းပြီး ရှေ့မှလျှောက်ကာ ကားပေါ်သို့ မတက်ခင် သူမကိုလက်တစ်ဖက်ထောင်ပြလိုက်ပြီး ကားကိုမောင်းထွက်သွားတော့သည်။

ဘယ်လိုလူပါလဲ။ နာမည်လည်း မမေးလိုက်ရ။ ထားပါတော့လေ. . . ခဏတစ်ဖြုတ်လေးတွေ့လိုက်ရလို့ ကူညီလိုက်တာထင်ပါရဲ့။ ဒါပေမဲ့. . . သူမစိတ်ထဲမှာတော့ မှတ်မှတ်ရရရှိသွားတာ



www.burmeseclassic.com

www.burmeseclassic.com



တော့အမှန်ပါလေ။ ခေါင်းကိုခပ်ဖြည်းဖြည်းယမ်းလိုက်ပြီး ကုမ္ပဏီ ရှိရာဆီ ခြေလှမ်းစလိုက်၏။

"လှလိုက်တာဇာရယ်. . . fashion သစ်တွေထွင်လာတာပေါ့လေ။ ဟဲ့. . . ဖိနပ်က Design သစ်ပါလား။ ဒါ, ငါ ဟိုလကပဲ. ဈေးမေးလာတဲ့ဟာမျိုး။ နင်ဘယ်လောက်ပေးခဲ့ရသလဲ"

"မသိဘူး"

"အမယ်. . . ဘဲဘဲဝယ်ပေးတာပေါ့လေ။ ဟင်း. . . ဒီကောင်က နင်မခံချင်အောင်သာ ဆွဆွနေတာ၊ ပိုက်အဆန်းလေး တွေ့ရင် သူကအရင်မြင်ပြီး ဝယ်ပေးတော့တာပဲ"

"သူဝယ်ပေးတာမဟုတ်ပါဘူး"

"ဒါဖြင့် မမလား. . . မဖြစ်နိုင်ပါဘူး။ ဒါ ထိုင်ဝမ်ကဝင်တာဟဲ့။ တစ်ရန်ကို သုံးသောင်းခွဲရှိတာ"

"ဟင်! "

သူမ, မျက်လုံးအစုံပြူးသွားရ၏။ အမယ်လေးလေ. . . ဒီလောက်ဈေးကြီးတာလောက်တော့ ဝယ်မစီးချင်ပါဘူး။ သူမဝယ်စီးသလောက် ဖိနပ်တို့က နှစ်သောင်းအတွင်းမှာသာ။ ဒါတောင် ဈာန်ဝယ်ပေးတာက ခပ်များများ။ အဖြူရောင်ကြိုးသိုင်းဖိနပ်ပါးလေး





ကိုင့်ကြည့်ရင်း ငိုင်သွား၏။ ဒီလောက်တောင်မှ ရက်ရောလှချည်လားဟု စိတ်ထဲမှာတွေးနေမိသည်။

"နင်ရောက်ရင်. . . လာခဲ့လို့ အန်တီမှာထားတယ်။ သွားလိုက်ဦး"

"အင်း"

သူငယ်ချင်းဖြစ်သူမေဇင်ကို မပွင့်တပွင့်ပြောလိုက်ပြီးလျှင် အန်တီ့ရုံးခန်းကို တံခါးနှစ်ချက်ဆင့်ခေါက်၍ အသံပေးလိုက်ကာ ဝင်ခဲ့၏။

"အလုပ်ကတော့ ဆက်နေတာပဲသမီးရယ်။ ( )လမ်းမှာ တစ်လုံးရထားတယ်။ တိုက်ရော၊ ခြံရော အကုန်ပေါ့။ Decoration ဆင်ဖို့ရှိတယ်။ ပန်းအိုးတွေကအစ အကုန်စီမံပေးရမှာ။ သမီးစိတ်ကြိုက်စီမံရုံပဲ။ ပိုင်ရှင်က ယောကျ်ားဆိုတော့ အလှအပသိပ်မကြည့်တတ်ဘူး။ နည်းနည်းမျက်စိပသာဒဖြစ်မယ်ဆိုရင်တော်ပြီတဲ့။ ကြိုက်သလောက်ကုန်ချင်ကုန်ဆိုပြီး အပ်သွားတာ"

"ဇာ, ဘယ်သူ့ကိုခေါ်သွားရမှာလဲအန်တီ"

"ခြံကိုပဲ သမီးအရင်သွားကြည့်လေ။ မနက်ဖြန်ဖြစ်ဖြစ်ပေါ့။ မနေ့က ညဦးနက်သွားတော့ ဒီနေ့နားနားနေနေ ရုံးမှာပဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦး။ ပစ္စည်းတွေဝယ်ပြုဆင်မှ မေဇင်ရော၊ အဖွဲ့ကိုပါခေါ်လေ. . . ဖြစ်မလား"

"ဖြစ်ပါတယ်အန်တီ. . . တိုက်က, လူနေပြီလား"

"မနေသေးဘူး. . . ကြည့်ရတာ သံရုံးတို့ဘာတို့လို foreigner တွေကိုပဲ နှစ်ချုပ်နဲ့ငှားစားမှာပဲထင်ပါရဲ့။ တိုက်က တခမ်းတနား ဆောက်ထားတာ"

"သြော်. . . ဒါဖြင့် ဇာက ခြံပြင်ကပဲကြည့်ပြီးပြန်ခဲ့ရမှာလား"

"မဟုတ်ဘူး. . . ခြံသော့ရော၊ အိမ်သော့ပါ သူပေးထားတယ်။ မနက်ဖြန်သွားတော့မှ မေဇင့်ဆီက ထုတ်ယူသွားလေ"

"ဟုတ်ကဲ့အန်တီ။ ဒါဖြင့် ဇာစာရင်းတွေပြန်စစ်ဦးမယ်"

"အေးအေး. . ."

သူမ Hall ခန်းထဲရှိစားပွဲခုံကိုပြန်လာပြီး ထိုင်၍အလုပ်ထဲ စိတ်နှစ်လိုက်ရသည်။ အာရုံမှာပေါ်လာသည့် အရပ်မြင့်မြင့်လူတစ်ယောက်နှင့် ဈေးကြီးသည့်ဖိနပ်တစ်ရန်အကြောင်းကတော့ ဘယ်လိုမှမေ့မရပါချေ။

❀ ❀ ❀





မျက်ဝန်းတွေထဲကနေ ရင်တွင်းကိုထိုးဖောက်မြင်တွေ့နိုင်ရင် 'ဇာ့'မျက်လုံးတွေကို မှိတ်ထားလိုက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'ဇာ'က ညာတတ်တဲ့လူမဟုတ်ပေမယ့် ရင်ထဲကလျှို့ဝှက်ချက်ကိုတော့ သူသိသွားမှာကိုစိုးရိမ်လို့ပါလေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ဒီလောက်ဈေးကြီးတာကို ယူလာရသလား။ တော်ကြာ နင့်ကိုတစ်မျိုးထင်နေဦးမယ်"

"ဇာလည်းမပြောတတ်တော့ပါဘူး မမရယ်။ ဒါပေမဲ့ သူနဲ့ တွေ့ရင်တော့ မိနှပ်ဖိုးငွေ, ရှင်းပေးလိုက်မှာပါ"

"ဟဲ့. . . နင်က ဒီငွေကို နေ့စဉ်သယ်သွားမှာလား။ သူနဲ့ ဘယ်နေရာဘယ်နေ့ ဆုံမှာမှန်းမသိ၊ မသေချာဘဲနဲ့"

"ဒီတစ်ခါတွေ့ရင်တော့ သူ့လိပ်စာတစ်ခုခုကိုမေးထား လိုက်မှာပေါ့မမရဲ့။ ပြီးမှသွားပို့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်ဦး. . . တော်ကြာ သူမိန်းမသိရင် နှာကစ်နေမှဒုက္ခ"

သူမမျက်နှာရှုံ့တွသွားရ၏။ ဟုတ်သားပဲ. . . ဒီလောက်တည်တည်ငြိမ်ငြိမ်ရှိတာမို့ အိမ်ထောင်သည်လည်းဖြစ်နိုင်တာပဲ။ ကျွန်မလို မိန်းကလေးလှလှတွေ့တာနဲ့ မရောတတ်တာကိုတ အမှတ်တွေသာနေတာမို့ သူမ, နှမြောသလိုလိုဖြစ်သွားရ၏။

"ဇာနော်. . . ကျွန်မကိုရွဲ့ပြီး နင် ပေါက်ကရလူနဲ့ကောက်တွဲမယ်မကြံနဲ့။ နောက်မှမရှုနိုင်မကယ်နိုင်တွေဖြစ်မှရှုပ်ကုန်မယ်"

"မမကလည်း ဇာ့ကိုပြောရော့မယ်"

"သိနိုင်ဘူးလေ. . . နင်က ဟိုကောင်လေးနဲ့ပြတ်ပြီဆိုပြီး ကြေငြာထားတော့ ငါလည်းလန့်နေတာပေါ့။ ကိုအောင်သိရင် စိတ်ကောင်းမှာမဟုတ်ဘူး"

"မမလူက တည်ငြိမ်တယ်လေ။ ဒင်းလိုမှမဟုတ်ဘဲ။ ညီအစ်ကိုဝမ်းကွဲသာတော်တယ်ပြောတာ။ စရိုက်က တခြားစီပဲ"

"ဩော်. . . သူ့ဗီဇနဲ့သူလာတာပါဆိုနေမှ။ ကျွန်မက နင့်အပေါ် အကျိုးစားသန်တာပါဇာရယ်။ စိတ်ရင်းလေး ကောင်းရှာပါတယ်"





"ဘာလဲ. . . မမတို့နှစ်ယောက်ကို မြားနတ်မောင်လုပ်ပေးထားလို့ ရှေ့နေလိုက်ပေးနေတာလား။ ဇာကတော့ sorry ပဲနော်"

မမက သက်ပြင်းချလိုက်လေ၏။ ကျောင်းဆက်တက်၍ M.Sc ယူမှာမို့ ကျူတာအလုပ်နှင့် မမပုံစံလေးက လိုက်ဖက်မှာပါလေ။ သူမကတော့ ဘွဲ့ယူပြီးသည်နှင့် သူငယ်ချင်းမေဇင်နှင့် နှစ်ဦးသား အလုပ်အတူသွားလျှောက်ပြီးရခဲ့ကြတာ။ သွက်သွက်လက်လက်ချက်ချက်ချာချာလေးတွေမို့ အန်တီကလည်း သဘောကျပြီး ခန့်ပေးလိုက်တာပင်။ မေဇင်က စာရင်းဇယားနိုင်ပြီး သူမက computer Graphic Design လည်း ကျွမ်းကျင်သလို နဂိုကတည်းက အိမ်တွေဘာတွေကိုအလှဆင်ရတာလည်း ဝါသနာပါတာမို့ တစ်ယောက်တစ်နေရာစီရခဲ့တာပင်။

သူမအလုပ်က ပိုပြီးအမိကျသလို ပင်လည်းပင်ပန်းတာမို့ လစာလည်းပိုရပါသည်။ ဒီလို outdoor ထွက်လျှင် အန်တီက taxi ဖိုး၊ မုန့်ဖိုးအပြင် Tip money သတ်သတ်ပေးသေးတာမို့ သူမတစ်လ,လစာက တစ်သိန်းမှတစ်သိန်းခွဲအတွင်းရှိပါ၏။

ဒီလိုအလုပ်ကို လိုချင်သူတွေများမှန်းသိပါသည်။ အန်တီက ဝန်ထမ်းနည်းနည်းသာခန့်၍ ဒီကုမ္ပဏီလေးကိုထောင်ထား တာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ဆယ့်နှစ်ယောက်သာရှိသည့်ဝန်ထမ်းတွေက တာဝန်လည်းကျေ၊ မိသားစုလိုတရင်းတနှီးလည်းရှိကြပါ၏။

အားလုံးထဲမှာ သူမနှင့်မေဇင်က လစာအကောင်းဆုံးဖြစ်သည်။ မကောင်းလို့လည်းဖြစ်မလား. . . တက်ခဲ့ရသည့်သင်တန်းပေါင်းစုံက ငွေကုန်ခဲ့ရတာမနည်းမနော။ သူမကလည်း အလုပ်ကို စိတ်ပါလက်ပါခွဲနှစ်၍လုပ်တတ်သည်မို့ အန်တီက အားအထားရဆုံး။ ဥပမာ တိုက်တစ်လုံးကို နှစ်ပတ်အတွင်း အပြီးပြင်ဆင်ပါက ဆယ်ရက်နှင့်ပြတ်အောင် သူမဆင်တတ်သည်။ တော်တော်ညဉ့်နက်သည်အထိ ကိုယ်တိုင်ကိုယ်ကျဝင်လုပ်ရမှ ကျေနပ်သည်ကိုး။

"နင်သွားကြည့်တဲ့တိုက်လေး ဘယ်လိုလဲ"

"ဘယ်ကတိုက်လေးရမှာလဲ မမရဲ့။ တိုက်ကြီး. . . လှတာတော့ တော်တော်လှတာ။ ရေကန်လေးလည်းပါတယ်။ အိမ်က ဟိုတစ်ဖက်ဒီတစ်ဖက် ဝရန်တာလေးတွေထုတ်ထားတာ သိပ်မိတာပဲ။ ပုံစံက ဥရောပ style လေ။ ဆောက်ပေးတဲ့အင်ဂျင်နီယာ တော်တော့်ကိုတော်တာ။ အနုပညာမျက်စိအများကြီးရှိတယ်"

"ဆေးသုတ်ပြီးပြီလား"

"ဟင့်အင်း. . . ဒါကြောင့် ဇာတို့ Excellent Decoration ကိုဆက်သွယ်တာပေါ့မမရဲ့"





"နင့်အကြိုက်ပေါ့လေ"

သူမပြုံးလိုက်ပြီး ဆံပင်တိုတိုကို နှစ်ချက်မျှသပ်တင်ကာ file ကိုပိုက်၍ ဖိနပ်ကိုလှမ်းယူလိုက်ပါ၏။ ခက်တာပဲ. . . ဒီဖိနပ်ဖြူလေးက အသားလေးအိပြီး ဝတ်ရတာပေါ့ပါးသည်မို့ လက်က အလိုလိုရောက်သွားပြန်သည်။

"ဒါပဲစီးဦးမှာလား. . . နင့်မှာ ဖိနပ်တွေဒီလောက်များနေတာ ဒီလောက်ဈေးကြီးတဲ့ဟာကို"

"တတ်နိုင်ဘူး. . . ဒီဖိနပ်စီးပြီးကတည်းက ဒါပဲစီးချင်နေတော့တာ။ နောက်ဆို ဒါမျိုးပဲ ဇာဝယ်စီးတော့မယ်။ ဇာသွားပြီမမ။ အန်တီလေး ဈေးကပြန်လာရင် ပြောလိုက်ဦးနော်။ ဇာ့အတွက် တကူးတကတွေလျှောက်ချက်မထားနဲ့လို့။ အသီးအရွက်ကြော်တစ်ခွက်ဆို ဇာ,စားတတ်တယ်"

"အေးပါ"

သူမ တံခါးကိုဖွင့်၍ တိုက်အောက်သို့ဆင်းလာခဲ့၏။ ဒီနေ့အလုပ်စပြီမို့ ဟိုဝင်ဒီထွက်တွေလုပ်လျှင် အဆင်ပြေမည့် Quater Pants နှင့် T - shirt ဖြူကိုသာဝတ်ခဲ့၏။ ကျောပိုးအိတ်အနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင့် ဦးထုပ်လျှာထိုးလေးနှင့်မို့ ဆယ်တန်းကျောင်းသူလို့ထင်ကြဦးမလား။ တိုက်တွေခြံတွေကို လှတပတဆင်တတ်ပါလျက် သူမကိုယ်သူမကျတော့ ဘာမှမပြင်တတ်မဆင်တတ်တာ ဘာကြောင့်ပါလိမ့်။ ပြင်ရအောင်လည်း သူမက နဂိုမရှိသူမို့ နဂိုင်းက တယ်မထွက်လှ။ ကုမ္ပဏီရောက်တော့ ဆေးသုတ်ဝန်ထမ်းသုံးဦးနှင့်အတူ Taxi ငှားလျက် အလုပ်ဆင်းရမည့်တိုက်ဆီသို့ ချီတက်လာခဲ့သည်။

Taxi ပေါ်မှဆင်း၍ ကားခရှင်းပေးလိုက်ပါ၏။ ဘောင်းဘီအိတ်နောက်ဘက်ထဲထည့်လာသည့်သော့တွဲလေးကိုနှိုက်၍ သံချွန်ခြံတံခါးကို အရင်ဖွင့်လိုက်သည်။ ခြံထဲရှိမြက်ပင်တွေက အတော့်ကိုရှည်နေပေပြီ။ မြက်ရိတ်စက်ဖြင့် ရိပ်ခိုင်းဦးမှပါပဲ။ လောလောဆယ် အိမ်ထဲမှာ ဆေးအရင်သုတ်ဖို့လိုတာမို့ အိမ်တံခါးမသော့ကိုပင်ဖွင့်လိုက်၏။ အိမ်ထဲမှာ အခန်းဖွဲ့ထားတာ၊ လှေကားအနေအထား၊ ပွတ်လုံးများ၊ ဧည့်ခန်းအထားအသိုကအစ အဆင့်မီမီ၊ ခေတ်မီမီ၊ မီးဖိုခန်းကို လှေကားထစ်လေးသုံးထစ်နင်း၍ဆင်းပြီးမှရောက်ရတာကို သူမအနှစ်သက်ဆုံး။ ပါကေးကြမ်းခင်းတွေခင်းပြီးသားမို့ အိမ်ကအတော့်ကိုသပ်ရပ်နေပါ၏။

"မဇာ"





"ဗျ"

"ဒီမှာ အိမ်ရှင်ရောက်နေပြီ"

"လာပြီ"

မီးဖိုဆောင်ထဲလျှောက်ကြည့်နေရာမှ သူမဧည့်ခန်းဆီပြန်လျှောက်လာခဲ့၏။ ဧည့်ခန်းက ထောင့်ချိုးဆန်ဆန်လေးတည်ထားတာမို့ ခြေလှမ်းကိုချိုးလိုက်စဉ် လူတစ်ယောက်နှင့်ပက်ပင်းတိုးသွားရသည်။

"ဟော! "

သူ့နှုတ်မှအာမေဋိတ်သံကြောင့် သူမအလန့်တကြားလန့်အော်မိသွားရ၏။ ဘုရားရေ. . . သူနဲ့ပြန်ဆုံပြန်ပါရောလား။

"ဟောဗျာ. . . အလုပ်ခေါင်းဆောင်ဆိုလို့. . . ကိုယ်က အသက်အနေတော်အမျိုးသားထင်နေတာ။ ခုတော့ ချာတိတ်လေးက လာပြင်ပေးတာပေါ့လေ"

"အံမယ်. . . ဇာလုပ်လာတာ. . . တိုက်ပေါင်း လက်ဆယ်ချောင်းရှိပြီရှင့်"

သူမက လက်ဆယ်ချောင်းထောင်ပြလျက် ရန်တွေ့သလိုပြောလိုက်တော့ သူက ခပ်ပြုံးပြုံးဖြင့်ခေါင်းညိတ်လိုက်လေ၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ပုံစံလေးကို သဘောကျသလို ဖျတ်ခနဲကြည့်လိုက်ပြီး မျက်နှာလွှဲသွားပါသည်။

"အခုဆေးသုတ်တော့မလို့လား"

"ဟုတ်ကဲ့"

"ဘာရောင်သုတ်ဖို့အစီအစဉ်ရှိသလဲ"

"လူကြီးမင်းပဲ ကုမ္ပဏီစိတ်ကြိုက်အရောင်သုံးဆို"

သူက သူမသုံးနှုန်းလိုက်သည့်သညာကိုကြားတော့ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ ကြည့်စမ်း. . . တည်တင်းနေသည့်မျက်နှာပြင်က နူးနယ်သွားသယောင်။ စကားပြောတာလည်း သူမအပေါ်မှာ တရင်းတနှီးရှိတာမို့ အိမ်ထောင်ရှိမရှိ မသိမသာ စုံစမ်းစပ်စုလို့ရနိုင်ကောင်းပါရဲ့။

"ကိုယ့်နာမည် လူကြီးမင်းမှမဟုတ်ဘဲ ချာတိတ်ရဲ့"

"ဒါတော့ ဇာမသိဘူးလေ။ လူကြီးမင်းတောင် ဇာ့ကို ချာတိတ်ချာတိတ်ဆိုပြီး ခပ်နှိမ်နှိမ်ခေါ်နေပြီးတော့"

"ဟင်းဟင်း. . . ကိုယ့်နာမည် ဖုန်းမြင့်ဇော်ပါ"

"ဟုတ်ကဲ့. . . ဇာ့နာမည်က ငွေလှိုင်းဇာခြည်ပါရှင့်"

"တွေ့ရတာ အထိတ်တလန့်နဲ့ချည်းပဲနော်။ လမ်းပေါ်





လည်းလမ်းပေါ်မို့. . . အိမ်ထဲလည်းအိမ်ထဲမို့ပဲ"

သူမ, သူနှင့်အတူ အလိုက်သင့်လေးရယ်မောလိုက်မိ၏။ မဆိုးဘူး. . .။ သူနှင့်စကားပြောရတာ အဆင်လည်းပြေသလို စိတ်ချမ်းသာရတာအမှန်ပင်။

"ပထမတော့ ကိုယ်ဘာမှမပြောဘဲနေတော့မလို့။ ဒါပေမဲ့ ကိုယ်မသုံးစေချင်တဲ့အရောင်ကိုသုံးမိမှာစိုးလို့ အမြန်လိုက်ချလာခဲ့တာ"

"ဘာရောင်လဲ"

"အပြာ"

"ဟင်! "

"ဘာလဲ. . . သုတ်ဖို့ဝယ်လာခဲ့ပြီလား"

"မဟုတ်ပါဘူး. . . လူတိုင်းနီးပါး အိမ်သုတ်တဲ့အရောင်ကို ဦးဖုန်းမြင့်ဇော်က မရွေးလို့ပါ"

"ချာတိတ်က ဘာရောင်သုတ်မှာလဲ"

"အစိမ်းနု"

"အတွင်းရောအပြင်ရောလား"

"ဟုတ်ကဲ့. . . လိုင်းဖော်မယ့်နေရာကို ချောကလက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆေး ညှပ်သုတ်ပေးမယ်။ အိမ်ကလည်း ဗိုလ်ဆန်ဆန်လေးဆိုတော့ ဆေးရောင်လည်း ဗိုလ်ဆန်ဆန်ရွေးလာခဲ့တာ။ ဒါပေမဲ့ ဇာရွေးလာတဲ့အရောင်က အစိမ်းနုနုကြီးမဟုတ်ဘူးနော်။ ဘာရောင်မှန်းအတိအကျပြောလို့မရတဲ့ ကြားရောင်ရှင့်"

"ရှာရှာဖွေဖွေ ဘယ်ကဝယ်လာတာလဲ"

"computer နဲ့အရောင်အစမ်းစပ်ပြီးမှ လက်တွေ့ရောလာတာပါ။ အဖြင့်မှာတော့ သတ်သတ်ကြီးဘယ်ရှိပါ့မလဲ"

သူ့မျက်လုံးများမှ လက်ခနဲအရောင်ထွက်လာလေ၏။

ကဲ. . . နည်းနည်းတော့ သူမအပေါ်မှာ အထင်ကြီးလာလောက်ပါရဲ့။

"ဒီအိမ်ကို ဇာသဘောကျတယ်။ ဇာ့စိတ်ကူးနဲ့အတော့်ကိုနီးစပ်နေတာကိုး။ ဒီအိမ်ဆောက်တဲ့အင်ဂျင်နီယာက တော်တော် Idea ကောင်းတာပဲ။ ဦးဖုန်းမြင့်ဇော် ငှားစားဖို့လား"

"မဟုတ်ပါဘူး"

"ဩော်. . . နေဖို့ပေါ့။ မိသားစုလိုက်ဆိုရင်တော့ နေပျော်ပါတယ်။ အိမ်လေးက ချစ်စရာလည်းကောင်းတယ်။ နေချင့်စဖွယ်လေးလည်း စွဲဆောင်မှုရှိသလိုပဲ"





သူ ခဏမျှငြိမ်သက်သွားလေ၏။ ရော်. . . ခက်ပြီပဲ။ သူမ စကားများမှားသွားလို့လား။ ဒုက္ခပဲ. . . ရင်းနှီးတာမှ ဘာမှမရှိသေးဘူး။ ပြဿနာဖြစ်တာတော့ ဘယ်ကောင်းပါ့မလဲနော်။

"ဦးဖုန်းမြင့်ဇော်"

"ဟင်"

"ဘာဖြစ်သွားတာလဲဟင်။ ဇာပြောတဲ့စကားထဲမှာ အမှားပါသွားလို့လား။ ဒါဆိုရင်တော့ ဇာတောင်းပန်ပါတယ်"

"မဟုတ်ပါဘူး. . . အင်း. . . ဘယ်လိုပြောရမလဲ။ ကိုယ်ဆောက်ခဲ့တုန်းကတော့ မိသားစုလေးတစ်ခု တည်ထောင်မယ့်ရည်ရွယ်ချက်နဲ့ပါပဲ"

"အခုရောဟင်"

"ဟင်းဟင်း. . . ကိုယ့်သတို့သမီးက ပျောက်သွားတယ်ပဲဆိုပါတော့"

ဒီတစ်ခါ သူ့ရယ်သံက အနည်းငယ်ခြောက်ကပ်သွားသလိုပင်။ အင်း. . . အနာကိုမှ ဆွမိသလိုဖြစ်သွားပါရောလား။ နောက်ဆို သူမစကားကို ဆင်ခြင်ခြင်ပြောရတော့မှာပါပဲ။

"ချာတိတ်လို့ခေါ် လို့စိတ်မဆိုးပါနဲ့။ ကိုယ်က တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



ရှိသလိုပဲခံစားရလို့ပါ"

"ရပါတယ်. . . ဇာစိတ်မဆိုးပါဘူး"

"မဇာ. . . ကျွန်တော်တို့ ဘယ်က,စသုတ်ရမှာလဲ"

"Kitchen က စသုတ်ကိုမျိုးရေ. . . သေချာလုပ်နော်။ ျမ်းပေါ်ကို ဆေးစက်လုံးဝမကျစေနဲ့။ တစ်ယောက်ကိုတစ်ကန့် သုတ်။ ဒီနေ့ အိမ်ထဲအောက်ထပ်အပြီးသုတ်ရမယ်"

"ဖြစ်ပါ့မလားချာတိတ်ရဲ့. . . အိမ်ကကျယ်တယ်"

"ပြီးမှာပါ ဦးဖုန်းမြင့်ဇော်ရဲ့။ ည ၈ နာရီ ၉နာရီထိသုတ်ရမှာပေါ့။ မပြီးလည်း ဒီဧည့်ခန်းကို နောက်ရက်မှသုတ်လိုက်မယ်"

သူမက မီးဖိုခန်းထဲ လိုက်လံညွှန်ကြားပြီးမှ အိမ်ရှေ့ပြန်ထွက်လာခဲ့၏။ သူက ခြံထဲမှနေ၍ သူ့အိမ်ကို မော့ကြည့်နေလေသည်။

သူမ, သူ့နားသို့လျှောက်သွားလိုက်ပါ၏။ အင်း. . . တော်ကြာ. . . သူ့ငွေးကိုလိုက်ကပ်နေတယ်လို့ထင်သွားရင်တော့ဒုက္ခပဲ။

"ဦးဖုန်းမြင့်ဇော်"

"ခေါ်ရကာ မမောဘူးလားချာတိတ်ရဲ့"

"ဒါဖြင့် ဇာဘယ်လိုခေါ်ရမလဲ"





"စဉ်းစားပေါ့"

"မနက်ဖြန် ဒီကိုလာဦးမှာလားဟင်"

သူမျက်ခုံးတစ်ဖက်မြင့်တက်သွားပြီး သူမကိုလှည့်ကြည့်လိုက်လေ၏။ ပြဿနာပဲ. . . ပြောချင်တာကတခြား၊ သူက တလွဲတွေးမိပြီထင်ပါရဲ့။

"ဟိုလေ. . . ဇာ, ဦးဖုန်းမြင့်ဇော်ကို ဖိနပ်ဖိုးပြန်ပေးမလို့ပါ"

"နေပါစေချာတိတ်ရဲ့။ မိတ်ဖြစ်ဆွေဖြစ်အမှတ်တရပေါ့"

"အာ. . . ဒီလောက်တန်ဖိုးကြီးတဲ့အရာကို"

"မင်းကြိုက်တယ်မဟုတ်လား"

သူမ, နှစ်ခြိုက်စွာပြုံးလိုက်မိ၏။ အဲဒါတွေ ကွာတာပေါ့။ ဈာန်များ ဘယ်တော့မှ သူမနှင့်အကြိုက်မတူ။ သူကြိုက်သည့် Design ဆို သူမ,မကြိုက်။ သူမကြိုက်သည့် style ဆိုရင်လည်း သူကကန့်ကွက်။ အဲဒီလိုအမြဲဆန့်ကျင်ဘက်ချည်း။

"မင်း ကိုယ့်အိမ်မှာ ဘာကိုသဘောအကျဆုံးလဲ"

"ဝရန်တာလေးတွေထုတ်ထားတာနဲ့ ရေကန်"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဇာက လေညှင်းခံရတာကိုကြိုက်တယ်။ ပြီးတော့ ဝရန်တာမှာထိုင်ပြီး ဂစ်တာတီးရတဲ့ feeling ကို ဘာနဲ့မှမလဲနိုင်ဘူး။ အဟုတ်ပဲ"

"ဟင်းဟင်း. . . မင်း အတော့်ကိုစိတ်ကူးယဉ်တဲ့ချာတိတ်ပဲ။ ကိုယ့်စိတ်ကြိုက်ကိုယ်တိုင်ဆောက်ထားတာကို ခုလိုနှစ်သက်တဲ့အတွက် ကျေးဇူးပဲ"

"ဦးဖုန်းမြင့်ဇော်က B.E ရထားတာလားဟင်"

"ဟုတ်တယ်"

"ဩော်"

ကြည့်ပါဦး. . . ဒီလောက်ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချောလူတစ်ယောက်ကို လက်မထပ်ဘဲ ရှောင်ပြေးတဲ့သတို့သမီးမျိုးလည်း ရှိသေးတာပါလား။ ထိုနေ့က ညနေစောင်းမှ သူပြန်သွားပါလေ၏။ ညဘက်အိမ်ပြန်စဉ်မှာ သူမခေါင်းထဲတွေးမိလိုက်သည်က သူ့ကိုတစ်ခုခုတော့ ပြန်ဝယ်ပေးလိုက်မည်ဟု။

❀ ❀ ❀





ကြိုးတစ်ချောင်းကိုဆွဲဆန့်ကြည့်လိုက်ရင် အစရှိသလိုအဆုံးလည်းရှိမှာပါပဲ။ သူမနှင့်ဗျာနက်တို့ကြားက ကြိုးတစ်ချောင်းကရော... သူမကတော့ တည်းတည်းလေးသာရှိတော့တဲ့နေရာကို တိခနဲဖြတ်ချလိုက်ဖို့ အသင်သင့်ပြင်ဆင်ပြီးနေပေပြီ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

အလုပ်မှပြန်လာပြီး ရေချိုးနေစဉ် အိမ်ရှေ့မှလူခေါ် bell မြည်သံကိုကြားလိုက်ရလေ၏။ (သူမတို့တိုက်ခန်းက အသံမလုံပါ) ပေါ့ပေါ့ပါးပါးဝတ်စုံကိုသာဝတ်၍ သနပ်ခါးရေကျဲလေးကိုသာ လူး လိုက်ပါ၏။ ထမင်းစားခန်းကိုလှမ်းကြည့်လိုက်စဉ် ရင်းနှီးနေသည့် မျက်ဝန်းတစ်စုံနှင့်ဆုံသွားလေသည်။

"ဇာ ဆာရင်စားနှင့်တော့နော်။ ငါနဲ့အန်တီလေး ဖေဖေ့ ကိုစောင့်ပြီးမှစားမယ်။ ဖေဖေ ဒီနေ့မိုးနည်းနည်းချုပ်မယ်တဲ့"

"ဇာလည်း နောက်မှတူတူစားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချာန်နဲ့အဖော်ရအောင် စားလိုက်လေဟယ်"

မမက ထမင်းပွဲပြင်ပြီးသည်နှင့် ညှော်ခန်းဘက်ရှောင်သွားလေ၏။ သူမ ထမင်းစားခန်းဝတ်ခါးဘောင်ကို ကျောမှီ၍ရပ်နေလိုက်သည်။ ချည်သားအကျႌနှင့် ဘောင်းဘီပွပွလေးဝတ်ထားသည်မို့ ကလေးလေးလို စိတ်ကြည်လင်ပါတယ်ဆိုမှ ဒင်းက လာနှောင့်ယှက်ပြန်ပြီ။

"ဘာလာလုပ်တာလဲ"

"ဟင်း. . . တော်ပါသေးရဲ့။ စကားပြောဖော်ရလို့"

"အပိုတွေပြောမနေနဲ့. . . ဘာကိစ္စရှိလို့လဲ"

"ငါက ဒီအိမ်ကိုကိစ္စရှိမှလာရမှာလားဟ။ နင့်စကားကြီးက ဘယ်လိုလဲ"

"နင့်ကိုငါပြောပြီးသားလေ။ နင်နဲ့ငါ ဇာတ်လမ်းပြတ်ပြီလို့။ ဘာမှပြန်ဆက်ဖို့အကြောင်းမရှိ"

"ဒါ နင့်ဘက်ကတစ်ဖက်သတ်ဆုံးဖြတ်ချက်လေ, ဟ။ ငါဘက်ကသဘောမှမပါဘဲ"

"မလိုပါဘူး. . . ငါခေါင်းညိတ်ခဲ့ဖူးတဲ့ကိစ္စကို အခုခေါင်းပြန်ခါတယ်. . .။ ဒါပဲ. . . ရှေ့လျှောက် နင်နဲ့ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ဘူး။ နင်လည်းနင့်လမ်းနင်လျှောက်၊ ငါလည်းငါ့လမ်းငါလျှောက်ရုံပဲ"





ချာန့်မျက်နှာမှာ တအံ့တသြဖြစ်သွားလေ၏။ သူမရပ်နေသည့်နားသို့ ဖျတ်ခနဲလျှောက်လာလေသည်။ သူမက သူ့ကိုစူးစူးရဲရဲပင်ပြန်ကြည့်လျက် နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်၏။

"မမပြောတာ တကယ်လား။ နင်အသစ်တွေ့နေပြီဆို"

"ဒါ ငါ့ကိစ္စပါ. . . နင်နဲ့မဆိုင်ဘူး"

"မဆိုင်လို့ရမလားကွ။ နင် ဒီလိုသစ္စာဖောက်မယ်မကြံနဲ့။ ငါက ငုံ့ခံမယ့်ကောင်မဟုတ်ဘူး"

"အောင်မာ. . . ပြေျးကမျှား လာပြဲနေရသေးတယ်။ နင့်ကိုဖြတ်ဖို့ အသစ်ရှာတွေ့တာမဟုတ်ဘူး။ မဆီမဆိုင် ကြားလူကိုဆွဲမထည့်နဲ့။ နင့်ဟာနင် ဇာတ်လမ်းတွေပတ်ရှုပ်။ ညမှောင်တဲ့ထိအလုပ်ဆင်းရင် Taxi နဲ့မပြန်နဲ့။ လာကြိုမယ်ဆိုပြီး ခဏခဏမေ့။ ဒါကိုငါစိတ်ဆိုးတယ်ဆိုတော့ ဟိုဟာဒီဟာလေးဝယ်လာပြီး ဖေဖေတို့ အန်တီလေးတို့ရှေ့မှာလာဖား။ ပြောရတာလည်း အက်ကြောင်းတွေထပ်နေပြီချာန့်. . . တော်လောက်ပြီပေါ့။ နင့်ဘာသာနင် ငါထက်လှတဲ့ကောင်မလေးတွေနဲ့ ထည်လဲတွဲနေတာပဲဟာ. . .။ နင့်



www.burmeseclassic.com

သဘောနင်ဆောင်ပေါ့။ ငါ့ကိုမေ့လိုက်တော့. . . ဒါပဲ"

"ဟာ. . . ဒီလိုလွယ်လွယ်မပြောနဲ့ကွ။ အဲဒါ သူငယ်ချင်းတွေပါလို့ ငါပြောပြီးသားလေ။ ငါလာမကြိုဖြစ်တာ ငါ့မှာအရေးကြီးကိစ္စတွေရှိနေလို့ပါဇာရာ. . . နင်ကလည်း"

"နင့်အရေးကြီးကိစ္စတွေက ငါ့အတွက်တော့ရိုးနေပြီချာန်။ တော်ပါပြီဟာ. . . ငါအေးအေးနေပါရစေတော့။ တောင်းပန်ပါတယ်"

"ဒါတောင်းပန်ရမယ့်ကိစ္စလား ဇာ။ နင် ဒီလိုလုပ်လို့မရဘူး"

ချာန်ကပြောပြောဆိုဆို သူမလက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်လိုက်သဖြင့် ဒေါသက ထောင်းခနဲထွက်လာတော့သည်။ အဲဒါတွေမကြိုက်တာ။ ပါးစပ်နဲ့နိုင်အောင်ပြောမရရင် လက်ကပါလာပြီ။

"ငါ့အသားကို လာမထိနဲ့။ နင့်လုတပတဟာတွေလိုမျိုးထင်နေလား"

"ဇာ"

"ငါက ရုပ်မလှပေမယ့် ငါ့ကိုယ်ငါတော့ ဘန်ဖိုးထားတတ်





တယ်ချာန်ရဲ့။ နင်တွဲ နေတဲ့ဟာတွေလို ပလူးပလဲနဲ့သူများရည်းစားကိုအချောင်တွဲတဲ့အစားထဲကမဟုတ်ဘူး"

"ဟာ. . . ကျွတ်. . . ဇာရာ. . . ဘာတွေဖြစ်နေတာလဲ။ ငါ့ကိုပွင့်ပွင့်လင်းလင်းပြောပြဦးမှပေါ့။ မမပြောတာဖြင့်. . . ဝါယုံတောင်မယုံဘူး။ နင် ခါတိုင်းလိုပဲစိတ်ကောက်တယ်ထင်နေတာ"

"အေး. . . အဲဒီလိုမကြာခဏစိတ်ကောက်၊ ခဏနေစိတ်ပြန်ပြေတတ်လို့ ငါ့ကိုအမှတ်သည်းခြေမရှိဘူးလို့ထင်နေကြတာပေါ့။ ဒီမှာ ငါအပြတ်ပြောလိုက်ပါရဲ့။ ငါနဲ့တွဲလျှောက်လို့ နင်သိက ချစ်သူတယ်ဆိုတဲ့စကားကို ငါအနာဆုံးပဲ ချာန်။ ဒီလိုရှုပ်ဆိုးမကို နင်လာချစ်ခဲ့သေးလဲ။ အစကတည်းက သူငယ်ချင်းအဆင့်နဲ့ ဟုတ်လာမပေါင်းပါနဲ့လား"

ပြန်

"ဇာရယ်. . . ချစ်လို့ကျီစားတာကိုလည်း အသေစွဲမှတ်ထားတာပဲလား။ ဒီလိုစကားမျိုးတွေ ငါခုမှပြောတတ်တာမှမဟုတ်ပဲ။ ဟိုးငယ်ငယ်ကတည်းက ပြောခဲ့ဖူးတာအဆန်းမဟုတ်တော့ဘူးလေ။ နင် ငါ့ကို Jealous ဖြစ်တာကို ငါ crazy ဖြစ်မှန်းသိရဲ့နဲ့"

"တော်ပြီ. . . ဘာမှမကြားချင်ဘူး. . . ဖယ်"

"မဖယ်ဘူး. . . နင့်ဟာနင် အရှုးထလာတဲ့ကိစ္စမှာ. . . ငါ



www.burmeseclassic.com

www.burmeseclassic.com



အသည်း အချောင်အကွဲမခံနိုင်ဘူး”

“နှင့်ဟာနင် အသည်းမကာလို့ တစ်ကိုယ်လုံး တစ်စစီကြေမွလည်း ငါဂရုမစိုက်ဘူး။ နင့်ထိုက်နဲ့နင့်ကံပဲ”

“ဇာနော်. . . ငါ့ကိုအသည်းယားအောင်မလုပ်နဲ့”

သူက ဆတ်ခနဲ သူမကိုပွေ့ဖက်လိုက်သဖြင့် လန့်ဖျပ်ရုန်းလျက် ထုရိုက်လိုက်မိ၏။ ဒင်း တစ်ခါမှဒီလိုလက်ရဲဇက်ရဲမရှိခဲ့ပါဘူး။ ခုတော့ဖြင့် ပိုင်စိုးပိုင်နင်းဆက်ဆံနေပါရောလား။

“ချာန်နော်. . . ငါမကြိုက်ဘူး. . . ဖယ်လို့ဆို”

“ကိုယ်တို့ Lover တွေပါနော်ဇာ. . . ဒါကိုမင်းမမေ့လိုက်ပိုဆက်ဆံခွင့် ငါ့မှာအပြည့်အဝရှိတယ်”

“မရဘူး. . . နင်နော်”

သူမရုန်းနေစဉ်မှာပင် ညာဘက်ပါးပြင်ထက် နွေးခနဲဖြစ်သွားသည်မို့ မျက်နှာတွေဖြန်းခနဲရဲကာ ထူပူသွားတော့သည်။

အမယ်လေးနော်. . . ရည်းစားသက်တမ်းတစ်လျှောက်လက်တောဝ်မှမတွဲခဲ့တဲ့လူက အတင့်ရဲလှချည်လား။

“နင်”

သူမလက်တစ်ဖက်မြောက်တက်လာတာကို သူက ဖျတ်ခနဲ





ဖမ်းဆုပ်လိုက်လေ၏။ ကဲ. . . ဒီလောက်တောင်ဖြစ်လှတာ နှာပြိသာမှတ်။ သူမ အိမ်နေစီးသည့်ကတ္တီပါကွင်းထိုးဖိနပ်နှင့်ပင် သူ့ခြေထောက်ကိုတက်နင်းလိုက်၏။ သူ့ထံမှ အာမေဋိတ်သံတစ်ချက်ထွက်လာလေသည်။

“ဟဲ့. . . ဟိုနှစ်ယောက်, တိုးတိုးတိတ်တိတ်လုပ်စမ်း။ ဖေဖေပြန်ရောက်ပြီနော်”

“အာ. . . မမစကားက ဘာကြီးလဲ”

“နင်တို့ဟာနင်တို့သိပေါ့။ သွား. . . နောက်ဖေးဝရ
မှာထွက်ပြော။ ခဏနေ ဖေဖေထမင်းစားတော့မှာ။ ထမင်း
အေးကုန်ပါပြီ။ ပြောတော့ဖြင့် ဗိုက်ဆာတယ်ဆိုပြီး နှစ်
သားအကြည်ဆိုက်နေတာနဲ့ အာဟာရသိဒ္ဓိတွေပြည့်ရော”

“မမနော်. . . မဟုတ်ဘူး”

“ဘာမဟုတ်ရမှာလဲ”

“လာခဲ့ဇာ. . . ငါတို့ကိစ္စမပြီးသေးဘူး”

“မလိုက်ဘူး”

“ဟဲ့. . . ဩော်”

သူက သူမလက်ကိုဆွဲ၍ မီးဖိုခန်း ါးကိုဖွင့်ကာ ဝရန်



www.burmeseclassic.com

www.burmeseclassic.com



တာမှာထွက်ရပ်သည်မို့ သူမရှုန်းကန်ရှုပါလာရတော့သည်။ မမက တော့ပြောမနိုင်၍ သက်ပြင်းချလျက် ထမင်းစားခန်းထဲမှာ ကျန်ရစ်ခဲ့လေ၏။

"ပြော. . . နင့်အခုတွေ့နေတာ ဘယ်ကကောင်လဲ"

"ဘာကောင်ရမှာလဲ. . နင်မရိုင်းနဲ့နော်။ ဟိုက လူကြီးလူကောင်းဟဲ့"

"ဘာလူကြီးလူကောင်းဟုတ်ရမှာလဲ။ ငါ့ရည်းစားကိုဖြတ်

ဂိုကြိုးစားမနေတဲ့ကြောင်သူတော်ကြွက်သူခိုးကိုများ. . . နင်

ဘူး" . ဒီကောင်နဲ့မပတ်သက်မိအောင်နေစမ်း။ နို့မို့ ငါ့လက်သီး

မို့ချိန်နေရာရွေးမှာမဟုတ်ဘူး"

ခနဲဆို "အောင်မား. . နင်ကများ ငါ့ကိုနာအောင်လုပ်ဖို့နေနေ

အဲဒီ သာ ထိပဲထိကြည့်ပါဦး။ ငါက ငြိမ်နေမယ်လို့များထင်နေလား။

ငှ..သွားမှာပေါ့"

"ဘယ်လိုဖြစ်နေတာလဲ။ ငါက သူကိုလုပ်မယ်ပြောတာ ကိုယ့်ချစ်သူကိုတော့ ဒီလိုလုပ်ပါ့မလားကွ"

"အံမာ! ဘာချစ်သူလဲ"

"ဒီမှာလေ. . . ကိုယ်နှလုံးသားလေး"





သူက သူမနဖူးအလယ်တည့်တည့်ကို လက်ညှိုးလေးဖြင့် ထောက်၍ပြောလိုက်ကာ လက်ဖျားကိုအသာဆုပ်ထားလိုက်လေ၏။ ဒုက္ခပါပဲ. . . အပြတ်ဖြတ်ပါပြီဆိုမှ ဒင်းက ရှိသမျှကြိုးတွေအကုန်ထုတ်သုံးပြီး သူမကိုချည်နှောင်နေပါရောလား။ သူမလက်ကိုအတင်းဆောင့်ရုန်းလိုက်ပါ၏။

"ဇာ"

"ငါသည်းမခံနိုင်တော့ဘူးနော်။ ဒီလောက်ပြောနေတာတောင် နင့်မှာ နားမပါဘူးလား"

"နင်နဲ့ငါက မိဘတွေကအစ သဘောတူထားတဲ့ချစ်သူတွေနော်ဇာ။ နင် ခုမှဘာအချိုးချိုးတာလဲ"

"အဲဒီမှာ လဲသာသေလိုက်။ အေး. . . အဲဒါ အစကဟုတ်တယ်။ ငါကိုယ်တိုင်လည်း အဲဒီတုန်းက ဘုမသိဘမသိနဲ့ နင့်ကိုပြန်ခေါင်းညိတ်ခဲ့မိတာ။ အခု ငါ့ကိုယ်ငါသိသွားပြီ။ နင့်ကိုငါဘယ်တုန်းကမှ မချစ်ခဲ့ဘူးဗျာနော်"

"ဘာ!"

"ဒီတော့ နင့်ခြေလှမ်းတွေ နောက်ကိုသာပြန်လှည့်။ ငါကတော့ ဘယ်နည်းနဲ့မှလက်ခံတော့မှာမဟုတ်ဘူး" သူး



www.burmeseclassic.com

www.burmeseclassic.com



ဈာန့်မျက်နှာရဲရဲနီသွားလေ၏။ သူမကို မမြင်ဖူးသလိုငေး ကြည့်နေသဖြင့် ဆတ်ခနဲမျက်နှာလွှဲကာ တိုက်နောက်မြင်ကွင်းကို ငုံ့ကြည့်နေမိသည်။

"သေချာလားဇာ"

"..."

"ကောင်းပြီလေ.. နင်တောင်မှစိမ်ခေါ်ရဲသေးတာပဲ။ ဒါ ပေမဲ့ နင်သိထားဖို့က ဈာန်ဆိုတဲ့ကောင်က နင့်ကိုအပျော်သဘော တွဲခဲ့တာမဟုတ်ဘူး။ ရာသက်ပန်ပေါင်းဖို့ရည်ရွယ်ပြီး... ချစ်ခွင့် တောင်းခဲ့တာကွ။ ရှေ့လျှောက် နင့်ခြေလှမ်းတွေကို ငါစောင့်ကြည့် နေမယ်။ အဲဒီကောင်ကို နင့်နားတွေ့လို့ကတော့ အရှင်မထားဘူး မှတ်... ငါသွားပြီ"

"ဈာန်... နင်နေဦး"

ဈာန်က သူမအော်တာကိုပင်ဂရုမစိုက်ဘဲ မီးဖိုခန်းမှတစ် ဆင့် ဧည့်ခန်းသို့ပြန်ထွက်သွားလေ၏။

"သား... ပြန်ပြီလား"

"ဟုတ်ကဲ့ဦး"

"အေး... မင်းသူငယ်ချင်းဆီ မကြာမကြာလာဖို့တော့





လိုတယ်နော်... သိတယ်မဟုတ်လား။ ဒင်းကကောက်စရာမရှိရင် သူဟာသူစိတ်ပြန်ကောက်တတ်တဲ့ဟာလေး"

"ဟုတ်ကဲ့... ကျွန်တော်ပြန်ဦးမယ်ခင်ဗျ"

"အေးအေး"

သူမခြေဆောင့်လိုက်မိ၏။ ကာယကံရှင်က 'လက်မခံပါဘူး' ဆိုနေမှ ဖေဖေကစပြီး မီးစိမ်းပြနေမှတော့ ဒင်းကရောင့်တက်ရော ပေါ့။ မမကပြုံးစိစိဖြင့် သူမကိုမေးဆတ်ပြလိုက်ပြီး ထမင်းဝိုင်းမှာ ခုံဆွဲထိုင်လိုက်လေသည်။

"သမီးငယ်... လာလေ"

"ဇာ မစားချင်တော့ဘူး"

"ဖေဖေမကြိုက်ဘူးနော်...။ ဘာလဲ... အမိပ္ပာယ်မရှိ ကောက်ချိတ်နေတာ စားချိန်တန်စားမှပေါ့။ အခုပဲ ရှစ်နာရီခွဲနေပြီ။ တော်ကြာအဆာလွန်ရင်"

"စားမယ်... စားမယ်"

သူမမျက်နှာရှုစ်ခေါက်ချိုးဖြင့် ခုံမှာထိုင်လိုက်တော့ အန်တီ လေးက မျက်စောင်းခဲလိုက်လေ၏။

"ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုချင်တာကို နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပွင့်လင်းလင်း ဆွေးနွေးမှပေါ့ဇာလေးရဲ့။ ဒေးဒေးမကြည့်နဲ့ ကတ္တံပါတို့နှစ်ဦးကိုပဲကြည့်. . . ဘယ်နှခါ ဆူညံပူညံသံကြားရလဲ။ သမီးတို့က အရင်ဆုံးသံယောဇဉ်တွယ်လာခဲ့တာ. . . တစ်ယောက် အကြောင်းတစ်ယောက်အသိဆုံး"

"ဇာတို့က ညှိလို့မှမရဘဲ အန်တီလေးရဲ့။ တွေ့ချင်တယ် ပြောတာတော်င် သူက လာမှမလာတာ"

"ဟဲ့! ပြောနေတဲ့ကြားက"

"သူလည်းအလုပ်တစ်ဖက်နဲ့လေသမီးရယ်။ နားလည်ပေးမှပေါ့"

"ဘာမှမဟုတ်ပါဘူးအစ်ကိုကြီးရေ. . . သူကနိုင်စားလို့ ရတိုင်းနိုင်ငိုနေတာပါ"

သူမ ထမင်းကိုစိတ်မပါလက်မပါဖြင့်ဝါးနေရ၏။ နောက် နေ့မှာ ဦးဖုန်းမြင့်ဇော်အတွက် ကစ်ခုခုလေးဝယ်ဖို့ စဉ်းစားရကျပ် နေပါတယ်ဆိုမှ ဒင်းလာနှောင့်ယှက်တာနဲ့ အတွေးတွေပျက်ကုန် ပါပြီ. . . ။

"သမီး, ဈာန့်ကိုသေချာပြောလိုက်ပါတယ်ဖေဖေ။ နောက် ကို သူဒီကိုအမြဲလာတော့မှာပါ။ ဇာက သူဂရုတစိုက်ရှိတာကို လို





ချင်တာပဲထင်ပါရဲ့"

သူမ, မမကိုမကျေမနပ်ဖြင့် မျက်စောင်းသာ ခဲလိုက်တော့ ၏။ အချွန်နဲ့သာ ဝိုင်းမနေကြတော့တာပဲ။ စောင့်ကြည့်လိုက်ကြ ဦးပေါ့လေ။

ဒင်းကပဲ ကပ်နိုင်မလား၊ ဇာကပဲ ခွာနိုင်မလားဆိုတာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ခပ်လွှယ်လွှယ်ရတဲ့ပစ္စည်းမျိုးကို ဘယ်တော့မှ တန်ဖိုးမထားတတ်ကြဘူး။ ဒါပေမဲ့... အဲဒီပစ္စည်းကို သူတစ်ပါးယူမှာကိုတော့ စိုးရိမ်တတ်ကြတယ်။ အဲဒီလူတွေထဲမှာ ရှာန်က ထိပ်ဆုံးကလေ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

မနက်စောစောထ၍ breakfast ပင် မစားတော့ဘဲ သူမ ထွက်လာခဲ့၏။ တစ်ညလုံး အခါခါစဉ်းစားခဲ့သော်လည်း ဦးဖုန်းမြင့်ဇော်ကို ဘာပေးရမှန်းမသိ။ အတော့်ကိုခက်တာပဲ။ မိန်းကလေးဆိုလျှင်တော့ ဝယ်ပေးချင်စရာတွေက များသည်မဟုတ်လား။ plaza တစ်ခုခုဝင်၍ မျက်စိနှင့်မြင်မှပဲ ဝယ်ပေးတော့မည်ဆုံးဖြတ်ကာ တော်ဖီဆိုင်ထဲဝင်လာခဲ့မိသည်။

ဟယ်. . . ဒီဆိုင်က ဟိုတစ်ခါ ဦးဖုန်းနှင့်အတူဝင်သောက်ခဲ့တဲ့ဆိုင်ပဲ။ စိတ်ထဲမှအမှတ်တမဲ့ခေါ် လိုက်မိသည့်နာမ်စားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ နှစ်ခြိုက်စွာပြုံးလိုက်မိသည်။ အင်း. . . အဲဒီလိုပဲခေါ်လျှင် ကောင်းမည်ဟု တစ်ထိုင်တည်းဆုံးဖြတ်ချက်ချလိုက်ပါသည်။

"ကော်ဖီတစ်ခွက်ပေးပါ. . . ပြီးတော့ soft role နဲ့ cake တစ်ပွဲနော်"

waiter ကလေးက သူမပြောတာကို ခေါင်းညိတ်လိုက်ပြီး အနီးမှထွက်သွားလေ၏။ ဆီးညိုရောင်မှန်မှတစ်ဆင့် ကားလမ်းမကိုငေးကြည့်နေမိစဉ် သူမရင်းနှီးနေသည့်ကားတစ်စီးက ခပ်ဖြည်းဖြည်းဖြတ်သွားလေသည်။ ဘုရားရေ. . . ဒါဦးဖုန်းရဲ့ကားပဲ။ သူမခြေစုံထရပ်မိပြီးသွားသဖြင့် ရှက်ရှက်ဖြင့်ပြန်ထိုင်လိုက်ရ၏။ ဘယ်လိုဖြစ်တာလဲဗျာရယ်။ ဗျာန်နဲ့တုန်းကတောင်မှ ဒီလောက်ထိကြွေပျက်လောက်အောင် စိတ်လှုပ်ရှားခဲ့ဖူးတာမဟုတ်။ ခုတော့. . .

သူမခုံမှာပြန်ထိုင်လိုက်ရင်း ငိုင်သွားမိသည်။ ဒါမျိုးဖြစ်သင့်သလားဟင်။ လက်ရှိချစ်သူတစ်ယောက်ကိုဥပေက္ခာပြုပြီး ကိုယ့်ကိုစိတ်ဝင်စားခြင်းမရှိတဲ့ လူကြီးတစ်ယောက်ကိုမှ စိတ်ကစားနေရတယ်လို့။ တော်ပါပြီလေ. . . သူ့တိုက်ကို Decoration ဆင်ပြီးရင်ပြီးတော့ သူဝယ်ပေးတဲ့လက်ဆောင်မျိုး တစ်ခုခုပြန်ဝယ်ပေးပြီးရင် သူနဲ့ရှေ့လျှောက်ပတ်သက်စရာမရှိတော့ပါဘူး။





အတွေးအဆုံးမှာ ရင်တွင်း၌ဟာတာတာဖြစ်သွားပြီး အားငယ်ဝမ်းနည်းသွားမိသည်။ ကုသိုလ်ကံများနှယ်, ငွေလှိုင်းဇာခြည်အပေါ် သက်ညှာမှုလေးတောင် မရှိပါလားနော်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်လွတ်လပ်စွာနေထိုင်ပြောဆိုခွင့်တွေက ဘယ်အချိန်မှာများမှ ရနိုင်မှာတဲ့လဲ။

မျက်စိရှေ့တည့်တည့် စားပွဲမှာကပ်၍ လူတစ်ယောက်ရပ်နေတာကို သူမ,မမြင်မိ။ လက်နှစ်ဖက်ပိုက်၍ ခပ်ပြုံးပြုံးစိုက်ကြည့်နေတာကိုတွေ့မှ သူမလွတ်နေသည့်သတိတွေ ပြန်ဖမ်းမိသွားတော့သည်။

"ဟင်! ဦးဖုန်း"

"ဘာတွေအတွေးလွန်နေတာလဲ ချာတိတ်ရဲ့။ ကိုယ်ဝင်လာကတည်းက သတိထားမိတာ။ မင်း, စိတ်နဲ့လူနဲ့မကပ်ပြန်ဘူးနော်။ ကြည့်လုပ်ဦး. . . လမ်းပေါ်မှာ ကားတွေ များကဲ,များနဲ့"

သူမစိတ်ထဲမှာ အံ့သြတာရော၊ ဝမ်းသာတာတွေပါ စုပြုံရှုပ်ထွေးသွားပြီး ဘာပြန်ပြောရမယ်မှန်းမသိ။ သူက သူမနှင့်ရှေ့တည့်တည့်ခုံကိုဆွဲထုတ်ကာ ထိုင်လိုက်လေသည်။

"ဘာမှာပြီးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီနဲ့မုန့်"

"အစောကြီးထွက်လာပုံထောက်ရင်. . . မင်း့ အိမ်နဲ့စိတ်ကောက်လာတာပဲဖြစ်မယ်။ ဟုတ်ရဲ့လား"

"မဟုတ်ပါဘူး. . . ဦးဖုန်းကလည်းနော်။ ဇာက ကလေးမှ မဟုတ်တော့တာ"

"မင်းပုံစံလေးက ကောက်ချိတ်ရုပ်လေးပဲ. . . ချာတိတ်ရဲ့။ ဘယ့်လိုပဲ လူကြီးဂိုက်ဖမ်းဖမ်း မင်း style ကိုဖျောက်လို့မရဘူး"

"ဒါပေမဲ့ ဇာ့ကိုကလေးလို့မြင်နေတာကိုတော့ ကန့်ကွက်ချင်တယ်"

သူက သဘောတကျဖြင့် တီးတိုးရယ်ချလိုက်လေသည်။ ခဏအကြာ, မှာထားသည့်ကော်ဖီတွေမုန့်တွေ လာချပေးတော့ စကားဝိုင်းက ခေတ္တတိတ်သွားလေ၏။ သူမ ကော်ဖီနှင့်မုန့်ကိုဖြည်းဖြည်းချင်းစားနေမိသည်။

"အိမ်က တော်တော်ပြီးနေပြီလား"

"ဦးဖုန်းအိမ် ဦးဖုန်းသွားကြည့်ပေါ့လို့"

"ဟော. . . တွေ့လား။ မင်းစိတ်မကြည်လင်တာ သိသာလွန်းတယ်"





"မဟုတ်ပါဘူး"

"ကိုယ်တကယ်ပြောတာ ချာတိတ်ရဲ့။ မင်းမျက်လုံးလေးတွေက သိပ်ကိုအသက်ဝင်တယ်။ စကားတွေအများကြီးလည်းပြောနေတယ်။ မင်းစိတ်ကြည်လင်တဲ့အခါ အရောင်လေးတွေလက်နေတာပဲ။ ဥပမာ. . . မင်းအလုပ်ထဲမှာ ကိုယ်တိုင်ကိုယ်ကျ စိတ်ပါလက်ပါလုပ်နေတဲ့အခါမျိုးမှာပေါ့။ ခုလိုစိတ်ညစ်နေတဲ့အခိုက်ကျတော့ မျက်လုံးလေးတွေက အရောင်မှိန်နေတယ်လေ။ မင်းစိတ်ထဲပေါ့ချင်ရင်တော့ ကိုယ့်ကိုပြောပေါ့။ ဒါပေမဲ့. . . ကိုယ်အတင်းမတောင်းဆိုဘူးနော်။ မင်းပြောချင်စိတ်ရှိမှပြော. . . ဟုတ်ပြီလား"

သူမငြိမ်သက်သွားလေ၏။ သမီးရည်းစားကိစ္စတွေကို သူ့ စိမ်းတစ်ယောက်ရှေ့ ဖွင့်ပြောလို့ရပါ့မလား။ အိမ်မှာက သူမဘက်မှာ တစ်ယောက်မှမရှိ။ ရှိသမျှ အိမ်ရှိလူကုန်သုံးယောက်စလုံးက ဈာန်ဘက်မှာချည်း။ ရင်ဖွင့်ချင်လို့မှ ဖွင့်ပြောခွင့်တိုင်ပင်ခွင့်မရှိတဲ့ဘဝ။

"မင်းကောင်လေးနဲ့ အဆင်မပြေဘူးထင်တယ်"

"ဦးဖုန်းကလည်း"

"မဟုတ်ဘူးလား. . . ဒါဆိုရင်တော့ sorry ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး. . . ဦးဖုန်းက ဇာ့စိတ်ထဲထိ လိုက်မြင်နေတော့တာကိုး"

"ဒါဖြင့် ဟုတ်နေတယ်ပေါ့လေ"

"ဇာစိတ်ညစ်နေတာတော့ဟုတ်တယ်။ ဒါပေမဲ့ သူ့ကြောင့်ချည်းပဲတော့မဟုတ်ဘူး။ ဇာ့ကိုယ်ဇာ စိတ်တိုင်းမကျတာက ပိုဆိုးတာ"

"သူက ဘာလုပ်လဲ"

"သူ့သူငယ်ချင်းတွေနဲ့ ရှယ်ယာထောင်ပြီး Electronic Service လေးဖွင့်ထားတယ်။ computer ကစပြီး ပစ္စည်းသေးသေးလေးတွေအထိပေါ့။ ဆိုင်သီးသန့်ချည်းပဲတော့မဟုတ်ဘူး။ Internet တွေ E - mail တွေပို့ရင်လည်းလက်ခံတယ်. . . တော်တော့်ကိုစုံတာ"

"အခုဘာဖြစ်ကြလို့လဲ"

"ဇာ. . . သူ့ကိုမေ့လိုက်တော့မယ်လို့ ဆုံးဖြတ်ထားတယ် ဦးဖုန်းရဲ့"

"မလွယ်ဘူးထင်တယ်နော် ချာတိတ်။ လောကမှာ အခက်အခဲဆုံးအရာက အဲဒီမေ့ခြင်းပဲ။ မှတ်ရတာလွယ်သလောက် ဖြတ်





ရတာခက်တယ်ဆိုတဲ့စကား မင်းမကြားဖူးဘူးလား"

သူမ, သူ့ကိုမျက်စောင်းခဲလိုက်ပြီး နှုတ်ခမ်းစူသွားရသည်။ လာပြန်ပြီနောက်တစ်ယောက်။ စစ်ကူရမလားလို့ပြောမိပါတယ်၊ လေသံတွေက လမ်းဟောင်းကြီးအတိုင်းပါပဲလား။

"ဟင်းဟင်း. . . ဘာလဲ. . . ကိုယ့်ကိုပါ စိတ်ကောက်ချင်ပြီလား"

"ဦးဖုန်းက ဖေဖေတို့နဲ့တစ်လေသံတည်းထွက်နေတာကိုး"

"မင်းနဲ့ကောင်လေးအကြောင်းကို မင်းမိဘတွေသိထားတယ်ပေါ့လေ"

"မသိဘဲရှိမလားဦးဖုန်းရဲ့. . .။ ဖေဖေနဲ့ရှာန့်ဖေဖေ ဦးကျော်သန်းဦးနဲ့က ငယ်သူငယ်ချင်း။ ဇာနဲ့ရှာန်နဲ့က ငယ်ပေါင်းကြီးဖော်. . ပြောမနာဆိုမနာတွေ"

"ဒါဆို ပိုလို့တောင်မဖြစ်နိုင်တော့ဘူး"

"ဘာကိုလဲ"

"မင်း, သူ့ကိုဖြတ်မယ့်ကိစ္စကိုပေါ့"

"မရရအောင် ဇာဖြတ်မှာ"

"လွယ်မယ်မထင်နဲ့နော်ချာတိတ်။ အထူးသဖြင့် သူမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအပြစ်မှကြီးကြီးမားမားရှိမနေရင် သာတောင်မရသေး"

"ဒီထက်ကြီးမားတဲ့အပြစ်ရှိပါဦးမလား ဦးဖုန်းရဲ့။ ဇာ့ကို လာကြိုမယ်ဆိုပြီး ခဏခဏပျက်။ ဇာ, သူတို့ဆိုင်ကို off ရက်လေး ကြိုမပြောဘဲနဲ့သွားမိရင် သူက ဆိုင်မှာမရှိဘဲ ကောင်မလေးလှလှ လေးတွေနဲ့ဒိတ်ပြီး လစ်နေပြီ။ ဇာကောက်တော့ ဟိုဟာဒီဟာလေး ဝယ်ပြီး ဖေဖေတို့ရှေ့မှာကျေနပ်လောက်အောင် လာချော့ရော"

"အဲဒါနဲ့ မင်းကလည်း ပျော့ပြီးပါသွားရောမဟုတ်လား။ နဂိုကတည်းက စိတ်ကပါချင်ချင်မို့ မုန့်လုံးစက္ကူကပ်ဖြစ်နေတာ မျှား. . ."

သူမ, သက်ပြင်းကိုဆောင့်အောင့်ချလိုက်မိ၏။ သူပြောနေ သည့်စကားတွေကလည်း အမှန်တွေချည်းပဲမို့ မငြင်းသာ။ စိတ်က မကြည်လင်ဘဲ နောက်ပြီးရင်းသာနောက်နေရတော့၏။

"ဇာက စိတ်သာကောက်တာ။ ပြေလွယ်တာအမှန်ပဲ ဦး ဖုန်းရဲ့။ ဘယ်သူမှမချော့ဘဲလည်း ခဏနေ ကိုယ့်ဘာသာ စိတ်ပြေ သွားတတ်တယ်။ အဲဒီအချက်ကို သူကသိထားတော့ ပိုဆိုးတာပေါ့။ မမနဲ့အန်တီလေးကအစ သူ့ဘက်တော်သားတွေချည်းပဲ"

"မင်းမေမေကရော. . ."





"မေမေက ဇာ, ကိုးတန်းနှစ်မှာ နှလုံးရောဂါနဲ့ဆုံးသွားတာ ဦးဖုန်းရဲ့။ မေမေမရှိတာ ဇာ့အတွက် လိုအပ်ချက်တွေပိုများသွား တာအမှန်ပဲ။ ပြီးတော့ မေမေသာရှိနေရင် ဇာငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားဖြစ်ခဲ့မှာမဟုတ်ဘူး"

"မင်း သူ့ကို ဘယ်အချိန်မှာ အဖြေပေးလိုက်မိလို့လဲ"

"အင်း. . . ပြန်ပြောရမှာရှက်စရာကြီး။ ဇာတို့ဆယ်တန်း နောက်ဆုံးဘာသာဖြေပြီးတဲ့ညကပေါ့။ မပြောချင်တော့ပါဘူးဦးဖုန်း ရယ်။ ဇာတို့က ခုမြင်ခုကြိုက်မျိုးမဟုတ်ဘူး။ အတွင်းသိအစင်းသိ တွေဟာကိုး။ မထင်မှတ်ဘဲ ရည်းစားဖြစ်သွားရတာကို ပြန်စဉ်းစား မိရင် ပေါ့ပျက်ပျက်တော့နိုင်တာအမှန်ပဲ"

"မိဘတွေက ဘယ်လိုသိသွားတာလဲ"

"သူဖွင့်ပြောလိုက်တာကိုး"

"ဒါဆို သူ့အတည်သဘောထားတာပဲချာတိတ်ရဲ့။ သူဟာ သူ စိတ်ပျော်ရာတွေချင်တွေမယ်။ သူလက်ထပ်မှာတော့ မင်းတစ် ယောက်တည်းဆိုတာ အသိသာကြီးပါကွ"

"ဇာက သူ့ကိုတည်ငြိမ်စေချင်တာ။ ဇာ့ကိုပဲ သတ်သတ် မှတ်မှတ်သဘောထားရင်. . . ဘာလို့တခြားကောင်မလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွဲသေးလဲ။ ပြီးတော့ အများကြီးရှိသေးတယ်ဦးဖုန်းရဲ့။ သူက ဇာ့ဆိုသိပ်နိုင်စားတာ။ သူ ဘာအပြစ်ပဲကျူးလွန်၊ အချိန်တန် သူ့ကို ဇာခွင့်လွှတ်မယ်ဆိုတာကို ကောင်းကောင်းကြီးသိထားတဲ့လူလေ။ ဇာ့ကိုရုပ်ဆိုးလို့ ဘယ်သူကမှမကြိုက်ဘူး။ သူမို့ကြိုက်တာတဲ့။ တစ်ခါတစ်ခါများ ဝယ်စရာရှိလို့ သူနဲ့တွဲလျှောက်တော့ ပတ်ဝန်းကျင်က ဇာတို့ကိုကြည့်ရင် သူသိက္ခာကျတယ်လို့ပြောတာကို အနာဆုံးပဲ"

"ဟင်းဟင်း. . . ကျီစားတာနေမှာပါကွာ"

"ဦးဖုန်းနော်, သူနဲ့ဖြင့်မသိသေးဘဲနဲ့ သူ့ဘက်ပါချင်နေပြီ"

သူမမျက်စောင်းခဲလိုက်တော့ သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ တကယ်ပါပဲ. . . ဈာန်နှင့်ဘာမှနှိုင်းယှဉ်လို့မရအောင် ဦးဖုန်းက ဘာစစအရာရာသာနေတာအမှန်ပါပဲ။ စီးပွားရေးကိုခဏဖယ်ထားပြီး လူချင်းယှဉ်ကြည့်ရင်တောင် အကွာကြီးကွာလွန်းနေတာ။

ဦးဖုန်းက အရပ်အမောင်းလည်းလှသလို ခန္ဓာကိုယ်အချိုးအစားနှင့် မျက်နှာပါ ယောကျ်ားပီပီသသ ခန့်ထည်ချောမောလွန်းပါသည်။ ဈာန်က ဦးဖုန်းထက် မဆိုစလောက်လေး အရပ်နိမ့်ပြီး





ပိန်ကာ မိန်းမချော,ချောသည့်ကောင်လေးမဟုတ်လား။

"ကိုယ်က ကြားသုံးကြားကို တျပ်ကျပ်ရှောင်ပါတယ် ချာတိတ်ရယ်"

"ထားပါတော့. . . ဇာ့ကိစ္စ ဇာကြည့်ရှင်းမှာပါ။ ဦးဖုန်းလည်း ဒီရက်ပိုင်းအတွင်းမလာနိုင်ရင်တောင် အလုပ်သိမ်းပြီး အိမ်ပြန်အပ်မယ့်နေ့တော့ လာဖြစ်အောင်လာဦးနော်။ ဒါမှဘာလိုချင်သေးလဲ၊ ဘာဖြစ်ချင်သေးလဲဆိုတာကို ဇာလုပ်ပေးလို့ရမှာ။ ဇာတုမ္ပဏီကိုဝင်ရဦးမယ်"

"ကိုယ်ပို့ပေးမယ်လေ"

"နေပါစေ. . တစ်လမ်းကျော်ပဲဟာကို။ ဇာသွားပြီနော်"

သူမ ငွေရှင်းရန်ပြင်စဉ် သူကလက်ကာပြလိုက်ပြီး ငွေရှင်းပေးလေ၏။ သူမက သူ့ကိုစောင့်မနေတော့ဘဲ ခြေလှမ်းသွက်သွက်နှင့် ဆိုင်ပြင်သို့ထွက်လာခဲ့တော့သည်။ ကားလမ်းတွေကိုဂရုတစိုက်ကူးလာခဲ့ပြီး ကုမ္ပဏီသို့ lift ဖြင့်တက်လာခဲ့၏။ မေဇင်က သူမကို ပြုံးပြနှုတ်ဆက်လိုက်သည်။

"စိတ်ကောက်နေကြပြန်ပြီလား"

"ဒီစကား ဘယ်နှခါပြောရဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြတ်လည်းမပြတ်နိုင်ဘဲနဲ့မျှား,ဇာရယ်။ ဟိုတစ်ယောက်ကလည်း နင်မခေါ်ရင်မနေနိုင်ပါဘူး။ အခုပဲကြည့်. . . နင့်နောက် မလှမ်းမကမ်းက တကောက်ကောက်ပါလာတာ"

"ဟင်! "

သူမ, မေဇင်ရပ်နေသည့် မှန်ပြတင်းနားသို့ တိုးကပ်၍ တိုက်ပေါ်မှ မသိမသာလေးငုံ့ကြည့်လိုက်မိ၏။ ဘုရားရေ. . . ဈာန် မှဈာန်အစစ်ပါလား။ သူမတို့ရုံးအထပ်ကို လှမ်းမော့ကြည့်လိုက် သည်မို့ အကွယ်သို့ သူမရွှေ့ရပ်လိုက်မိသည်။

ဘာသဘောလဲ. . .။ အစကတော့ ငါ့ကိုဂရုစိုက်ဖို့နေနေ သာသာ ဖုတ်လေသည့်ငါးပိ၊ ရှိတယ်လို့တောင်မှ နင်မထင်ခဲ့တာ လေ။ ခုမှ ငါအသစ်ရှာတွေ့ပြီဆိုပြီး ငါ့နောက်က လိုက် check တာပေါ့။ မရပါဘူး ဈာန်ရယ်။ ငါက သည်းခြေမရှိတဲ့လူလို့အပြော ခံရပေါင်းများပါပြီ။ ဒီတစ်ခါတော့ ငါ့စိတ်ကိုငါနိုင်အောင် ထိန်း နိုင်မှာပါ။ နင်တန်ဖိုးမထားချင်တဲ့အကျည်းတန်မလေးကို နှမြော ချင်ယောင်ဆောင်ပြလည်း ငါ နင့်ကိုမယုံတော့တာ အသေအချာ ပါ။

❀ ❀ ❀





ငယ်ငယ်တုန်းကတော့ ပေးပြီးသားပစ္စည်းတစ်ခုခုကို ဘွာ ခတ်ပြီးပြန်ယူရင် မျက်စိဖွံ့တတ်တယ်လို့ပြောခဲ့ဖူးတာကို ဇာမှတ်မိပါ သေးတယ်။ ခုတာက ဇာပေးထားတဲ့နှလုံးသားကို ဇာပြန်သိမ်းဆည်း လိုက်တာပါ။ ဒါကိုမတရားဘူးလို့ ပြောကြဦးမှာလား...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

အခန်းတံခါးကို ခေါက်ပင်မခေါက်လိုက်ရဘဲ အဆင်သင့် ဖွင့်ပေးလိုက်တာမို့ သူမအံ့သြသွားရ၏။ ပြီးတော့ တံခါးဖွင့်ပေးလိုက်သည့်လူက ဈာန်ဖြစ်နေလေသည်။

“သမီးလေး ပြန်လာပြီလား”

“ဟုတ်ကဲ့အန်တီချို့. . . ဦးဦးပါရောက်နေတာကိုး”

“ဟုတ်တယ်သမီးရဲ့. . . အမောလေးဖြေပြီးမှရေချိုး။ ပြီးတော့ ဖေဖေပြန်လာရင် အားလုံးအတူတူထမင်းစားကြတာပေါ့”

အန်တီလေးကပြောလိုက်စဉ် သူမလက်ထဲသို့ ဈာန်က



www.burmeseclassic.com

www.burmeseclassic.com



သံပရာရည်ခွက် လာထည့်ပေးလေ၏။ လူကြီးတွေရှေ့မို့ ဘာမှရန်မထောင်တော့ဘဲ ယူ၍သောက်လိုက်ရသည်။ ဒင်းကမှား ငါ့အိမ်မှာ အိမ်ရှင်လာလုပ်နေရတယ်လို့။

"မမရော"

"ပြန်မရောက်သေးဘူးသမီးရဲ့။ ဒီနေ့ သူတို့ပြုစုတဲ့စာတမ်းတွေအပ်ရလို့ နောက်ကျမယ်ပြောသွားတာပဲ"

"ဒါဖြင့် အန်တီလေးတစ်ယောက်တည်း ချက်ပြုတ်ထားရတာပေါ့"

"ဒီလိုပဲဖြည်းဖြည်းချင်းချက်ထားတာပါသမီးရယ်။ မနက်က ကတ္တီပါ,ဝိုင်းကူလုပ်သွားပါသေးတယ်။ အားလုံးကျက်နေပြီ။ အစိမ်းကြော်တစ်ခုပဲကြော်ဖို့ကျန်တာ. . . ဈာန်က သမီးအကြိုက်ကော်ရည်နဲ့ကြော်ပေးမယ်ဆိုလို့စောင့်နေတာ"

လုပ်လာပြီဇာတ်လမ်းက. . .။ သူမ တော်တော်နှင့်စိတ်ကောက်မပြေဘဲ တစ်ညမှ ရက်ကူးသွားရင် မနေတတ်မထိုင်တတ်ဖြစ်ပြီး သူမကြိုက်တဲ့အစားအစာတွေကို ကိုယ်တိုင်လာချက်ပြုတ်ကျွေးတတ်တဲ့ သူ့အကျင့်လေ။ သူ့ကိုမျက်စောင်းခဲလိုက်ပြီး သူမထိုင်နေရာမှထလိုက်၏။





"ဇာ, ရေသွားချိုးဦးမယ်နော်"

"အေးအေး. . . သမီးငယ်"

အားလုံးကိုရှောင်၍ခွင့်တောင်းပြီး အတွင်းဘက်ဝင်ခဲ့စဉ်နောက်ပါးမှ သူကပ်ပါလာလေ၏။

"ဇာ"

"ငါ့ကိုလာမခေါ်နဲ့. . .။ ငါ, နင်နဲ့ဘာစကားမှမပြောချင်ဘူး"

သူမ, အသံကိုအတတ်နိုင်ဆုံးအုပ်၍ တိုးတိုးပြောလိုက်သော်လည်း ဧည့်ခန်းမှတီးတိုးတော့ကြားနိုင်ပါသေးသည်။ တိုက်ခန်းက သိပ်မှမကျယ်ပဲကိုး။

"နင်, ငါ့ကိုစိတ်ဆိုးတုန်းပဲလား"

"ပြောနေစရာတောင်မလိုဘူး။ စိတ်ကုန်နေပါပြီဆိုမှ"

"ဇာကလည်းကွာ၊ သမီးရည်းစားချင်း ချစ်လို့နမ်းမိတာစိတ်ဆိုးစရာလား"

"ဘာ! နင်. . . နင်နော်"

"ဟဲ့. . . ဟိုနှစ်ကောင်, ကိုက်နေကြပြန်ပြီလား"

သူမကျိုးအော်လိုက်တာမို့ အန်တီလေးက လှမ်းဟန့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ တောက်! ဒင်းတော့လား. . . ဒီကိစ္စမျိုးကိုဖွင့်ပြောလို့သင့် မသင့်မစဉ်းစားဘူး။ အရှက်မရှိပြောရတယ်လို့၊ စိတ်ရှိလက်ရှိသာ ထုထည့်လိုက်ရ။ ဒင်း၊ အဆုတ်တွေအကုန်ကွာကုန်တော့မှာပဲ။

"နင့်အချိုးနင်ပြင်ပါဈာန်. . . ငါ ဒီည ဦးဦးတို့ကိုအပြတ် ပြောတော့မှာ။ ကိုယ့်ဟာကိုယ်တော့ မဆင်ခြင်ဘဲ တစ်ဆိတ်ရှိ လူကြီးတွေကိုအပူကပ်ပြီးပြောခိုင်း။ နင်တော့ ငါ့လက်ချက်စာမိတော့မယ်"

"အဲဒီစကားကို ငါပြောရမှာ၊ ငါက အသစ်မြင်အဟောင်းပစ်ချင်တဲ့လူမဟုတ်ဘူး။ ကင်ပြီးသားငါးကိုပဲ ဇိမ်ခံပြီးစားဖို့ကြံမယ်၊ ငါးစိမ်းနံ့ကို ယောင်လို့တောင်မှမခံနိုင်ဘူး. . . ဒါပဲ"

"နင်နော်. . . ငါ့ကိုရန်လာမစနဲ့၊ နင်အနိုင်တျင့်သမျှ ငါ ခေါင်းငုံ့ခံတော့မှာမဟုတ်ဘူးဆိုတာ နင်သိထား"

"အေးပါ. . . ဒီတစ်ခါ ငါ့ဘက်က လျှော့ပေးရမယ်ဆိုတာ ငါသဘောပေါက်ပါတယ်ဟရယ်"

သူမ, အခန်းတံခါးကိုဖွင့်ဝင်၍ ဆောင့်ပိတ်လိုက်၏။

တောက်! ထမင်းစားသောက်ကြမှာနဲ့ဆိုရင် ဦးဦးတို့ပြန်ချိန်က (၉) နာရီကျော် (၁၀) နာရီလောက်မှဖြစ်တော့မှာ။





ဒီကြားထဲ သူနဲ့မျက်နှာချင်းဆိုင်လိုက်တိုင်း တကျက်ကျက်ရန်ဖြစ်ရမှာက နာရီမနည်း။ ငါနော်. . . တိုင်နဲ့ခေါင်းနဲ့သာ ပစ်ဆောင့်လိုက်ချင်တော့တယ်။

"ဟာ. . . ရေချိုးတာကြာနေပြီတဲ့၊ အန်တီလေးပြောနေပြီ"

"ဘယ်လိုဖြစ်နေတာလဲ. . . နင့်ပါးစပ်ပိတ်ထား"

"ဟာ, ဈာန်ပြောတာဟုတ်တယ်လေ၊ ရေချိုးတာပဲ နာရီဝက်လောက်ရှိနေပြီ၊ တော်ကြာ အဆုတ်တွေပွကုန်ဦးမယ်၊ တော်လောက်ပြီပေါ့"

ဟော. . . မမပြန်ရောက်လာပြီပဲ။ သူမနှင့်မမက တစ်ခန်းတည်းအိပ်တာမို့ အိပ်ခန်းတံခါးပွင့်နေလောက်ပြီ။ ပြီးတော့ ဒင်းကလည်း ဝင်ချင်ဝင်လာဦးမှာ၊ ငယ်စဉ်ကတည်းက (ပိစိညှောင့်တောင့်ကလေး) သုံးယောက်စလုံး ဒီတိုက်ခန်းထဲမှာ ဝုန်းဒိုင်းကျဲဆော့နေကျမို့ ဆုမယ့်ပူမယ့်သူမရှိ။

အရွယ်ရောက်လာတော့ ဈာန်က သူ့ဟာသူ စည်းလေးထားပြီး အခန်းထဲထိ သိပ်ဝင်မလာတော့ပေ၊ သို့သော် သူမကို အရမ်းစချင်လျှင် သို့တည်းမဟုတ်. . . သူမ အတော်ကြီးကိုဒေါ



www.burmeseclassic.com

www.burmeseclassic.com



တောက်နေလျှင်တော့ အခန်းထဲထိဝင်၍ မရမကချော့တတ်ပါ၏။

အဲဒီအခါ ဖေဖေတို့ဆူမှာကြောက်၍ သူမ မြန်မြန်ကျေအေးလိုက်ရတာပင်။ ဖေဖေတို့ကတော့ ဈာန့်ကိုဟော့ဟော့ရမ်းရမ်းကောင်လေးမဟုတ်တာကြောင့် အပြစ်တစ်ခါမှမတင်ခဲ့တာအမှန်ပင်။

"ဟဲ့"

"ပြီးပါပြီ. . . မမကလည်း ပြန်ရောက်တာနဲ့အသံထွက်ပြီ။ ဇာ့ကိုများ တစ်အိမ်လုံးဝိုင်းဆူဖို့ မွေးထားတယ်ထင်နေလား။ ကြားထဲ ဒင်းကအဆစ်ပါသေးတယ်။ ဟင်. . . အဲဒါဘာလုပ်နေကာလဲ။ သူများအဝတ်လဲရမှာတွေဘာတွေရှိတာ နင်အလိုက်သိပေါ့"

"နင်လိမ်းဖို့ သနပ်ခါးသွေးပေးနေတာလေ,ဇာရာ"

"မလိုချင်ဘူး. . . သွား. . . ထွက်. . . ခုချက်ချင်း"

"ဟဲ့. . . တိုးတိုး. . . ဖယ်တော့လေ၊ ငါရေချိုးဦးမှာ။ မြန်မြန်သွက်သွက်လုပ်ကြ။ ဖေဖေပြန်လာတော့မယ်"

မမက သူမကိုဖယ်ခိုင်းပြီး ရေချိုးခန်းထဲဝင်သွားတော့သည်။ သူမ towel ကိုခြုံထားပြီး သူ့ကို နှင်ပြီးရင်း နှင်နေလေ၏။





"ငါကျောခိုင်းထားမယ်လေ. . . နင်အဝတ်လဲပေါ့"

"မရဘူး. . . ထွက်ဟာ"

"ဇာကလည်းကွာ. . . ဒီလောက်မဂျစ်နဲ့"

"နင်တော့လား. . . တွေ့မယ်။ အန်တီချိုရေ, ဟောဒီမှာ အန်တီ့သား အခန်းထဲကမထွက်ဘူးတဲ့။ မမနဲ့ဇာ အဝတ်လဲရမယ်ဆိုတာ ပြောလို့မရဘူး"

"ဟဲ့. . . သားရယ်"

"ဇာ. . . တိုးတိုးပြောမှပေါ့။ ဘေးခန်းတွေတော့ကြားကုန်တော့မှာပဲ။ သွား. . . လုပ်စရာရှိတာမြန်မြန်သွက်သွက်လုပ်စမ်း။ ခုမှရှက်စရာမဟုတ်တာကိုရှက်မနေနဲ့. . . အပိုတွေ"

ကဲ. . . အဲဒါသာကြည့်. . . အန်တီလေးပြောလိုက်မှ ဂိတ်ကိုဆုံးရော။ သူမ ခြေဆောင့်နင်းလျက် ဗီရိုထဲမှဝတ်စရာကိုထုတ်ကာ ဗီရိုတံခါးအကွယ်၌ပင် အကျီဝတ်ရတော့သည်။

"လာ. . . ငါ, သနပ်ခါးလူးပေးမယ်"

"မလိုပါဘူး. . . နင်ဖယ်ပေး"

"လုပ်ပါဇာရယ်. . . ငါကိုယ်တိုင်လူးပေးချင်လို့ သွေးထားတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"နင်လွန်လာပြီနော်၊ ချာန်"

"ဘာဖြစ်နေကြပြန်ပြီလဲ။ မြန်မြန်လုပ်ပါဆိုနေမှ စကားက များနေပြန်ပြီ။ လိမ်းစရာရှိတာလိမ်းမှပေါ့။ ပြီးရင် ငါ့အလှည့်ကျန်သေးတဲ့ဟာ။ ချာန်မြန်မြန်ကူစမ်းဟယ်။ ငါ့ ဟင်းအိုးသွားနွေးနှင့်မယ်"

"အစိမ်းကြော်ကို ကျွန်တော်ကြော်မှာနော်မမ"

"အေးပါ. . . ငါသိပါတယ်"

မမက အဝတ်အမြန်လဲဝတ်ပြီး မီးဖိုခန်းသို့ထွက်သွားချေပြီ။ သူနှင့်သူမကတော့ ကျောက်ပျဉ်ဘေးမှာ ခုထိထိုင်နေတုန်း။

"ဇာကလိမ္မာပါတယ်ဟာ. . . နော်. . . လာ. . . သနပ်ခါးလူးမယ်"

"မလိမ္မာချင်ပါဘူး။ ခုပဲ လူကြီးတွေကိုကလန်ကဆန်လုပ်ဖို့ရည်ရွယ်ထားတဲ့ဟာကို"

"ဒါနောက်ကိစ္စလေ. . . ခုကိစ္စ အခုအရင်ရှင်းရအောင်"

သူက သနပ်ခါးကို လက်ညှိုးဖြင့်ကော်ယူလိုက်ပြီး သူမပါးပြင်ထက် သုတ်လိုက်သဖြင့် သူ့လက်ကို ဖြန်းခနဲပုတ်ထုတ်လိုက်မိသည်။





"ဇာ"

"နင်နဲ့ငါပတ်သက်တာ ဒီနေ့ဒီအချိန် နောက်ဆုံးပဲဆိုတာ နင်မြဲမြဲမှတ်ထား ချာန်။ နောက်ကို ငါ့ဆီနင်ဘယ်တော့မှမလာနဲ့။ ပြီးတော့ ငါ့နောက်ကနေ မသက်ာသလိုလို လိုက်ချောင်းနေတဲ့လုပ်ရပ်ကိုလည်း ရပ်တန်းကရပ်ပါ. . . ဒါပဲ"

"နင်သိနေတယ်ပေါ့လေ"

သူမျက်ဝန်းတွေထဲမှ ဖျတ်ခနဲလက်သွားသည့်အရောင်တို့ကြောင့် သူမမျက်နှာလွှဲလိုက်မိ၏။ ငါ့ကိုလာပြီးမပြုစားချင်ပါနဲ့ ချာန်။ နင်ပြောတိုင်းယုံနေမိရင် ငါအရူးဖြစ်တော့မှာ။

"ငါမသိချင်ပါဘူး. . . မေဇင်ပြောလို့သိတာ"

"ဘာပဲဖြစ်ဖြစ် ငါပါရင် နင်နောက်ကျောလုံတယ်မဟုတ်လား။ နင့်ကိုယ်နင် စိတ်ချလက်ချရှိတာပေါ့ ဇာရာ။ ငါပြောသားပဲ နင့်ငါတွဲလျှောက်မှမဟုတ်ဘူး။ နင့်နောက်မှာ ငါအမြဲပါတတ်တာ နင်သတိမထားမိလို့နေမှာပါ။ ငါအလုပ်တွေရှုပ်နေတဲ့တစ်လလေးအတွင်းပဲ နင့်နောက် ငါပါမလာတာပါကွ"

သူမ,အံ့ဩသွားမိ၏။ ဘုရားရေ. . . ဒါတကယ်ပဲလား။ ဟင့်အင်း. . . မဖြစ်နိုင်ပါဘူး။ သူ့ဘက်မှာသူ့လျှိုတွေက ခပ်များ



www.burmeseclassic.com

www.burmeseclassic.com



များရယ်။ လီဆယ်ပြောနေတာလည်းဖြစ်နိုင်တာပါပဲ။

ဒုက္ခပါပဲ. . . ငါ့အားနည်းချက်ကိုသိထားမှတော့ ဒင်းလုပ်ကြံသမျှ ယုံမိတော့မလို့ပါလား။

"ငါ့ကိုယုံအောင် လျှောက်ပြောမနေနဲ့"

"ဟဲ့. . . ခုထိမပြီးကြသေးဘူးလား, ကြာလှပြီ။ ဘယ်လောက်တောင်မှ အလွမ်းသယ်နေကြလဲမသိတော့ပါဘူး။ ပြောတော့ဖြင့်ပြတ်သလေးဘာလေးနဲ့။ ဟိုက နှစ်ခွန်းမရွှဲရဘူး။ ပျော့နေပြီမဟုတ်လား"

"မမနော်"

"ပြီးပါပြီဗျာ. . . သူ့, မရမကလိုက်ဂျစ်နေလို့ဗျ"

သူက ပြောပြောဆိုဆိုပင် သူမမေးစေ့ကို ဖျတ်ခနဲကိုင်၍ မျက်နှာပြင်ထက် သနပ်ခါးရေကျဲကို ပွတ်ပေးလိုက်လေ၏။ သူမကာ ရှန်းတော့ လက်ကိုဆွဲ၍လိမ်းပေးပြန်သည်။ ရုန်းရင်းဆန်ခတ်ဖြင့် သူမကို သနပ်ခါးလူးခြင်းအလုပ်က ပြီးသွားလေပြီ။

"လာ. . . အစိမ်းကြော်သွားကြော်ကြစို့"

"မကြော်နိုင်ဘူး. . . နင့်ဟာနင်ကြော်ပါလား"

"ကြော်တာက ငါကြော်မှာပါဇာရာ။ နင်က ဘေးမှာစကား





ထိုင်ပြောရုံပါပဲ"

"မပြောနိုင်ဘူး"

"အေးပါ. . . ရန်တွေ့ချင်လည်းရန်တွေ့ရုံပါပဲဟာ"

"ကဲ. . . လိုက်သွားစမ်း မရွှေဂျစ်ရယ်။ ငါမျက်စိနောက်လာပြီ. . . နင်တို့နှစ်ယောက်စလုံးကို"

မမတွန်းထုတ်တော့မှ သူမ, သူ့နောက်သို့ပါလာခဲ့ရတော့၏။ သူက အနံတီလေးအဆင်သင့်လှီး၍ ဆေးထားပေးသည့်အသီးအရွက်တို့ကိုဆီသပ်၍ တစ်ခုချင်းထည့်ကြော်လေတော့သည်။ စိတ်ရှည်လက်ရှည်ဖြင့်ကြော်နေသည့် သူ့ကျောပြင်ကိုသာ သူမ စိုက်ကြည့်နေမိ၏။

စားပွဲဘေးခုံမှာထိုင်၍ စားပွဲပေါ် လက်ထောက်မေးတင်လျက် သူမအတွေးတို့ကဲ အတိတ်ဆီသို့အပြေးနှင်သွားတော့သည်။ အဲဒီတုန်းကလည်း သူ ဒီလိုမျိုး သူမကြိုက်တာတွေကို မကြာခဏလာချက်ပေးတတ်တာလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

တိုက်ခန်းတံခါးကိုလာခေါက်တာမို့ မေမေက အသာဖွင့်ပေးလိုက်၏။ အပြင်မှာရပ်နေသည်က မျက်နှာချိုချိုအန်တီတစ်ယောက်။ ပြီးတော့ ဦးဦးတစ်ယောက်. . .။

"ဒါ. . . ငွေလှိုင်းဇာခြည်တို့အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"

"ကျွန်တော်တို့က ဈာန်ရဲ့မိဘတွေပါ။ ဒီနေ့ကျောင်းမှာ သားက သမီးကိုစ,ရင်း ငိုသွားရတယ်လို့ သူတို့ဆရာမပြောတာနဲ့ လိုက်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဟုတ်တယ်, ဒီလိုပါပဲရှင်။ သမီးငယ်က နည်းနည်းမှအထိခံတာမဟုတ်ဘူးရှင့်။ သူက နဂိုကတည်းက စိတ်ကခပ်ကောက်ကောက်ရယ်။ ဝင်ပါဦးရှင်. . ."

"ဂုဏ်ကဲ့"

ဧ. . .န်းထဲဝင်လာသည့်ဦးဦးနှင့်အန်တီကို မျက်နှာခပ်ပုပ်ပုပ်ဖြင့်ကြည့်ရင်း သူမ ထိုင်ခုံပေါ်မှာပင် ဆက်ထိုင်နေပါ၏။ မေမေက ဧည့်သည်တွေကို ထိုင်ခုံမှာထိုင်ခိုင်း၍ အန်တီလေးကိုတစ်ခုခုလုပ်ခိုင်းလိုက်လေသည်။

"ငွေလှိုင်းဇာခြည်ဆိုတာ သမီးလား"

"ဟုတ်"

"သမီးလက် တော်တော်နာနေလားဟင်။ အဲဒီဗျာန်ဟာလေ. . . မျောက်ရှုံးအောင် သိပ်ဆော့တာပဲ။ ချို့ အားနာလိုက်တာမမရယ်။ ကလေးလက်က ပတ်တီးတောင်စည်းထားရတာ။ သားကိုခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်ရှင်"

"ရပါတယ်ညီမရယ်။ ကလေးဆိုတာ ဒီလိုပဲဆော့ကြတာပေါ့။ ဆော့ရင်းဖြစ်တာ မတော်တဆပဲဟာ"

"ဟင့်အင်းမေမေ. . . ဇာက ကေသီနဲ့ထိုင်နေတာကို အဲဒီ





ကောင်လေးက လာတွန်းတာမေမေရဲ့။ ပြီးတော့ ဇာ့ကိုငှီးကွက်မလို့ခဏခဏပြောတယ်။ သူ့ကို ဇာမကျေနပ်ဘူး။ ဖေဖေလာရင်တိုင်ပြောမှာ"

"ဟယ်. . . သမီးကလည်း"

"ဟင်းဟင်း. . . သူပြောတတ်သလိုပြောတာပဲ မမရယ်၊ ပြောပါစေ။ ချိုတို့လည်း ဒီလိုသမီးလေးမျိုးလိုချင်နေတာ။ အိမ်မှာက ဒီမျောက်လောင်းတစ်ကောင်ပဲရှိတာ နိုင်ကိုမနိုင်ပါဘူး။ သမီးကသွက်လိုက်တာနော်"

"ဟုတ်တယ်. . . ကျွန်မက သမီးနှစ်ယောက်ရှိတာလေ။ အကြီးမက အခုလေးတန်းပေါ့။ ဟိုဘက်ခန်းမှာ ကျူရှင်သွားတက်နေတယ်။ အကြီးက အေးသလောက် အငယ်က ခပ်စွာစွာရှင့်"

"မေမေကလည်း ဇာကမစွာပါဘူးနော်။ ဖေဖေဆို ဇာ့ကိုနာမည်လှလှလေးခေါ်တဲ့ဟာ"

"ဟုတ်လား. . . ဘယ်လိုခေါ်လဲသမီးလေးရဲ့"

"ဂရက်ကဲလ်. . . တဲ့"

လူကြီးတွေ အုန်းခနဲဝိုင်းရယ်လိုက်ကြလေ၏။ ဟုတ်တယ်လေ. . .။ grackle ဆိုတာ သာလိကာကိုခေါ်တာပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



တအောင့်အကြာမှာ မမပြန်လာလေ၏။

"ဟာ. . . ညှော်သည်တွေရောက်နေတာကိုး"

"ဟုတ်တယ်သမီးရေ။ ဇာလေးလက်ကိုတိုက်မိတဲ့ကောင်လေးရဲ့ဖေဖေနဲ့မေမေပေါ့"

"ဩော်. . . ဒါဖြင့် သရဲရဲ့ဖေဖေနဲ့မေမေပေါ့"

"ဟဲ့. . . ဘယ်ကသရဲတုန်း"

"သိဘူးလေ. . . ဇာလေးပြောတာ။ သရဲလုပ်လို့ သူ့လက်နာသွားတာဆို"

ရယ်သံတွေ ဝေါခနဲထွက်လာပြန်၏။ အဲဒါပဲ. . . မမတို့များ ဇာပြောသမျှအကုန်ယုံပြီး မှတ်ထားတော့တာပါပဲ။

"အဲဒါပါပဲညီမရယ်။ သမီးကြီးက အဲဒီလိုထက်တာလေ"

"ဟင်းဟင်း. . . ဒီလိုပေါ့. . . တစ်ယောက်တစ်မျိုးဆန့်ကျင်ဘက်ဖြစ်နေပေမယ့် ချစ်ဖို့ကောင်းတာချည်းပါပဲ။ သားကတော့ တစ်ယောက်တည်းနေရလို့ အဖော်သိပ်မင်တာ။ သူ့အဖေဘက်မှာ ဝမ်းကွဲတွေတော့ရှိပါရဲ့။ အားလုံးမျောက်တွေချည်းပဲ"

"ဟာ. . . ချိုရာ၊ မင်းပြောမှပဲ ငါတို့တစ်မျိုးလုံး မျောက်မျိုးဖြစ်ကုန်ပြီ"





"ဟုတ်ပါရဲ့. . .။ ဩော်. . . စကားကောင်းနေလိုက်တာ ကိုယ့်ကိုယ်ကိုတောင် မိတ်မဆက်ရသေးဘူး။ ချို့နာမည်က နွယ်နီချိုပါ။ သားအဖေက ဦးကျော်သန်းဦးပါ၊ မမ"

"ဟုတ်ကဲ့. . . အခုလိုသိရတာဝမ်းသာပါတယ်။ နောက်လည်းလာလည်ကြပါဦးနော်။ ကော်ဖီလေးသုံးဆောင်ပါဦး။ အိမ်မှာက မိသားစုလေးဦးရှိပါတယ်။ အစ်ကို့နာမည်က. . ."

"ဒေါက်!. . . ဒေါက်!. . ."

"ဟော. . . ပြောရင်းဆိုရင်း ပြန်လာပြီထင်ပါရဲ့။ သီတာရေ. . . တံခါးဖွင့်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့မမ"

တံခါးဖွင့်ပေးလိုက်သည်နှင့် သူမ၊ ဖေဖေဝင်လာတာကို ပင်မစောင့်ဘဲ ကြိုးသိုင်းထားသည့်ပတ်တီးစည်းလက်ဖြင့်ပင် ထိုင်ခုံမှဆင်းကာ အပြေးကြိုလိုက်လေ၏။

"ဖေဖေ"

"ဟေ. . . ဟောဗျာ၊ ဖေ့သမီး grackle လေး ဘာဖြစ်တာလဲ"

"ဒီနေ့ကျောင်းမှာ သရဲလုပ်လို့. . . ဇာ့လက်နာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့။ အဲဒါ စာလည်းရေးလို့မရတော့ဘူး။ ထမင်းလည်းစားလို့မရဘူး။ ဇာ့ကို ဖေဖေထမင်းခွံ့ကျွေးရမယ်နော်"

"အေးပါ. . . အေးပါ. . . ငါ့သမီးလေးကို ဘယ်ကသရဲက ကိုက်လိုက်တာတုန်း"

"ဟိုမှာလေ. . . သရဲရဲ့ဖေဖေနဲ့မေမေ ရောက်လာတယ်"

ဦးမျိုးမြင့်က သမီးငယ်ကိုစွေ့ခနဲပွေ့ချီ၍ ဝင်လာခဲ့၏။ ဘိုမဖြစ်သူက သူယူလာသည့်ပစ္စည်းတွေနှင့် အိတ်ကိုသယ်သွားလေပြီ။

"အံမာ. . . ဘယ်သူများလဲလို့ ငါသေချာကြည့်နေတာ၊ လက်စသတ်တော့ ကိုဦးပါလား"

"ဟာ. . . ကိုမျိုး"

"ဟုတ်ပါ့. . . ဘယ်မတုန်း မင်းသား"

"ကိုမျိုးသမီး သူ့ကိုပြန်လုပ်မှာစိုးလို့တဲ့ နေခဲ့တယ်ခင်ဗျ။ ဒီလောက်ထိသတ္တိကောင်းတဲ့အာဇာနည်မျိုး"

လူကြီးတွေရယ်လိုက်ကြပြန်၏။ မမျှော်လင့်ဘဲ ငယ်သူငယ်ချင်းတွေပြန်ဆုံကြတာမို့ ဝမ်းသာအားရဖက်လဲတကင်းရှိလှသည်။ ဖေဖေက မေမေနှင့်မိတ်ဆက်ပေးလေ၏။





"ဒါ့ ငါ့ဇနီးချယ်ရီလေ. . .။ ဟိုဟာက ငါ့ညီမဝမ်းကွဲ သီတာ။ ဒါလေးက သမီးကြီးမြတ္တိုပါ။ သမီးငယ်ကိုတော့သိပြီးလောက်ရောပေါ့။ ငါ့သမီးက အိမ့်ဆည်းလည်းပဲကွ"

"ဟုတ်ပါ့ဗျာ. . . ချိုကလည်း ဒီလိုသမီးမျိုးလိုချင်တာဗျ။ ကျွန်တော်တို့အမျိုးက မိန်းကလေးရှားသဗျို့"

"အို. . . မောင်ကလည်း သားရှိရင် အချိန်တန် သမီးရမှာပေါ့။ မဟုတ်ဘူးလားမမရယ်"

"ဟုတ်တာပေါ့"

ထိုစဉ်တုန်းကတော့ အသက်ငယ်လွန်း၍ အန်တီချို့စကားကို သူမသိပ်နားမလည်ခဲ့ပါ။ နောက်ပိုင်း သူ့အိမ်ကိုယ်ဝင်၊ ကိုယ့်အိမ်သူလာရင်း၊ သူမကို အတင်းတောင်းကြမ့် (ဆယ်နှစ်ကျော်အရွယ်မှာ) သူမရိပ်မိခဲ့ရ၏။ ဟွန်း. . . ဒီလိုကောင်နဲ့များ အကြောမတည်ပေါင်။

"အန်တီချယ်. . . ဇီးကွက်မ ရှိရဲ့လား"

"ရှိပါ့တော်. . . ရှိပါ့။ အခန်းထဲမှာ စာလုပ်နေလေရဲ့ သားရေ"

"အံမယ်. . . သူကဆရာဝန်မကြီးဖြစ်မယ်ထင်ပြီး စာကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားပြနေလိုက်တာ။ ဖြစ်ပါလိမ့်မယ် အားကြီးကြီး"

"ကျွန်ုပ်ရဲ့နော်. . . နင့်ဟာနင် စာမကျက်ဘဲ၊ ငါ့ကို လာမနှောင့်ယှက်နဲ့"

"ဟုတ်တယ်လေ. . . မမက ဆယ်တန်းမို့ စာကြိုးစားတာ အကြောင်းလား။ နင်က အခုမှခြောက်တန်းပဲရှိသေးတယ်။ ဟန်ဆောင်ကျက်ပြမနေနဲ့။ ပြီးရင် ဦးဦးဆီက မုန့်ဖိုးညာတောင်းမယ့် ရုပ်ကိုများ. . . မယုံသေးသပ့်, မယုံပေါင်"

"ကဲ"

ဝိုးခနဲခေါင်းပေါ်ပျံ့ဝဲလာသည့်စာအုပ်ကို သူခေါင်းငုံ့၍ ရှောင်လိုက်စဉ် နောက်မှဝင်လာသည့်မမကိုထိသွားလေ၏။

"ဟယ်. . . ဆော့လှချည်လား"

"မမကလည်း. . . ခါတိုင်းလို မွေ့ရာပေါ်မှာ ကျွမ်းထိုးတိုင်း ဆော့ကြမယ်လေ"

"ဟဲ့. . . နင်တို့က ကလေးတွေလေ။ ငါ ဘယ်ဆော့လို့ရတော့မှာလဲ ကျွန်ုပ်ရဲ့။ ကဲကဲ. . . ညှော်ခန်းမှာပဲသွားဆော့ချည်။ ငါ စာတွေလုပ်စရာရှိတယ်"

မမမောင်းထုတ်တော့မှ သူမ သင်္ချာတွက်ပြီးပြီမို့ စာအုပ်





ပိတ်၍ ထလိုက်လာခဲ့ရ၏။ အဲဒီကောင်ဟာ သူများစာလုပ်ချိန်ဆို ရောက်လာပြီ။ တမင်များအချိန်ကိုက်ထားသလားထင်ရတယ်။

"သမီးငယ်ရေ. . . ပြီးပြီဆိုသွားကြစို့"

"ဟင်. . . ဘယ်ကိုလဲမေမေရဲ့"

"ကျွန်ုပ်တို့အိမ်လေ"

"အာ. . . မလိုက်ချင်ပါဘူး"

"ဩော်. . . သမီးနေခဲ့လို့ဘယ်ဖြစ်မှာလဲ။ တော်ကြာသမီး နှောင့်ယှက်လို့ မမစာမကျက်ရဘဲဖြစ်နေမယ်။ လာ. . . လိုက်ခဲ့။ ဖေဖေက ကျွန်ုပ်တို့အိမ်မှာစောင့်နေမှာ"

"ဒါဖြင့် ဇာ, ဒီအကျီနဲ့ပဲလိုက်ရမှာလား"

"ဟိုဘက်နှစ်လမ်းကျော်ပဲသမီးရယ်, မလိုပါဘူး။ ဒီဂါဝန် နီနီလေးနဲ့လည်း သမီးကလှပါတယ်"

"မလှပါဘူးအန်တီရဲ့။ ကုလားမနဲ့ပဲ ပိုတူသွားတာများ"

"နင့်နော်"

"ဟဲ့. . . ဩော်. . . ဒီမောင်နှမတွေ ရန်မဖြစ်ကြနဲ့လေ။ လာ. . . သွားမယ်။ ညီမငယ်လေးရေ. . . တံခါးလာပိတ်ဦးတော့"

"ဟုတ်ကဲ့မမ"



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်သူ၊ မေမေ့လက်ကိုဆွဲ၍ နှစ်လမ်းကျော်ရှိ သူတို့တိုက်ခန်းသို့လာခဲ့၏။ ဈာန်တို့က ဘိုးဘွားဘက်မှအမွေရခဲ့တာမို့ သူမတို့ထက်ပိုပြီးချမ်းသာပြည့်စုံပါ၏။ ကုမ္ပဏီလည်း ကိုယ်တိုင်ရှယ်ယာဝင်မို့ အဆင်ပြေကြပါသည်။

သူမဖေဖေကတော့ တခြားကုမ္ပဏီတစ်ခုမှာ မန်နေဂျာအလုပ်လုပ်တာမို့ အဆင်ပြေသော်လည်း မရှိမရှားအဆင့်လောက်သာ။ မေမေက ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်လေးဖွင့်ထားတာမို့ လောက်ငှသည်ဆိုရမှာပင်။

"ဟော. . . ချို့သမီးလေး ပါလာပြီလား"

တိုက်ခန်းထဲဝင်လျှင်ဝင်ချင်း အန်တီချို့အသံကလွင့်ထွက်လာ၏။ သူမနှုတ်ခမ်းလေး တစ်တောင်လောက်စူသွားရလေသည်။ ဟုတ်တယ်. . . တွေ့လိုက်တာနဲ့ ဇာကိုတောင်းနေတာပဲ။ ဒါကြောင့် ဒီကိုလိုက်မလည်ချင်တာ။

"အန်တီချိုကလည်း ဇာ, သူနဲ့မောင်နှမမတော်ချင်ပါဘူး။ သူက အနိုင်သိပ်ကျင့်တာပဲအန်တီရဲ့"

"သမီးကလည်း"

"မေမေမသိဘူးနော်. .။ ဒီကောင် ဇာ့အပေါ် ဗိုလ်ကျ





ပေါင်းများပြီ။ သူ့မှာ ဘောပင်ပါလာရဲ့သားနဲ့ ဇာ့ဘောပင်ကိုငှားပြီးရေးတာ"

"ဘာဖြစ်လဲသမီးရယ်. . . ဘာမှမဖြစ်လောက်တာလေးတို့"

"ဖြစ်တာပေါ့မေမေရဲ့. . . သက.ဇော်ဘောပင်ငှားတာတောင်ဇာသိပ်ကြိုက်တဲ့ဘောပင်ကိုလုပြီးရေးဖော။ အဲဒီဘောပင်နဲ့ရေးရင်ဇာ့လက်ရေးအရမ်းလှတာကိုမနာလိုလို့ စိတ်ပုပ်မွေးတာပဲကြည့်"

"အံမာ. . . ငကြွားမ။ နင့်လက်ရေးပဲပင်ပေါက်. . . ကားကြိတ်ထားတာကိုများ"

"နင်နော်. . . ပြောပြန်ပြီ"

သူမလက်သီးဆုပ် ဈာန့်ကျောပေါ် အုန်းခနဲရောက်သွားတော့၊ ဒင်းက မျက်နှာရှုံ့သွားတာတောင် မျက်ခွက်က ပြောင်ချင်တုန်း။ သူမနှင့်သူက အဲဒီလိုတကျက်ကျက်ရန်ဖြစ်ဖော်စိတ်ကောက်ဖက်။ သူမက ထစ်ခနဲရှိ စိတ်ကောက်လွယ်သော်လည်း အမြန်စိတ်ပြေမြန်သူဖြစ်ခဲ့ပါ၏။ စိတ်ကြည်ကြည်လင်လင်နှင့် ကြည်နူးစွာရယ်မောရချိန်က မရှိသလောက်ရှားပါးခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူက သူမကိုအမြဲမထိတထိအမြဲကလိနေတတ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောက်စလုံးက တိုက်ခန်းတွေမှာသာ ကြီးပြင်းခဲ့ရတာမို့ တစားရတာ အတော့်ကိုစိတ်တိုင်းမကျဖြစ်ရပါသည်။ များသောအားဖြင့် သူမနှင့်မမတို့အတူအိပ်သည့် အိပ်ခန်းကျယ်ထဲမှာသာ ဝုန်းဒိုင်းကျဲဆော့ကစားကြ၏။

သူမတို့ညီအစ်မက မိန်းကလေးတွေမို့ ကစားလျှင် ညင်ညင်သာသာကစားတတ်လေ့ရှိသော်လည်း သူကတော့ ယောကျ်ားလေးမို့ ကစားအတော်ကြမ်းပါသည်။ သူကဘောလုံးကန်ချင်သည့်ဝါသနာကလည်းပါတာမို့ တစ်လလျှင်နှစ်ကြိမ်မျှ ပန်းခြံသို့ ဦးဦးက လိုက်ပို့လေ့ရှိ၏။ နောက်ပိုင်းမှာ သူမတို့မိသားစုပါပေါင်း၍ ပန်းခြံတို့၊ ကစားကွင်းတို့ဆီသွားဖြစ်ကြသည်။

မမက ဒန်းစီး၊ လျှောစီး၊ စီးဆော့စီးသော်လည်း သူမက သူဘောလုံးကန်ရန်အဖော်မရှိသဖြင့် သူနှင့်အတူ ဘောလုံးလိုက်ကန်သည့်ပေါက်ကျော်မသာဖြစ်ခဲ့၏။ သူ့အလိုကျလိုက်ကစားသည့် သူမကို သူကမသက်ညှာလှပါ။ ဘောလုံးကန်ရင်း ခြေထောက်ကို ဖြတ်ခုတ်ခံရ၍ ဆေးခန်းပြရပေါင်းလည်းမနည်း။ အထူးသဖြင့် သူမ၏အုံကောင်း၍ ပွယောင်းယောင်းဆံပင်တို့ကို ထိုးဖွဆော့တတ်လွန်းသည်မို့ ဒေါသဖြစ်မဆုံး။





ဤသို့ဖြင့် သူနှင့်သူမတို့မိသားစုနှစ်စုဟာ တကယ်ဆွေမျိုးရင်းချာတွေလို တရင်းတနှီးဝင်ထွက်ပတ်သက်ခဲ့ပါ၏။ သူ့အိမ်ကို သူမတို့က သွားခဲသော်လည်း၊ သူကတော့ ငယ်စဉ်ကပင် စက်ဘီးတစ်စီးဖြင့် သူမဆီ တဂျောင်းဂျောင်းလာခဲ့တာပင်။

လာတိုင်းလည်း သူမကိုမထိတထိစ၊ ဒေါသထွက်အောင်ကလိပြီးမှပြန်သွားတတ်သည်မှာ သူ၏ဗီဇဆိုလျှင်တော့ ဒါဟာကောင်းတဲ့စရိုက်တစ်ခုတော့မဟုတ်ပါ။ သို့သော် သူ့ကိုမည်မျှပင်မကျေနပ်သော်လည်း သူမ၏နေ့စဉ်ကျောင်းတက်ဖော်သူငယ်ချင်းအဖြစ်တော့ အသိအမှတ်ပြုခဲ့သည်မှာ အမှန်ပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဇာစိတ်ဆိုးစိတ်ကောက်ဖြစ်အောင်လုပ်ပြီး ပြန်ချော့ရတဲ့အလုပ်ကို အနှစ်သက်ဆုံးပါတဲ့...။ ကဲ... ဘယ်လိုကောင်လေးမှန်းကို မသိတော့ပါဘူး...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"မျက်ပြူးမရေ. . . မပြီးသေးဘူးလားဟ။ ကျောင်းချိန်နီးနေပြီ"

"လာပါပြီဟဲ့. . . ဘယ်လိုဖြစ်နေတာလ။ ဆံပင်လေးတော့ သေချာစည်းပါရစေဦး။ ဒီမှာ ဆံပင်တွေပွရတဲ့ကြားထဲ၊ လာလော မနေနဲ့"

သူမဆံပင်နှစ်ဖက်စည်း၍ထွက်လာတော့ သူက နှာခေါင်းရှုံ့ပြလေ၏။ သူမက မျက်စောင်းခဲလိုက်ပြီး မီးဖိုခန်းမှာ အန်တီလေး အသင့်ပြင်ထားသည့်ထမင်းချိုင့်ကို ယူလိုက်ပါသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမသက်သာသဖြင့် ချိုင့်ကိုဖွင့်ကြည့်လိုက်မိ၏။

"ဟင်. . . ဖော့အာလူးကတ်တလိတ်က လေးလုံးတည်းလား အန်တီလေးရဲ့"

"သားချောန်စားချင်တယ်ဆိုလို့ ကျွေးလိုက်တယ်လေသမီးရယ်။ တခြားဟင်းတွေပါတာပဲဟာ"

"တွေ့လား. . . ဒင်းဗိုလ်ကျပြန်ပြီ။ ကျောင်းရောက်ရင် နောက်နှစ်လုံးက ယူစားဦးမှာ"

"အစားကိုမတွန့်တိုကောင်းဘူးလေသမီးရယ်"

"အန်တီလေးကလည်း. . . ဒါဆို သူက ဖော့ထက်တစ်လုံး ပိုစားရတော့တာပေါ့။ ခွေးစုတ်ခွေးနာ . . ကြိုက်တဲ့ဟင်းတွေ၊ ပုံ့တွေဆို သိသိကြီးနဲ့လုစားတဲ့ကောင်။ ခွေး . . ခိုး. . ."

"ဟဲ့. . . ဩော်. . . ဖောရယ်။ ကိုယ့်သူငယ်ချင်းကိုမဆဲရဘူးလေ. . . တယ်ခက်တဲ့ကလေးပဲ"

"အဲဒီအန်တီလေးကလည်း ဘယ်တော့မှ ဖော့ဘက်မှာမရှိဘူး။ တစ်ခါလာလည်း သူ့ဘက်ကချည်းပဲ။ အဲဒါဆို သူ့အဒေါ်ပဲ သွားလုပ်ပါလား"

"ဟဲ့. . . ပြောနေတဲ့ကြားက မိဖောနော်"





အန်တီလေးက ဦးဦးမှာ ညီလူပျိုကြီးတစ်ယောက်ရှိတာမို့ ရှက်သွားပြီး သူမခေါင်းကို ဒေါက်ခနဲခေါက်လိုက်လေ၏။ သူမခြေဆောင့်လိုက်ပြီး ညှော်ခန်းထွက်လာတော့ သူက ပြုံးစိစိမျက်နှာဖြင့် စပြန်သည်။

"ဘယ်လောက်ပဲပြင်ပြင် ထွက်လာတော့လည်း ဒီပုံပဲ။ နီဂရိုးမက နီဂရိုးမပါပဲဟာ"

"နင်နော်"

"ကဲ. . . ကျောင်းသွားမယ့်ဟာ သွားကြစမ်းပါအေ။ နင်တို့နှစ်ယောက်ရှိနေရင် ငါခေါင်းကိုက်လွန်းလို့. . . သွားကြတော့။ ကျောင်းချိန်နီးနေပြီဟာ"

အန်တီလေးအော်ထုတ်တော့မှ သူမတို့နှစ်ယောက် တိုက်လှေကားတို့ကို ပြေးဆင်းလာခဲ့၏။ သူက သူမထမင်းချိုင့်ကိုယူ၍ စက်ဘီးရှေ့ခြင်းထဲမှာထည့်ပေးပြီး ခြေတစ်ဖက်ထောက်ကာ ရပ်ထားပေးသည်။ ကျောပိုးအိတ်ကြီးကို သေချာနေရာတကျပြင်ပြီးမှ သူမစက်ဘီးပေါ်တက်လိုက်၏။

ကျောင်းကသိပ်မဝေးသည်မို့ သူ့စက်ဘီးနှင့်သွားရပြန်ရတာလွယ်ကူပါသည်။ သူက မည်မျှပင် သူမအပေါ်အနိုင်ကျင့်ပေ



www.burmeseclassic.com

www.burmeseclassic.com



ကာမှ သူတာဝန်ယူထားသည့်အလုပ်မှန်သမျှကိုတော့ အချိန်မှန်တာဝန်ကျေပွန်ပါ၏။

ကျောင်းကိုရောက်တော့ ကျောင်းအုပ်ကြီးခေါ်နေသည်ဆို၍ သူမတို့အတန်းထဲမှ သူငယ်ချင်းတွေနှင့်အတူလာခဲ့ရ၏။ ဆရာကြီးရုံးခန်းထဲမှာ ရွေးခေါ်ထားသည့်ကျောင်းသားကျောင်းသူအချို့ကိုပါ တွေ့ရလေသည်။

"A ခန်းက,ကလေးတွေ လူစုံရောက်ပါပြီ. . . ဆရာကြီး။ အစည်းအဝေးစလို့ရပါပြီ"

ကာယဆရာက ဆရာကြီးကို ဦးညွှတ်၍ပြောလိုက်တော့ ဆရာကြီးက စားပွဲနောက်မှာ မတ်တတ်ရပ်လိုက်လေသည်။ သူမတို့ကျောင်းသားကျောင်းသူအုပ်စုကတော့ ညီညာစွာဖြင့်ရပ်နေကြပါသည်။

"တပည့်တို့ရေ. . . ဆရာကြီးတို့ကျောင်းမှာ အားကစားထူးချွန်တဲ့ကျောင်းသားကျောင်းသူတွေရှိကြတဲ့အတွက် နှစ်စဉ်သက်ဆိုင်ရာအားကစားဆုတံဆိပ်တွေရခဲ့တာ တပည့်တို့အသိပဲ။ အခုနိုင်ငံတော်က ထူးချွန်တဲ့အားကစားသမားလေးတွေကို မွေးထုတ်ပြီးနိုင်ငံခြားမှာ ပြိုင်ပွဲဝင်နိုင်တဲ့အထိ စီမံပေးနေတယ်ကွယ့်။ ဒီတော့





တခြားကျောင်းက ကျောင်းသူကျောင်းသားတွေထဲက လက်ရွေးစင်တွေရွေးချယ်လို့ရခဲ့တာမို့ ဆရာကြီးတို့ကျောင်းကလည်း လာရွေးဖို့အစီအစဉ်ရှိတယ်။ ကဲ. . . ဆရာကြီးကတော့ နှစ်စဉ်ပြိုင်ပွဲဝင်နေကျကလေးတွေကို စုခိုင်းလိုက်တာပဲ။ ပြောပါဦး, လူရွေးပွဲပြိုင်ပွဲမှာ ဘယ်သူဝင်ပြိုင်ချင်သလဲ"

ကလေးတွေအုပ်စု ကျွတ်စီကျွတ်စီဖြစ်ကုန်၏။ (၇) တန်းမှ (၉) တန်းအထိ ရှစ်ခန်းထဲမှ နှစ်ယောက်သုံးယောက်စီမို့ လူတော့အတော်များနေပါသည်။

"တပည့်တို့ဆန္ဒရှိတဲ့လူကိုပဲ ဆရာကြီးက ရွေးစေချင်တာပါ။ ဆရာဦးဝင်းမြင့်ရေ. . . မိန်းကလေးကနည်းတော့ သူတို့ထဲက အတော်ဆုံးအမှတ်အများဆုံးတွေ ရွေးပေးပါဗျာ"

"ဟုတ်ကဲ့ဆရာကြီး. . . နဝမတန်း A က မခင်ပြည့်စုံ၊ B ခန်းက မမာလာဦး၊ C ခန်းက မရတနာနဲ့ F ခန်းက မကေသီတို့တို့က seneir တွေပါ။ အဋ္ဌမတန်း A က မငွေလှိုင်းဇာခြည်၊ C ကမသိမ့်သိမ့်စု၊ H က နော်အက်စတာတို့သုံးယောက်နဲ့ သတ္တမတန်း A ခန်းက မိုင်စန္ဒီနဲ့ E က မစန္ဒကူးတို့ စုစုပေါင်းကိုးဦးပါ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း . . . ဒီနှစ်မှ အငယ်တန်းကတက်လာတဲ့ ကလေးတွေ တော်တော်နည်းသွားတယ်နော်။ ခုခေါ်သွားတဲ့အမည်တွေထဲက အရင်ရွေးမယ်။ ပြီးရင် ကျန်တဲ့လူတွေထဲကခေါ်မယ်။ ကဲ . . . ဆန္ဒရှိတဲ့လူတွေပြောပါဦး”

ကျောင်းသားတွေငြိမ်နေသည်မို့ ဆရာကြီးက ဆရာဦးဝင်းမြင့်ကို မေးဆတ်ပြလိုက်၏။

“ဆရာကြီးမေးနေတာ ဖြေလိုက်ကြလေ။ ဇာခြည် . . . သမီး အပြေးဝင်ပြိုင်ဦးလေ”

“ဟင့်အင်းဆရာ။ ဇာတို့ စာတွေခက်နေလို့ အများကြီးကြိုးစားရဦးမှာ . . . မပြိုင်ချင်ဘူး”

“ရှစ်တန်းစာက ဒီလောက်မခက်သေးပါဘူး သမီးရယ်။ ကိုးတန်းရောက်မှသာ ဆယ်တန်းအခြေခံမို့ ပိုကြိုးစားရတာ။ ဝင်လိုက်နော် . . . ဆရာ ဒီမှာနာမည်ထည့်ပြီ”

“ဇာပါရင် ကျွန်တော်လည်းပါမယ်ဆရာ”

တခွိခွိရယ်သံတွေထွက်လာ၏။ တစ်ကျောင်းလုံးရှိ ဆရာဆရာမတွေပါမက ကျောင်းသူကျောင်းသားတွေကအစ သူမတို့နှစ်ဦးကိုသိထားကြသည်မို့ တွဲသွားတွဲလာအတူတူမြင်တိုင်း ပြုံးစိစိ





နှင့်စချင်ချင်။ ဒီကြားထဲမှာ ဒင်းတ စဖောက်တော့ အကုန်လျှောင်ချင်ကြပြီပေါ့။

“သေချာရဲ့လားချာန်ရဲ့ ဟုတ်မှလည်းလုပ်နော်။ နောက်မှပြန်ထွက်ချင်လို့မရဘူး”

“သေချာပါတယ်ဆရာ . . . မိဇာဖေဖေက ကျွန်တော့်ကိုပြောထားတယ်။ မိဇာဘယ်သွားသွားဘာလုပ်လုပ် ကျွန်တော်အမြဲပါရမယ်တဲ့”

“အေး . . . ဒါဖြင့်လည်းပြီးတာပါပဲ”

ဆရာက ကျန်လူတွေထဲမှစာရင်းဆက်ကောက်စဉ် သူမက ခြေမနောင့်ဖြင့် နောက်နားမှာရပ်နေသည့် သူ့ခြေထောက်ကို ဆောင့်နင်းလိုက်၏။

“အ . . . ခွစာမ . . . နင်နော်”

“နေရာတကာလိုက်ပါနေပြီးတော့”

“ဘာဖြစ်လဲ၊ နင်နဲ့ငါက အမြဲအကြာကြွေးလိုနှစ်ယောက်ပူးသွားနေကျကို။ နင်ပဲ အားကစားမှာချွန်သွားရင် ငါနစ်နာတာပေါ့။ ငါ့အကြောင်း နင်သိပါတယ်”

“နင်နော်”



www.burmeseclassic.com

www.burmeseclassic.com



ချာန်တို့က အဲဒီလို။ သူမနှင့်ပတ်သက်ပြီး နေရာတကာ လိုက်ပါရမှုကျေနပ်သည့်လူလေး။ သူမက အရွယ်ရောက်သည့်တိုင် အောင် လူကမထွားလာဘဲ ပုတုတုညှက်စိလေးဖြစ်နေပါ၏။ သူက တော့ ရှစ်တန်းနှစ်ကပင်ထွားကာ အရပ်ကြီးထွက်လာလေသည်။ စကားနိုင်လုကြတိုင်း သူ့အားကြီးနှင့် သူမခေါင်းကို လက်သီးဆုပ် ဖြင့်ထုတတ်တာမို့ အဲဒါကို သူမစိတ်အဆိုးဆုံး။

အတန်းထဲမှာ စာတော်သည်ကတစ်ကြောင်း၊ အားကစား ဘက်မှာလည်းထူးချွန်မို့ သူမတို့နှစ်ဦးက လူသိများပါ၏။ ဘယ်လို ပဲပြဿနာဖြစ်ဖြစ်၊ သူမက တစ်ယောက်တည်းစိတ်ကောက်ချင် ကောက်မည်။ ဆရာဆရာမတွေအလုပ်ရှုပ်မှာစိုး၍ တိုင်တောခြင်း မရှိပါ။ ထို့ကြောင့်လည်း သူက သူမအပေါ် ပိုနိုင်စားရဲတာပင်ဖြစ် ပေမည်။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွေမှာ မိဘတွေက ဟို ဟိုဒီဒီလိုက်ပို့တတ်သော်လည်း သူမတို့နှစ်ဦးကတော့ ညဈေးပွဲရှိ သည်နှင့် စက်ဘီးတစ်စီးဖြင့် လိမ့်ပြီးသား။ မုန့်ဖိုးတွေကိုအလကား မသုံးဖြုန်းတတ်ဘဲ စုဘူးဖြင့်စုလေ့ရှိသည်က သူမတို့ဝါသနာ။ သီ တင်းကျွတ်ပွဲဈေးရှိမှ စုဘူးဖောက်၊ ဈေးထဲမှာ လိုချင်တာလေးတွေ





ပိစိပေါက်စလေးတွေကအစ လိုက်ဝယ်၊ အဲဒီအခါမျိုးမှာ မမပါ သူမတို့နှင့်အတူတူပါတတ်ပါသည်။ ပြီးလျှင်သစ်သီးတွေစုံစုံလင် လင်ဝယ်၍ မိဘတွေကို လိုက်တန်တော့ကြတော့၊ မမကို ဆုသီးသန့် ပေးကာ သူမတို့နှစ်ယောက်ကိုတော့ ဆုအတူတူပေးနေကျ. . .။

အန်တီလေးဆို ဈေးဖိုးငွေလိုသည့်အခါ မမနှင့်သူမထံမှ ငွေခဏယူသုံးလျှင် မမထံမှာ ဘယ်တော့မှငွေမရှိ။ (တက္ကသိုလ် ကျောင်းသူမို့ မုန့်ဖိုးမလောက်တာလည်းဖြစ်နိုင်ပါသည်)။ အဲဒီအခါ သူမက စုဘူးထဲမှပိုက်ဆံကို ဇာဂနာဖြင့်နှိုက်၍ တုံ့ချိုချိုပေးတော့ 'ပြန်မပေးမှာကျနေတာပဲ။ ကပ်စေးနဲမ' ဟု အန်တီလေးက ထော ပနာပြုတတ်ပါ၏။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအကျင့်လေးတွေကိုတော့ ဖေဖေကအစ ချစ်စနိုးရှိစမြဲ။ ကိုးတန်းတက်နေချိန်ထိ ချာန်ရော သူမပါ ဘာဘာညာညာစိတ်တွေမရှိကြသေးပါ။

တွေ့လိုက်တာနှင့် တစ်ခုမဟုတ်တစ်ခု ပြဿနာဖြစ်၊ စိတ် ကောက်ပြီး သူ့ကိုစကားမပြောဖြစ်သည့်အခါပေါင်းက မနည်း။ နောက်တစ်နေ့ သူလာပြန်ခေါ်လျှင်ဖြင့် မနေ့ကအကြောင်းကို သူမ က မေ့မေ့ပျောက်ပျောက်ရှိနေပေပြီ။ ထိုမျှအထိ သူမက အမှတ် သည်းခြေမရှိတတ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



မေမေဆိုင်နားသည့်နေ့မျိုးမှာ အိမ်၌တစ်ခုခုလုပ်စားကြစမြဲ။ အဲဒီအခါ ချာန့်မိဘတွေလာသည့်အခါလာ၊ အကယ်၍မအားလျှင် သူမက ချိုင့်လေးဆွဲ၍သွားပို့တတ်ပါ၏။ မေမေ့ချွေးမလေးလာတယ်ဟု သူမကြားတကြားစလို့ကတော့ သူမရဲ့လက်ချက်နဲ့ သူအနာခံရပေါင်းလည်းမနည်း။ ဒါလည်းအနာခံပြီးစနေစမြဲ။

ရွှယ်တူမိန်းကလေးတွေထဲမှာ သူမက မေဇင်တစ်ယောက်တည်းကိုသာ ရင်းရင်းနှီးနှီးပေါင်းဖြစ်ပါ၏။ သူမအကြောင်းကိုကောင်းကောင်းကြီးသိထားသည့်မေဇင်ကလည်း သူမဘာပြောပြော သည်းခံရှာပါသည်။ ချာန်နှင့်ပြဿနာဖြစ်သမျှကိစ္စအဝဝကိုနားညည်းအခံရဆုံးမှာလည်း မေဇင်ပင်။ နောက်ပြီးဖြူစင်နေသည့်သူမတို့နှစ်ယောက်ကြားက အရောင်လေးကို အပြာရောင်ပြောင်းလဲသွားတာကို အရင်ဆုံးကြိုသိသွားခဲ့တာလည်း မေဇင်ပင်ဖြစ်၏။ အထူးသဖြင့် ချာန်၏မျက်လုံးတို့ကိုရိပ်စားမိခဲ့သည်မှာ မေဇင်ပင်မဟုတ်ပါလား။

သို့သော်. . . ချာန်မသိစေဘဲ နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ်ပြောခဲ့ကြတာသာဖြစ်၏။ ပထမတော့ မေဇင့်ကို သူမအတော်စိတ်ဆိုးခဲ့တာအမှန်။ ဒီလောက်လည်ပင်းဖက်ပေါင်းလာ





တဲ့ကောင်လေးက ဒီလိုမျိုးစိတ်ကစားလာပါ့မလား။ ပြီးတော့ သူမက လှတပတကောင်မလေးမျိုးလည်းမဟုတ်။ ဒီတော့ မေဇင်ပြောတာကို သူမလက်သင့်မခံဘဲ စကားများစိတ်ကောက်ခဲ့သေးသည်။

ချာန်ဆိုတဲ့ကောင်လေးက အင်မတန်မာယာအများသားလား။ အတန်းထဲမှာ ဟိုလူစဒီလူစ၊ တခြားမိန်းကလေးတွေနှင့်လည်း တရှုန်းရှုန်းရောတတ်သေးသည်ကိုး။ ထိုအခါမျိုးမှာ သူမတဘာမှမဖြစ်ပေမယ့် သူမ တခြားကောင်လေးတစ်ယောက်နှင့်များ ရယ်ရယ်ပြုံးပြုံးစကားမပြောမိပါနှင့်။ ညနေကျောင်းပြန်ချိန်မှာ နောင်ကျိန်ချဖို့သာပြင်။ ဒီလောက်ထိ သူမအပေါ် တွန့်တိုတတ်သူပင်။

ထိုအချိန်ထိလည်း ချာန့်ရင်ထဲမှာ ဘယ်သူရှိမလဲဟု သူမမရိပ်မိသေးပါ။ သူမနည်းနည်းပါးပါးရိပ်မိခဲ့သည့်အချိန်က ကိုးတန်းစာမေးပွဲဖြေပြီး မေမေရုတ်တရက်ဆုံးချိန်မှဖြစ်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဖြစ်တည်လာတဲ့အခါ မျက်လုံးလေးတွေက အရောင်သိပ်တောက်ပလာတာတဲ့။ မယုံရင် ချာနရဲရဲ့မျက်လုံးတွေကိုကြည့်၊ နင်သေချာသတိမထားမိလို့ပါ ဇာရာ။ တစ်နေရာရာကနေ နင့်ကို သူလှမ်းကြည့်နေတဲ့မျက်လုံးတွေများ...သိပ်အသက်ဝင်နေတာတဲ့။ မေဝင်ပြောတုန်းက သူမက မခံမရပ်တွေဖြစ်လို့လေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ထိုအချိန်က ကိုးတန်းစာမေးပွဲအပြီး တစ်ပတ်အကြာ သူမတို့အုပ်စု ကျူရှင်တက်ရန် လိုက်စုံစမ်းနေကြစဉ်ဖြစ်၏။ ယောကျ်ားလေးအုပ်စုက (သူအပါအဝင်)ခြောက်ယောက်။ သူမနှင့်မေဇင်က နှစ်ယောက်သာ။ ဈေးတွေ အချိန်တွေစုံစမ်းပြီး သူမတို့ကျူရှင်တိုက်မှပြန်ခဲ့ကြစဉ် လျှာပူအာပူသောက်ဖို့ပြင်ကြလေသည်။

"ဟာ. . .ငါတို့မသောက်ချင်ပါဘူး။ လက်ဖက်ရည်ဆိုဟုတ်တုတ်တုတ်"

"ဟဲ့. . .ငါတို့က လက်ဖက်ရည်ဆိုင်တော့ ဘယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နိုင်မှာလဲ။ နင်တို့ဟာနင်တို့သွားသောက်ချင်သောက်ကြ။ ငါတို့ပြီးမှ အတူတူပြန်ကြတာပေါ့"

"ပြီးတာပဲ"

သူတို့အုပ်စု လက်ဖက်ရည်ဆိုင်ရှိရာဆီ ခြေလှမ်းပြင်စဉ် တင်မောင်ဝင်းက ကျန်ရစ်လေ၏။

"ငါ မုန့်တီပဲသောက်တော့မယ်ကွာ"

"ဟာ. . . ဒီလောက်ပူစပ်ပူလောင်အရည်ကြီးကို"

"ဟဲ့. . . သူသောက်ချင်တာ သောက်ပါစေပေါ့ ဈာန်ရဲ ရယ်။ နင့်စိတ်နဲ့နင်, သူလည်းသူသောက်ချင်တာသောက်မှာပေါ့"

သူ့မျက်နှာမှုန်ကုပ်ကုပ်ဖြစ်သွားလေ၏။ မဇင်ပြောတာမို့ ဘာမှမပြောဘဲ သူရပ်နေစဉ် သူမက တင်မောင်ဝင်းအင်္ကျီလက်မောင်းစကို ဆွဲခေါ်မိလေသည်။

"ငါတို့သွားစို့လေ"

"အေး"

"မင်းတို့သွားတော့. . . ငါမလိုက်တော့ဘူး"

"ဟာ. . . ဘာဖြစ်ရပြန်တာတုန်း"

"မိဇာနဲ့လိုက်မလို့"





"မင်းပဲ မုန့်တီမကြိုက်ဘူးဆို"

"ဟိုကောင်တောင်သောက်မယ်ပြောသေးတာပဲ"

သူ့မျက်ဝန်းတွေက တင်မောင်ဝင်းအင်္ကျီကိုဆုပ်ကိုင်ထားသည့် သူမ၏လက်ဆီသို့ စူးခနဲရောက်လာလေ၏။ ရုတ်တရက် သူက သူမလက်ကိုပုတ်ချလိုက်လေသည်။

"အာလာလာ. . . နာလိုက်တာ၊ အရမ်းလုပ်ရလားဟဲ့"

တင်မောင်ဝင်းကရိပ်မိသွားပုံရပြီး စိုးနိုင်တို့အုပ်စုနောက်သို့အပြေးလိုက်သွားလေ၏။

"ဟဲ့. . . ငါတို့နဲ့လိုက်မလို့ဆို"

"မခေါ်နဲ့လေ"

"စိတ်ပုပ်က မွေးပြန်ပြီ"

"နင့်ပါးစပ်ပိတ်ထားနော်မိဇာ။ ငါသိပ်မပြောချင်ဘူး"

"ဘယ်လိုဖြစ်နေတာလဲ။ မပြောမဆိုနဲ့ ငါလက်ကိုလည်း ရိုက်ချသေးတယ်။ လူကိုအော်လားငေါက်လားနဲ့"

"မအော်လို့ရမလား. . . ယောကျ်ားလေးအင်္ကျီကိုဆွဲလား ဘာလားနဲ့ နင့်ကိုယ်နင်ဘာမှတ်နေလဲ"

"ဟဲ့. . . သူငယ်ချင်းတွေပဲဟာလေ။ နင့်ကိုလည်း ငါဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတာပဲဟာ။ ပြောစရာလား"

"ပြောစရာပေါ့. . . ငါကငါပဲဟာ၊ သူကသူ တူမှမတူဘဲ။ နင်ခွဲခြားသိရမှာပေါ့။ ဘာမှမစဉ်းစားတတ်ဘူး။ အစားငမ်းဖို့ပဲ သိတယ်။ ကိုယ့်အန္တရာယ်တော့ ကိုယ်ကြိုမမြင်ဘူး"

"ဟဲ့. . . ဘာလဲ"

မေဇင်က သူမကိုအသာလက်ကုပ်လိုက်သဖြင့် သူမဆက်ပြောမနေတော့ပါ။ ကားလမ်းကိုကူး၍ မုန့်ဆိုင်ရှိရာဆက်လျှောက်ကြစဉ် သူက သူမတို့နှစ်ယောက်ရှေ့မှ ငိုက်စိုက်ငိုက်စိုက်လျှောက်နေလေ၏။

"ဇာ"

"ဘာလဲ"

"ငါပြောမယ်နော်. . . နင်စိတ်မဆိုးနဲ့"

"အံမာ. . . ရမလား၊ စိတ်ဆိုးစရာရှိရင်ဆိုးရမှာပဲ။ မဆိုးစေချင်ရင် မပြောနဲ့ပေါ့မေဇင်ရဲ့"

"ရှူး. . . တိုးတိုးပါဟဲ့။ ငါ့ ဈာန်ရဲ့အကြောင်းပြောချင်လို့ပါ။ သူသိလို့မဖြစ်ဘူး"

"ဟုတ်လား. . . ဘာလဲ၊ Bတန်းကကောင်မလေးကို စာ





ဝိုင်းပေးကြတဲ့ကိစ္စလား။ ဒီကောင် မပါပါဘူးဟယ်. . . ဘာညာဘာညာသံတွေကြားရင် ငါက ဦးဦးကိုပြန်တိုင်ပြောမှာ။ ဦးဦးကမှာထားတယ်ဟဲ့။ ပြီးတော့ သူ့ကိုလည်း ငါ့ဖေဖေကပြောထားပုံရတယ်။ ဒါကြောင့် ငါ့ကိုလည်း သူအလစ်မပေးတာပေါ့"

မေဇင်က ပြုံးစိစိလေးဖြစ်သွားလေ၏။ ဟုတ်တယ်လေ၊ ဒီလောက် လူကြီးတွေ လမ်းကြောင်းပေးထားမှတော့ ဒင်းတို့နှစ်ယောက်ကိုသဘောတူထားလို့ပေါ့။ ဒါကိုတောင်မှ ဒီငတုံးမဂျပုက နည်းနည်းမှသတိမထားမိပါလား။

"နင့်ကို ဈာန်ရဲစိတ်ဝင်စားနေပုံရတယ်"

"ဘာ! "

"ဟဲ့. . . တိုးတိုး. . . ကြားသွားတော့မှာပဲ"

"မေဇင်နော်. . . နင်"

"ငါတကယ်ပြောနေတာ ဇာရဲ့။ အချစ်ဖြစ်တည်လာတဲ့အခါ မျက်လုံးတွေက အရောင်သိပ်တောက်ပလာတာဟဲ့။ မယုံရင် ဈာန်ရဲရဲ့မျက်လုံးတွေကိုကြည့်. . . နင်သေချာသတိမထားမိလို့ပါဇာရာ။ တစ်နေရာရာကနေ နင့်ကို သူလှမ်းကြည့်နေတဲ့မျက်လုံးတွေမှာ သိပ်အသက်ဝင်နေတာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်. . . တော်. . . မေဇင်နော်၊ နင်မဟုတ်တာတွေ လျှောက်မပြောနဲ့။ ငါနဲ့သူက သူငယ်တန်းကတည်းက သူငယ်ချင်းတွေပါ"

"ဩော်. . . ငါက ဘေးကမြင်လို့ပြောမိတာပါ ဇာရယ်။ အခုပဲကြည့်. . . နင်, တင်မောင်ဝင်းအင်္ကျီကိုဆွဲလိုက်ရုံလေးနဲ့ သူ ဒီလောက်ဖြစ်လာတာပဲမတွေ့ဘူးလား။ သေချာတယ်. . . ဈာန်ရဲ့ရင်ထဲမှာ နင်ရှိနေပြီ"

"မေဇင်. . . သရဲမ၊ ငါ့ကိုမဟုတ်မဟတ်တွေပြောတယ်ပေါ့။ နင်. . ."

"ဟာ. . . လိပ်မတွေ နွေးလာချည်လား။ မြန်မြန်လျှောက်ကြလေ"

သူ ရုတ်တရက်လှည့်အော်လိုက်သဖြင့် သူမရော၊ မေဇင်ပါလန့်သွားရင်း ခြေလှမ်းရပ်သွား၏။ မေဇင်ပြောထားသည့်စကားတွေက နားထဲရောက်နေပြီမို့ သူနှင့်မျက်လုံးချင်းဆုံသွားစဉ် သူမမျက်နှာမှာ ထူအမ်းအမ်းကြီးဖြစ်သွားရလေသည်။ ဒုက္ခပါပဲ. . . မေဇင်လုပ်တာနဲ့ သူ့ကိုပြန်အော်ဖို့တောင် နှုတ်မရဲတော့ပါလား။

"ဇာ ဘာဖြစ်တာလဲ"





"ဘာမှမဖြစ်ဘူး"

တိုးဖွဖွ့ထွက်လာသည့်သူမ၏အသံတို့က တုန်ချင်ချင်။ သူက မေဇင့်ကိုမယုံသင်္ကာဖြင့်ကြည့်လိုက်လေ၏။

"မိဇာကို နင်ဘာမဟုတ်တာတွေ လျှောက်ပြောထားလဲ မေဇင်"

"ဟင်! မပြောပါဘူး"

"ဟုတ်လို့လား. . . ငါမေးလို့ပေါ်ရင် နင်ဒီမှာတွေ့လား"

သူက မေဇင့်ကိုလက်သီးဆုပ်ပြတော့ မေဇင့်ထံမှ အာမေဋိတ်သံထွက်လာ၏။ နဂိုကတည်းက လက်မြန်သူမို့ သူ့လက်စကို မေဇင်လည်းသိတာပဲမဟုတ်လား။ သူက ရှေ့ကိုဆက်လျှောက်နေသည့်သူမနောက်သို့ ခြေလှမ်းကျဲကြီးဖြင့်လိုက်လာလေသည်။

"မိဇာ. . ."

"ဟာ. . . ဘာလဲဟ"

"နင့်ကို မေဇင်ဘာပြောထားလဲ။ မှန်မှန်ပြော"

"ဟင်. . ."

သူမနှင့်မေဇင် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြ၏။ ဘယ့်နှယ့်ပြောရပ့ါ။ ဒင်းကလည်း အကင်းကိုပါးလွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



"B ခန်းက သရဖီကျော်ကို စာပေးတဲ့ကိစ္စဟော့"

"အဲဒါဘာဖြစ်လဲ. . . နင်တို့သိစရာလား"

"သိတာပေါ့။ အဲဒီစာက နင့်လက်ရေးနဲ့လေ။ ကဲ. . . ဘာငြင်းဦးမလဲ"

"ဟာ. . . အဲဒါ စိုးနိုင်ပေးဖို့ရေးခိုင်းလို့ ငါရေးပေးတာပါကွ"

"မသိဘူး. . . ငါ, ဦးဦးကိုပြန်တိုင်မှာပဲ"

"ဇာနော်. . . ငါမဟုတ်ဘူးလို့ဆို"

သူမက သူ့ကိုမျက်စောင်းခဲလိုက်ပြီး မုန့်ဆိုင်ထဲဝင်ထိုင်လိုက်၏။ မဆိုးဘူး. . . ရမ်းပစ်လိုက်တာ တန်းခနဲဝင်သွားလို့တော်ပါသေးရဲ့။

သူက မေဇင်ကိုမကြည့်သလိုကြည့်နေတာမို့ သူမနည်းနည်းလောက်စိုးရိမ်သွားပါ၏။ တော်ကြာ မေဇင်ကို လက်သီးနဲ့ခွပ်ခနဲမထိုးဘူးလို့ပြောနိုင်တာမဟုတ်။ ဒင်းက လက်မြန်မြန်ရယ်။ သူမ မုန့်သုံးပွဲမှာလိုက်ပြီး သူ့ကိုကြည့်လိုက်တော့ သူက ရှုတည်တည်ဖြင့်ပြန်ကြည့်လေ၏။

"ငါမှမဟုတ်တဲ့ဟာ နင်မတိုင်ရဘူးနော် မိဇာ"





"တိုင်မှာပဲ"

"အေး. . . ဒါဆိုရင် ငါလည်းပြန်တိုင်မှာ"

"ဘာကိုလဲ"

"နင်, တင်မောင်ဝင်းအကျႌကိုဆွဲတဲ့ကိစ္စပေါ့"

"ဟဲ့. . . ဒါက"

"ပြန်မတိုင်စေချင်ရင် ဘာမှပြန်မပြောနဲ့။ ဒီပွဲသရေ. . . ဒါပဲ"

သူမအောက်နှုတ်ခမ်းကိုကိုက်ရင်း ငြိမ်နေလိုက်ရလေ၏။ ဟွန်း. . . သူမဖေဖေက သူ့ဖေဖေလို လက်နဲ့ရိုက်မဆုံးမသော်လည်း အသားနာတာထက်ပိုပြီးဆိုးတဲ့ နှစ်နာရီလောက် ထိုင်ဆူခံရတဲ့ငရဲကို သူမအကြောက်ဆုံးမဟုတ်လား။

မုန့်ပွဲတွေရောက်လာတော့ သူမက အမြင်ကပ်ကပ်ဖြင့် သူ့ပန်းကန်ထဲသို့ ငရုတ်ရည်တွေရော၊ အချဉ်တွေ၊ ငံပြာရည်တွေပါ ထည့်ပေးလိုက်၏။ သူကပါ အားကျမခံ သူမပန်းကန်ထဲပြန်ထည့်ပေးလေတော့ မေဇင်က သူမတို့နှစ်ယောက်ကို မျက်လုံးပြူးမျက်ဆံပြူးဖြင့်ကြည့်ရင်း မုန့်ပန်းကန်ကို မရဲကိုင်ထားလေသည်။

သူမနှင့် ရှာန်က အဲဒီလို သူတင်ကိုယ်တင်ချတတ်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



ဘုဘောက်နှစ်ယောက်လေ။

တရှုးရှုးတရှဲ့ရှဲ့ဖြင့်မုန့်စားအပြီး လက်ဖက်ရည်ဆိုင်မှ သူငယ်ချင်းတွေနှင့်ဆုံ၍ပြန်ခဲ့ကြသည်။ မေဇင့်ကိုလိုက်ပို့ပြီးမှ သူနှင့်သူမတို့တိုက်ခန်းရှိရာဆီတက်လာခဲ့စဉ် အခန်းတံခါးကပွင့်နေပြီး လူတွေရုံးစုရုံးစုဖြစ်နေသဖြင့် ရင်ထဲမှာဒိန်းခနဲဖြစ်သွားရ၏။

ဘုရားရေ! ဘာတွေဖြစ်နေတာလဲ။

သူမမေမေနှင့် အန်တီလေးရော၊ မမပါ မျက်နှာတွေနီရဲလျက်တွေ့ရတော့ သူမမှာခြေမကိုင်မိလက်မကိုင်မိ။ အခန်းထဲဝင်လာတာတောင် သူမတို့နှစ်ယောက်ကို ဘယ်သူကမှသတိမထားမိကြပေ။

"ဘာတွေဖြစ်နေတာလဲဟင်"

"ဇာ... မေမေ... မေမေ"

"ဟဲ့... သမီးငယ်... လာလာ"

အန်တီချိုက သူမလက်ကိုဆွဲ၍ထိုင်ခုံမှာထိုင်ခိုင်းလိုက်စဉ် မမနှင့် အန်တီလေးက ရုတ်တရက်ငိုချလိုက်လေ၏။

သူမတအံ့တသြဖြင့် ဘာကိုမှနားမလည်။

ဘုရား... ဘုရား... မေမေဘာများဖြစ်လို့လဲ။





"အန်... အန်တီချို"

"သမီးလေး... စိတ်ကိုခိုင်ခိုင်ထားနော်။ သမီးမေမေလေ ဒီနေ့အိမ်ကိုပြန်လာတော့ ရုတ်တရက်နှလုံးအောင့်ပြီးဆုံးရှာပြီကွယ်။ သမီးဖေဖေ ဆေးရုံအမြန်ပို့ပေမယ့် အသက်ကမမီတော့ဘူး"

"ဟင်! "

သူမကြောင်တောင်တောင်ဖြစ်သွားရ၏။

မေမေ... မေမေမရှိတော့ဘူး... ဆုံးပြီဆိုပါလား။

"ဇာ... ဇာ... မိဇာသတိထားလေ။ ဇာ... ဟာ... လုပ်ကြပါဦး။ ဇာ့ကိုခေါ်လို့မရတော့ဘူး"

သူ့အော်သံကြောင့် သူမကို အခန်းထဲရှိခုတင်ပေါ်ပွေ့တင်ရင်း သတိပြန်လည်လာအောင်လုပ်သူလုပ်၊ ငိုနိုင်းသည့်လူက ငိုခိုင်းနှင့် တစ်အိမ်လုံးအလုပ်တွေရှုပ်ကုန်တော့၏။

သူမသတိပြန်ရတော့ သူမအနီးမှာ ငုတ်တုတ်ထိုင်နေသည်က သူတစ်ယောက်သာ။ သူက သူမလက်ကလေးကိုဆုပ်ကိုင်၍ မျက်နှာလေး လန်းသွားလေ၏။

"ဇာသတိရပြီလား... အခုလေးတင်ပဲ ဆရာဝန်ပြန်သွားတယ်။ စိတ်ကိုဖြေပါဇာရယ်၊ ဦးဦးတစ်ယောက်လုံးရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်ခုလိုဖြစ်တော့ ဦးဦးခမျာ အန်တီ့အတွက်ရော၊ နင့်အတွက်ပါ ဗျာများရတာပေါ့"

"ငါ. . . ငါသိပါတယ်ဈာန်ရယ်"

"ငါလည်းစိတ်မကောင်းပါဘူးဟာ။ ဘာပဲဖြစ်ဖြစ် ငါ့ဘွား ဘွားတုန်းကလို အိပ်ရာထဲလဲပြီး ဝေဒနာအကြာကြီးမခံစားရဘဲ ခုလိုဖြုန်းစားကြီး. . . အန်တီဖြစ်သွားတာ သူ့အတွက်ကံကောင်း တယ်လို့ပဲသဘောထားပြီးဖြေပါနော်။ ငါ၊ နင့်အနားမှာအမြဲရှိနေ မှာပါ"

သူမ, ခေါင်းကိုသာ အသာညိတ်ပြလိုက်ပါ၏။ မပြော တတ်ပြောတတ်ဖြင့် နှစ်သိမ့်ပေးရှာသည့်ဈာန်ကောင်လေးဟာ သူမ ဘဝ၏တစ်ထောင့်တစ်နေရာမှ အရေးပါလာလိမ့်မည်ဟု ထိုစဉ်က စိုးစဉ်းမျှမတွေးမိခဲ့ပါချေ။

❀ ❀ ❀





"သူမတို့နှစ်ဦးက အမြဲဝုန်းဒိုင်းကျဲနေတာ...။ အခုလည်းကြည့်, တစ်ယောက်နဲ့တစ်ယောက်ဖွင့်ပြော၊ ခေါင်းညိတ်တဲ့အဖြစ်က အာကာသ ထဲ ဒုံးပျံလွှတ်သလို ရုတ်တရက်မြန်မြန်သွက်သွက်ကြီးပါလေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

မေမေ့တစ်နှစ်ပတ်လည်ပြည့်ဆွမ်းသွပ်ပြီးချိန် သူမတို့နှစ်ဦး ဆယ်တန်းစာမေးပွဲပြီးလေပြီ။ မိသားစုနှစ်စုံစလုံးကတော့ မေမေရှိစဉ်ကနှင့်မထူး၊ ရင်းနှီးမှုမပျက်ကြပါချေ။

နောက်ပိုင်းမှာ အန်တီလေးအဖော်ရစေချင်၍ အန်တီချိုက မကြာမကြာလာလည်တတ်ပါ၏။ သူတို့အိမ်တစ်လှည့်၊ သူမတို့အိမ်တစ်လှည့် မိသားစုထမင်းစားပွဲတွေကို တစ်လတစ်ခါပြုလုပ်လေ့ရှိပါသည်။

ဤနေ့သည် သူမတို့အိမ်၏အလှည့်ကျဖြစ်သလို သူမဘ



www.burmeseclassic.com

www.burmeseclassic.com



၏အမှတ်တရနေ့လေးတစ်နေ့လည်းဖြစ်ခဲ့လေ၏။

"ညမှောင်နေပြီဟာ. . . ဘာလုပ်ဖို့လဲ"

"ဇာ, ဖရဲသီးစားမယ်ဆိုလို့မမရေ့။ လိုက်ဦးမလား"

"မလိုက်တော့ဘူး။ သြော်. . . ကွဲကောသီးတို့၊ စပျစ်သီးတို့တွေ့ရင် ဝယ်လာပေးစျာန်ရယ်။ ဖေဖေက အဲဒါတွေကြိုက်တယ်။ နင်တို့ ဘီးနဲ့သွားမှာမဟုတ်လား"

"ဟုတ်"

"ဒီလောက်လူရှုပ်မယ့်လမ်းကို"

"မမညီမက တွေ့ရာအကုန်ဝယ်ဦးမှာလေ။ သူဝယ်သမျှ ကျွန်တော်ဘယ်သယ်နိုင်မှာလဲဗျ"

"အောင်မာ. . . မသယ်ချင်လည်းမလိုက်နဲ့ဟေ့။ ငါဟာငါတစ်ယောက်တည်းသွားမယ်။ နင်ပါရင် ရှုပ်တောင်ရှုပ်သေး"

သူမ, အခန်းထဲမှထွက်လာရင်းအော်တော့ သူကနှာခေါင်းရှုံ့ပြလိုက်ရင်းပြန်အော်လေ၏။

"ရမလားကွ၊ ငါမပါဘဲ နင်ဘယ်လမ်းသွားခွင့်ရလို့လဲ။ ပြောစမ်းပါဦး"

"ဟွန်း. . . သူ့ကိုယ်သူ ငါ့ Body guard လိုလိုဘာလိုလို





နဲ့ Style ကိုပေးထယ်"

"ကြီးကြီးကျယ်ကျယ်က ပြောပြန်ပြီ။ နင့်လိုပုံဆိုးကိုများ ဘယ်သူမှမဆွဲဘူး။ ပါသွားလည်းအေးတာပဲ"

"နင်နော်. . . ပြောပြန်ပြီ။ ဒါဖြင့် ငါနဲ့ဘာလို့လာပေါင်းနေသေးလဲ။ သွားပေါင်းပါလား. . . ချောချစ်တို့၊ ဒေလီယာတို့နဲ့။ သွား. . ."

"ဟယ်. . . သွားစရာရှိတာ မြန်မြန်သွက်သွက်သွားကြတာမဟုတ်ဘူး။ အဲဒီခွေးနဲ့ကြောင်ဟာ မတွေ့လိုက်နဲ့၊ တွေ့တာနဲ့ ကိုက်ပြီ"

"အန်တီလေး, ဇာက ကြောင်နော်"

"သြော်. . . ဒါဖြင့် ငါကခွေးပေါ့လေ"

"ကိုယ့်အကြောင်းကိုယ်သိပေါ့"

"အေး. . . ငါကခွေးဆိုရင် ကြောင်ကိုနိုင်တယ်။ လာခဲ့၊ ကုတ်ကိုခဲ့ပြီ"

"အား. . . နာတယ်ဟဲ့ခွေးနာရဲ့. . . ကောင်စုတ်"

သူက သူမကုတ်ကို လက်ဖြင့်ညပ်ပြီး စသဖြင့် သူမအော်ရာ လူကြီးတွေက ဘာမှမပြောဘဲပြုံး၍ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်တွေကို သူနှင့်ထုရင်းရိုက်ရင်းဆင်းလာခဲ့ကြသည်။ မီးတွေထိန်နေသည့်ညဈေးတန်းကို စက်ဘီးတွန်း၍ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ကြ၏။

"မေမေက ပန်းသီးကြိုက်တယ်၊ ဖေဖေက ထောပတ်သီး"

"အန်တီလေးက ငါ့လိုဖရဲသီးကြိုက်တာဟဲ့"

"ဒါဖြင့် လိမ္မော်သီးပါရွေးဟာ။ နှစ်အိမ်စာ တစ်ခါတည်းဝယ်သွားရအောင်။ ဟိုရောက်မှပြန်ခွဲယူကြတာပေါ့"

"အေး. . . ပြီးရော၊ နင့်မှာပိုက်ဆံရောပါရဲ့လား။ တော်ကြာ ဝယ်နေရင်းမှမလောက်ရင် ငါ့အရှက်ကွဲမှာနော်"

"ပါပါတယ်ဆရာ၊ ရွေးမှာသာရွေးစမ်းပါ။ ငါရှင်းပေးပါ့မယ်ဟာ"

သို့ဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဝင်၍ရွေးကြရင်း စက်ဘီးခြင်းတောင်းထဲမှာရော၊ လက်ထဲမှာပါ အိတ်တွေတော်တော်များကုန်၏။

"ဟယ်. . . ဖရဲသီးမဝယ်ရသေးဘူးလေ။ ဘယ်လိုသယ်မှာလဲ။ ဘီးကလည်းနင်းရဦးမှာ"

"နင်ပိုက်သွားပေါ့။ အနေတော်ပဲယူ. . ."





"ဟာ. . . ငါဘယ်ဝမှာလဲ။ အန်တီလေးကလည်း စားဦးမှာ"

"နင်ဟာလေ အကောင်လေးသေးသလောက် အတော်ကိုအစားပုပ်တဲ့ဟာမလေး။ ကဲ. . . ဒါပဲယူ၊ နှစ်လုံးပေးပါအစ်မရေ"

ချာန်က ဖရဲသီးကို တစ်လုံးပြီးတစ်လုံးရွေး၍ သူမလက်ထဲထည့်ပေးတော့ လက်ထဲမှာ ကျွတ်ကျွတ်အိတ်တွေကလည်းရှိတာမို့ အသီးကြီးနှစ်လုံးပိုက်ကာ ရပ်နေရတော့သည်။

"ဟယ်. . . ချာန်"

အနီးသို့ရောက်လာသည့် ချောချစ်က သူ့ပခုံးကို ဖတ်ခနဲပုတ်လိုက်လေ၏။ သူက ငွေရှင်းနေချိန်မို့ သတိမထားမိဘဲ လှမ်းကြည့်သွားတော့မှ ချောချစ်တို့အုပ်စုကိုမြင်သွားလေသည်။

"ဩော်. . . ဘယ်သူတွေများလဲလို့"

"နင် ညဈေးလာတာလား"

"အင်း"

"ဘာတွေဝယ်လဲဟင်"

"ဒီလိုပဲ လူကြီးတွေကြိုက်တတ်တဲ့ အသီးလေးဘာလေးပေါ့. . . နင်တို့ရော"



www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း အသီးရွေးမလို့ပဲ။ မရွေးတတ်လို့ လိုက်ရွေးပေး ပါလားဟင်. . . အဟင်း"

"ရပါတယ်. . . ဒါလေးတောင်မှ မရွေးတတ်ဘူးလား။ ဇာ, ဒီနားရှင်းတယ်. . . ခဏနေခဲ့ဦးနော်။ အသီးရွေးတာ ဆ,ကြည့်ရ တယ်, ချောရ. . . လိမ္မော်သီးဆိုရင် လေးမှ"

သူကစက်ဘီးကို လူရှင်းသည့်နေရာမှာ ဒေါက်ထောက်၍ ရပ်ထားခဲ့ပြီး ချောချစ်တို့နှင့် အသီးဆိုင်ဘက်ပြန်လိုက်သွားလေ ၏။ အနည်းငယ်မှောင်ရိပ်ကျသည့်နေရာမှာ အထုပ်တွေအသီးတွေ ပိုက်လျက်သားဖြင့် သူမ,ကျန်ခဲ့ရလေသည်။

ကြည့်စမ်း! ဒင်းကတော့ လက်လွတ်ခြေလွတ် နန့်နန့်ထ ပြီး သူ့ကောင်မတွေနဲ့ပါသွားပြီ။ ဒီမှာတော့ အလေးအပင်ကြီးနဲ့ တစ်ယောက်တည်းကျန်ခဲ့ရတာ ကိုယ်ချင်းစာစိတ်ကိုမရှိဘူး။ အလ ကားကောင်၊ နွားဘူးကောင်။

တစ်ယောက်တည်းရပ်ကျန်ခဲ့တာမို့ ဟိုလူဒီလူတွေ ကွက် ကြည့်ကွက်ကြည့်လုပ်လာသဖြင့် သူမငိုချင်လာမိသည်။ မျက်နှာက မှောင်ရိပ်ကျနေတာမို့ တော်ပါသေး၏။ ခွေးနာ. . . ဘယ်အထိ သဝေထိုးနေပြန်လဲ။ အနားသို့ လူနှစ်ယောက်ကပ်လာလေသည်။





"တစ်ယောက်တည်းလား ညီမလေးရဲ့။ အစ်ကိုကြီးတို့ လိုက်ပို့ပေးမယ်လေ"

သူမခြေဖျားလက်ဖျားတွေ ချက်ချင်းအေးစက်လာကာ လူ က ဇောချွေးတွေပြန်လာ၏။ ဝတ်လာသည့် T - shirt အဖြူပါးပါး လေးက ချွေးဖြင့်ကပ်လာသလို Quater Pants နှင့်မို့ သူမကို ချာတိတ်မလေးဟုထင်ကြချေပြီ။ တစ်ခါမှ ဒီလိုရိုသဲ့သဲ့အလုပ်ခံ ရဖူးတာမဟုတ်သည်မို့ ကြောက်စိတ်ဖြင့် ဒူးတွေတုန်ရီလာတော့ သည်။

"ဘယ်နားမှာနေတာလဲဟင်။ လိုက်ပို့ပေးမယ်လေ"

"ရှင်တို့နော်. . . ဘာများမှတ်နေလဲ။ ကျွန်မအစ်ကိုတွေ ပါတယ်ရှင့်။ ဟိုမှာနီးနီးလေးရှိတယ်။ အော်လိုက်မှာနော်. . . ဒီ မှာ"

"ဟာ. . . တော့. . . ရှူး"

သူမအသံစူးစူးလေးကိုကြားလိုက်မှ သူကအပြေးအလွှား ရောက်လာလေ၏။ ရင်ထဲမှာ ဒေါသတွေအလိပ်လိုက်ဆောင့်တက် လာပြီး သူ့ကိုထုရိုက်ကုတ်ဖဲ့ချင်စိတ်သာ တဖွားဖွားဖြစ်လာမိလ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇာဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး. . . သွားမယ်. . . သွားမယ်"

"အေးပါ. . . ပေးပေး. . . ဒီကျွတ်ကျွတ်အိတ်နှစ်လုံးကို စက်ဘီးလက်ကိုင်မှာ ချိတ်လိုက်မယ်။ နင်, ဖရဲသီးနှစ်လုံးနဲ့ စီးလို့ဖြစ်ရဲ့လား"

"အင်း"

သူပြေးလာသံကြားသည်နှင့် ဟိုလူနှစ်ယောက်လစ်သွားသလို သူမ,မျက်နှာပျက်ယွင်းနေတာကိုလည်း မှောင်ရိပ်ကွယ်နေတာမို့ သူမရိပ်မိပါချေ။ သူခြေထောက်၍ရပ်ပေးသည့်နောက်ခုံမှာ တက်ထိုင်ရင်း ရင်ထဲမှာ တနုံ့နုံ့ခံစားကာ ငိုချင်လာတော့၏။ ပြောတော့ဖြင့် ဇာနီးမှာအမြဲရှိနေမှာတဲ့။ သူသာရှိနေရင် ခုလိုကိစ္စမျိုးဖြစ်လာမှာမှမဟုတ်ဘဲ။ တော်ပါပြီစျာန်ရယ်။ ငါက နင့်အတွက်မရှိမဖြစ်လိုအပ်တဲ့သူငယ်ချင်းမှမဟုတ်တာ။ တခြားမိန်းကလေးတွေနဲ့တွေ့ရင် နင် ငါ့ကိုချောင်ထိုးထားတတ်ပြီပေါ့လေ။

ရှိုက်သံတစ်ချက်ထွက်သွားပြီး သူမအံကြိတ်ရင်း မျက်ရည်တို့တပေါက်ပေါက်ကျလာလေ၏။ စက်ဘီးက အရှိန်ပြင်းပြင်းနှင်းနေရာမှလျော့သွားလေသည်။





"မိဇာ. . ."

သူလက်တစ်ဖက်က နောက်ပြန်ဝဲလာပြီး သူမကိုလှမ်းစမ်းလိုက်စဉ် သူမခါးကိုတို့မိသွားလေ၏။ ခါးထိလျှင်ယားတတ်သည့်သူမို့ သူမတွန့်ခနဲဖြစ်သွားပြီး စက်ဘီးပေါ်မှပြုတ်ကျပါလေသည်။

"ဟာ. . . ဇာ"

လူကလည်း လမ်းပေါ်မှာ ပုံခနဲထိုင်၊ လက်ထဲမှဖရဲသီးနှစ်လုံးကလည်း ကတ္တရာလမ်းပေါ် ခွမ်းခနဲကျ၊ အသီးလည်း အစိတ်စိတ်အမွှာမွှာကွဲပါရော. . .!! သူမလည်း ချော်လဲရောထိုင်လျက်ချုံးပွဲချငိုချလိုက်လေတော့သည်။

"ဇာ. . . ဇာ. . . ဘယ်လိုဖြစ်တာလဲ။ ခါတိုင်း. . . ဟင်နင်ငိုနေတယ်"

"အဲဒါ နင့်ကြောင့်ဖြစ်တာ၊ နင့်ကြောင့်. . ."

သူမက သူ့လက်မောင်းကို လေးငါးချက်ထုရင်းပြောတော့ သူက ပျာပျာသလဲဖြစ်သွားပါ၏။

"အေးပါဟာ. . . ငါ, နင်ခါးထိရင်ယားတတ်တာမေ့သွားလို့ပါ။ sorry... sorry "

"ဘာ sorry လဲ. . . မေ့ပေါ့. . . မေ့. . . တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားလည်းအေးတာပဲ"

"ဇာရယ် . . . တော်တော်နာသွားလား။ မှန်း . . . ဘယ်နားထိသွားသေးလဲ"

သူက သူမခြေထောက်တွေကို ဖျပ်ခနဲကိုင်ကြည့်ပြန်တော့ သူမက သူ့လက်တွေကိုပုတ်ထုတ်လိုက်ပါ၏။

"သွား . . . ငါ့ကိုလာမထိနဲ့"

"ဟာ . . . ဇာကလည်း ငါက ဘယ်နားထိရှသွားလဲလို့ရှာကြည့်တာပါဟ။ ဒါလေးကိုများ . . ."

"လာမကြည့်နဲ့၊ နင့်ဟာမတွေ့ကိုပဲ နင်သွားကြည့်။ အဲဒီမှာ မချောဆယ်ယောက်၊ ကိုယ်တစ်ယောက်ကား သွားရိုက်နေ။ ငါ့ကိုဖြစ်ချင်ရာဖြစ် ပစ်ထားလိုက်။ သူများဆွဲလို့ပါသွားလည်း ပြီးတာပဲ . . ."

"ဇာကလည်းကွာ၊ ငါသွားတဲ့နေရာက နင့်ကိုလှမ်းမြင်နေရတဲ့နေရာလေးတင်ပါ။ သိပ်မဝေးပါဘူး"

"ဘာမဝေးရမှာလဲ . . . ငါတစ်ယောက်တည်း ဘာဖြစ်နေလဲ နင်သိလို့လား။ နင့်ဟာနင် အကြည်ဆိုက်ရင်ဆိုက်တယ်လို့ဝန်ခံစမ်းပါ။ တော်ပြီ . . . တော်ပြီ၊ နောက်နောင် နင်နဲ့ငါမပတ်သက်





တော့ဘူး။ ငါ့အပေါ်ဒီလောက်စေတနာရှိတာကိုသိလို့ကျေးဇူးတင်တယ်။ နင်နဲ့ငါ သူငယ်ချင်းစာရင်းက တိခနဲအပြတ်ပဲ။ နင့်ဘဝမှာ ငွေလှိုင်းဇာခြည်ဆိုတာ သေသွားပြီ၊ မရှိတော့ဘူးလို့မှတ်လိုက် . . . ဒါပဲ"

"ဇာရာ . . . ဘာဖြစ်တာလဲ၊ ငါ့ကိုသေချာပြောပြမှပေါ့။ ဒီလောက်ထိပြောစရာလား"

"ပြောမှာပေါ့ . . . ပြောတာတောင်မှနည်းသေးတယ်။ နင်ကတော့ ကောင်မလေးတွေအုပ်စုနဲ့ ဟီလာတိုက်နေ။ ငါ့မှာ . . . ငါ့မှာ လူနှစ်ယောက်လာပြီး . . . လာပြီး . . . အီးဟီးဟီး . . ."

"ဟာ . . . ဇာရာ"

သူမ ဘာမှဆက်မပြောတော့ဘဲ စိတ်လွှတ်ရှိုက်တော့ သူက သူမမျက်ရည်တွေကိုသုတ်ပေး၊ သူမက သူ့လက်တွေကိုပြန်ရိုက်ချဖြင့် နှစ်ဦးသားရှုပ်နေတော့၏။

"နင်ပြောတော့ ငါ့ဘေးမှာအမြဲရှိနေမှာပါဆို။ ဘယ်မှာ နင့်ကတိတည်လို့လဲ။ တော်ပြီ . . . နင့်ကို ငါ ဒီတစ်သက်လုံးဘယ်တော့မှမခေါ်တော့ဘူး"

"အဲဒီလိုတော့မပြောပါနဲ့ ဇာရယ်။ ငါက နင့်နားမှာအမြဲနေ



www.burmeseclassic.com

www.burmeseclassic.com



ရှိချင်တဲ့သူပါ။ တစ်သက်လုံးရှိချင်တဲ့လူပါကွာ။ နင်, ငါ့ကိုမစိမ်းကားပါနဲ့ဇာရယ်။ နင်, သူစိမ်းဆန်ရင် ငါမနေတတ်ဘူးဟာ။ ငါနင်နဲ့မခွဲနိုင်ဘူး. . . နင်နဲ့ခွဲရရင် ငါသေသွားလိမ့်မယ်"

"သေပေါ့. . . မြန်မြန်သေလေ အေးလေပဲ။ ကဲ. . ."

"မသေပါရစေနဲ့ဦး ဇာရယ်။ နင်နဲ့အတူတူလက်တွဲပြီးဘဝလမ်းကိုလျှောက်ပါရစေဦး"

"ဟင်! နင်ဘာစကားပြောတာလဲ"

"နင့်ကိုငါချစ်နေတဲ့အကြောင်းလေ"

"ဘာ! နင်. . . နင်နော်"

"နင်မသိဘူးလား။ ငါ, နင့်ကိုချစ်နေတာဖြင့် ကြာ. . . လှပြီ"

သူမဖြန်းခနဲမျက်နှာရဲသွားပြီး ဆတ်ခနဲအထ၊ ခြေထောက်ကနာသွားသဖြင့် ယိုင်သွားစဉ်၊ သူက ဖျတ်ခနဲပွေ့ဖက်လိုက်လေ၏။

"ဈာန်. . . နင်နော်၊ ငါမကြိုက်ဘူး"

"ကြိုက်လိုက်ပါလားဟာ. . . နော်။ ဒီကောင်လေးချစ်နေတာ နှစ်ပေါင်းအတော်ကြာနေပြီ။ ဖေဖေကြိမ်းထားလို့ ငါ့မှာ ဒီအချိန်ထိမျိုသိပ်ထားရတာပါဟာ။ ဇာကလိမ္မာပါတယ်ကွာ။ သနား





သဖြင့် ပြန်ချစ်ပေးပါမီဇာရယ်"

"မချစ်နိုင်ဘူး. . . အာ. . . ဘာမှန်းမသိဘူး. . . ဖယ်လို့ဆို"

"ခေါင်းညိတ်ပြလေ. . . ကိုယ်တို့အတူတူပြန်ကြစို့"

"အံမာ. . . ရာရာစစ"

"ငါသိနေတယ်နော်။ နင်, ငါ့ကိုပြန်ချစ်နေတာ ဟောဒီမျက်ဝန်းတွေက ပြောနေတယ်ဟ။ ကောင်မလေး. . . လိမ်ဖို့မကြိုးစားပါနဲ့။ မရပါဘူးကွာ"

"ဟင်. . . နင်နော်။ ပြောနေတဲ့ကြားက"

သူက ဗိုက်ခေါက်ကိုဆွဲလိမ်လိုက်သည့်သူမလက်ကို ဆုပ်ကိုင်၍ သဘောတကျဖြင့် တဟားဟားအော်ရယ်လေတော့၏။

"ရယ်မနေနဲ့. . . ဖေဖေတို့မျှော်နေလိမ့်မယ်"

"မပူပါနဲ့ကွယ်၊ ဖေဖေတို့စိုးရိမ်မှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ နင့်ကိုစောင့်ရှောက်ဖို့ ငါတစ်ယောက်လုံးပါတဲ့ဟာပဲ"

"ဟွန်း. . . သူကတော်တော်အားကိုးရတာကိုး"

"ဒါပေါ့. . . ကဲ. . . ဖရဲသီးပြန်ဝယ်ကြမလား"

"မဝယ်တော့ပါဘူး. . . အဲဒါနဲ့ အိမ်ပြန်မရောက်ဘဲနေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"ဒီတော့လည်း မင်္ဂလာဆောင်ပြီးမှ တက္ကသိုလ်တက်ကြ တာပေါ့ အသည်းလေးရယ်နော်"

"အရူး. . . ဘယ်လိုဖြစ်နေလဲ"

သူက စက်ဘီးကိုနင်းနေရင်းမှ သူမလက်ကိုဆွဲ၍ သူ့ခါး ကိုဖက်ထားစေလေ၏။ အောင်မာ. . . ခွေးကောင်. . . ဒါမျိုးကျ တော်တော်တတ်နေ။

အိမ်ကိုပြန်ရောက်တော့ သူမက လူကြီးတွေမျက်နှာကို သို့ဝံ့တော့ဘဲ အိမ်ခန်းထဲဝင်ပြေးလေ၏။ သူကတော့ လူကြီး း၏ချောင်ပိတ်မေးခွန်းတွေထဲမှာ လုံးလည်ချာလည်လိုက်ရင်း ညပ်ကျန်နေရစ်ခဲ့လေသည်။ ကောင်းတယ်. . . လူလည်လေး. . . ဒီလောက်တော့ထိဦးမှ. . .။

"ဟဲ့. . . ဘယ်မှာလဲ ဖရဲသီး။ ဝယ်မလာဘူးလား သား ချွာန်"

"ဝယ်လာတယ် အန်တီလေးရဲ့"

"ဒါဖြင့်ဘယ်မှာလဲ"

"ဟိုလေ. . . ဟို. . . ကျွန်တော်တို့စားလိုက်ပြီ"





"ဟင်. . . ဖရဲသီးတစ်လုံးလုံး လမ်းမှာကုန်အောင်စား လာတယ်။ ဟုတ်ရဲ့လားသားရယ်"

"တစ်လုံးမဟုတ်ဘူးမေမေရဲ့။ နှစ်လုံး. . ."

"နှစ်လုံးတောင်. . . ဟဲ့. . . ဟုတ်မှဟုတ်ရဲ့လား"

"ဟုတ်. . . အဲ. . . ဇာ. . . နင်လာရှင်းဦးဟ"

သူ၏မလုံမခြုံဟန်ပန်အမူအယာကို လူကြီးတွေရိပ်မိကုန် ၍ ထိုနေ့မှာပင် သူမတို့နှစ်ယောက်အကြောင်းကို အကုန်သိကုန် ကြတော့၏။

ကဲ. . . ပြောကိုမပြောချင်တော့ပါဘူး။ တကယ်လည်း သူ နှင့်သူမက မိဘတွေကိုတစ်ခါမှမလိမ်ညာခဲ့ဖူးတာကိုး။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ကိုယ့်ကိုယ်ကိုမှားနေပြီလို့ သံသယဝင်မိတဲ့လူ ကိုပြပါဆိုရင် ဇာ့ကိုယ်ဇာညွှန်ပြရုံပဲရှိပါတော့တယ်...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

“ဟောဗျာ. . . ပြောနေတာတော့မကြားဘူး။ ကိုယ့်ကို မျက်တောင်မခတ်ကြည့်နေလိုက်တာများ။ ပြောပါဦး. . . ဇာရယ်။ ကိုယ်တော်တော်ချောလာလို့လား”

အတွေးတွေထဲနစ်မျောနေရာမှ သူမလန့်ဖျတ်ကာ သတိဝင်သွား၏။ သူက သူမမျက်နှာကို ရှေ့တည့်တည့်မှပြုံးပြုံးကြီးထိုင်ကြည့်နေတာမို့ မျက်စောင်းခဲလိုက်မိသည်။

“ဇာနော်. . . အဲဒီမျက်စောင်းမျိုးနဲ့ နင်, တခြားလူကို သွားမထိုးမိစေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ထိုးတော့ဘာဖြစ်လဲ။ နင့်အပူတစ်ပြားသားမှမပါဘူး"

"နင်ပါသွားမှာစိုးလို့ပေါ့ဟ။ ကြာမျိုးရှစ်ဆယ်နဲ့ ညှိမြလုပ်မယ်မကြံနဲ့။ နင့်ကိုဝါးစားသွားလိမ့်မယ်"

"စားပါစေ. . . နင်မဟုတ်ရင်ပြီးတာပဲ"

"ဇာကလည်းကွာ. . .။ ကိုယ့်ကိုဆို ဘယ်တော့မှစကားအကောင်းမပြောဘူး၊ အော်လိုက်၊ ငေါက်လိုက်နဲ့။ နင့်ထက်ငယ်တယ်များထင်နေလား။ ချစ်လွန်းလို့ ငါသည်းခံနေတာနော်။ တစ်ခါတလေများ ကိုယ့်ချစ်သူကို ချစ်စနိုးလေး မောင်လို့ခေါ်ပါလား"

"အောင်မာ. . . မခေါ်နိုင်ပါဘူး။ နင့်ရင်ဘတ်ကို လက်သီးဆုပ်လေးနဲ့ ခပ်ဖွဖွလေးထုတဲ့ကောင်မလေးကို သွားခေါ်ခိုင်းပါလား လဒရဲ့။ ငါကတော့ သေတဲ့အထိ မခေါ်ဘူးမှတ်"

သူ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ၏။ ဟင်း. . . ငါ့ကွယ်ရာဆိုပြီး ဟိုကောင်မလေးတွေနဲ့ရော၊ ဒီကောင်မလေးတွေနဲ့ ရှုပ်နေတာ မသိဘူးများမှတ်နေလား။ နင့်အကြောင်းကို အူမချေးခါးသိလာတဲ့မိန်းကလေးပါဟဲ့။

"နင် ဘယ်သူ့ကိုပြောတာလဲဇာ"

"နာမည်သိပ်ကြားချင်နေတာပေါ့လေ။ ငါ့မျက်စိထဲက ခု





ချိန်ထိမထွက်သေးဘူး။ ငါ့မှာတော့ သူ့အလုပ်တွေ တကယ်မအားလို့ လာမကြိုနိုင်တာပဲလေလို့ ဖြေတွေးခဲ့ပေါင်းများပြီ။ မတွေ့တာလည်း တော်တော်ကြာလို့ မျက်နှာလေးမြင်လိုမြင်ငြား သွားကြည့်ဦးမယ်ဆိုပြီး. . ."

သူ့မအာသံလေးတွေ တိုးတိမ်၍ဝင်သွားပါ၏။ မျက်ရည်တွေ ဝေ့ဝဲတက်လာတာကို မျက်တောင်ဖြင့်ပုတ်ခတ်၍ သိမ်းဆည်းသည့်ကြားက ပါးပြင်ပေါ်သို့ပေါက်ခနဲကျသွားလေသည်။

"ဇာရယ်. . . ဒါငိုစရာလား. . . ကိုယ့်နားမှာတွေ့သမျှမိန်းကလေးမှန်သမျှ ကိုယ့်သူငယ်ချင်းတွေချည်းပါ"

သူမ,သူ့ကိုခပ်စူးစူးစိုက်ကြည့်လိုက်ပါ၏။ ငါစောင့်ကြည့်ဦးမယ် ဗျာန်။ အဲဒီတစ်ယောက်ဟာ နင်နဲ့ဘာလဲဆိုတာကို လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့တစ်နေ့ နင်နဲ့ငါ. . .

"ဇာ. . . နင်ငါ့ကို အဲဒီလိုမျိုးမကြည့်နဲ့။ နင့်မျက်လုံးတွေထဲမှာ သံသယတွေရှိနေတာကို ငါတွေ့နေရတယ်။ နင် ငါ့ကိုမယုံဘူးလား။ နင်မသိအောင် ငါဘာတစ်ခုမှမလုပ်သေးဘူး။ လုပ်ကိုမလုပ်တာ။ မယုံရင် နင်စောင့်ကြည့်ပါ"

"နင့်ကိုစောင့်ကြည့်ဖို့ ငါအချိန်မပေးနိုင်ဘူး။ ငါက သူများ



www.burmeseclassic.com

www.burmeseclassic.com



လခစားလုပ်နေရတာ။ နင်တို့အလုပ်က တစ်ယောက်မဟုတ်တစ်ယောက် ရှိနေရင်ဖြစ်တာချည်းပဲ။ အေး. . . နင့်ကိုမကြာခဏလာကြည့်တဲ့အလုပ်ကို ဒီနေ့ကစပြီး ငါရပ်လိုက်ပြီ။ ချစ်သူရည်းစားဘဝမျိုးတောင်မှစိတ်မချရရင် ငါ့ဘဝတစ်ခုလုံးကို နင့်လက်ထဲဘယ်လိုအပ်ရဲမှာလဲ"

"ဟာ. . . ဇာ"

ထမင်းစားခန်းထဲသို့ လူကြီးတွေဝင်လာတာမို့ သူမတို့ပဋိပက္ခကို ချက်ချင်းရပ်လိုက်၏။ စိတ်ထဲမှာတော့ နည်းနည်းမျှမကျေနပ်နိုင်သေး။ ဒင်းနဲ့ပတ်သက်နေသမျှကာလပတ်လုံး ဒီလိုပြဿနာတွေကို နိစ္စဓူဝကြုံနေရဦးမှာပါပဲ။

"သမီးငယ်. . . မျက်နှာက ဘယ်လိုဖြစ်နေတာလဲ။ ခဏခဏစိတ်ကောက်တဲ့အကျင့်ကိုဖျောက်ပါလို့ပြောတာ ဘယ်နှခါရှိပြီလဲ။ ဖေဖေသိပ်မပြောချင်ဘူး"

"မပြောပါနဲ့ကိုမျိုးရယ်. . . သူတို့နှစ်ယောက်အကြောင်းကို ကျွန်တော်တို့အသိဆုံးပဲဟာ။ ပြီးတော့လည်း သူတို့ဟာသူတို့ပြေလည်သွားကြမှာပါပဲ"

"မပြေလည်ဘူးဦးဦးရဲ့. . . ဇာ့မှာပြောစရာတွေအများ





ကြီးရှိတယ်"

"သမီး"

"ဇာ့ကိုလည်း တစ်ခါတလေ ဝင်ဆွေးနွေးခွင့်ပေးပါဦးလား ဖေဖေ။ အိမ်မှာ ဇာကအငယ်ဆုံးဆိုပြီး ဘယ်တော့မှ ဇာ့စကားအတည်မရှိခဲ့ [illegible] ဇာ့ဘဝတစ်ခုလုံးနဲ့သက်ဆိုင်တာမို့ ဇာ့ပြောပါရစေ"

"အင်းလေ. . . သမီးဆန္ဒအတိုင်းဖြစ်စေရမယ်။ အန်တီချိုတို့နားထောင်ပေးမယ်နော်။ ခုတော့ ထမင်းကိုဝင်အောင်စားလိုက်ပါသမီး"

သူမစိတ်မပါစွာဖြင့် ထမင်းကို တစ်ပန်းကန်ကုန်အောင်ဖျစ်ညှစ်စားလိုက်ရ၏။ ထမင်းဝိုင်းမပြီးခင် ထထွက်မိပါက သူမလိုချင်သည့်စည်းဝေးပွဲကိုမရမှာစိုးသောကြောင့်ဖြစ်ပါသည်။ မမနှင့် အန်တီလေးက သူမကိုအကဲခတ်သလိုကြည့်ရင်းက သက်ပြင်းကိုယ်စီကျိတ်ချလိုက်ကြလေ၏။

ထမင်းစားပြီးသွားတော့ မမက အချိုပွဲကို ဧည့်ခန်းထဲလာပို့ပြီး ရှောင်သွားလေသည်။ ဖေဖေက တစ်ခုံ၊ သူမနှင့်အန်တီလေးက တစ်ခုံ၊ သူက တစ်ခုံ၊ ဦးဦးနှင့်အန်တီချိုက တစ်ခုံ ထိုင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းက တိတ်ဆိတ်နေပါ၏။

သူက သူမကိုတောင်းပန်ကြည့်ဖြင့်ကြည့်လိုက်တာမို့ သူမ ဖျတ်ခနဲအကြည့်လွှဲလိုက်ရသည်။ ငါ့ကို လာမညှို့နဲ့ဗျာန်။ ငါက နင့်နှုတိုင်းပျော့ပါသွားမယ့်လူမဟုတ်တော့ဘူးဆိုတာ နင်သဘော ပေါက်ထားစမ်းပါ။

"သမီး ပြောစရာရှိတာပြောလေ"

"ဇာ. . . ဦးဦးနဲ့အန်တီ့ကို အားနာမျက်နှာပူမိပါတယ်။ ဒါပေမဲ့ မပြောပြန်ရင်လည်း ဇာ့ရင်ထဲမှာ မီးစကြီးမျိုထားရသလို အခံရခက်နေလို့ပါ"

"သမီး"

"ပြောပါစေကိုမျိုး. . . ပွင့်ပွင့်လင်းလင်းပေါ့။ ဆက်ပြော ပါသမီး"

"ဇာ, သူနဲ့မပတ်သက်ချင်တော့ဘူး"

"ဟင်! "

"အဲဒါကြောင့် ဇာနဲ့သူ့ကို ခုလိုတွေမတွေ့ဆုံပေးတော့ဖို့ အန်တီတို့ကို ဇာတောင်းပန်ပါတယ်"

"သမီးရယ်. . . သမီးတို့သဲယောဇဉ်က ၅ နှစ်အရွယ်က





တည်းက စခဲ့တာနော်။ တစ်ရစ်ပြီးတစ်ရစ် ချည်လာတဲ့ကြိုးတွေက မနည်းဘူး"

"ဇာမမေ့နိုင်အောင်ကြိုးစားမှာပါအန်တီ"

ဖေဖေက သူမကိုဝင်ပြောရန် ကိုယ်မတ်လိုက်စဉ်၊ ဦးဦး ကဖေဖေ့လက်ကိုဆွဲ၍တားလိုက်လေ၏။

"သမီးမှာ. . . မကျေနပ်တဲ့အကြောင်းတစ်ခုခုရှိမယ်ထင် တယ်"

"ဟုတ်ကဲ့ တစ်ခုမဟုတ်ပါဘူးဦးဦး။ နည်းနည်းစီစုထား တဲ့ အပုံလိုက်ကြီးပါ"

"ငွေလှိုင်းဇာခြည်"

"ချီတောင်းပန်ပါတယ် အစ်ကို။ သမီးပြောချင်တာပြော ပါစေ"

"ထုံးစံအတိုင်း သားဘက်က ပျက်ကွက်တာတွေများလာ လို့ပဲမဟုတ်လားသမီး"

"ဒီလောက်ထိတော့ ဇာနားလည်ပေးနိုင်ပါတယ်ဦးဦး။ ဇာကိုယ်တိုင်လည်း အလုပ်လုပ်နေတဲ့လူပဲ။ သူ ခြေလှမ်းတွေပျက် နေတာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဇာ"

"မင်းပါးစပ်ပိတ်ထား ဖိုးချာန်"

"ဇာ့အတွက်တော့ အချိန်မပေးနိုင်ဘူးလို့ပြောပြီး. . . အဲဒီ ကောင်မလေးကိုတော့ ဟိုပို့ဒီပို့ သူအချိန်ပေးနိုင်ပါတယ်။ ဇာက ရုံးခန်းထဲအမြဲထိုင်နေရတဲ့လူမှမဟုတ်ဘဲ။ မကြာခဏ ပစ္စည်းဝယ်၊ အလုပ်လုပ်ရမယ့်တိုက်တွေအိမ်တွေကိုသွားတိုင်း သူတို့ဆိုင်နားက အမြဲဖြတ်သွားရစမြဲပါ"

သူမလက်ချောင်းလေးတွေကို ချုံးလိုက်မိ၏။ မျက်စိထဲမှာ
၁ ကွင်းကွင်းကွက်ကွက်မြင်ယောင်လာသည့်မြင်ကွင်းကြောင့် မျက်စိကိုစုံမှိတ်ချလိုက်စဉ် ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်းနှစ်ခုစီး ကျသွားလေသည်။ ကောင်မလေးက သူ့ရင်ဘတ်ကို ခပ်ဖွဖွလေး ထုတာကို ပြုံးပြုံးကြီးစိုက်ကြည့်နေသည့်မြင်ကွင်းက ရုပ်ရှင်ပြကွက် အနေးစားလို သူမအာရုံမှာ တရေးရေးပေါ်လာလေ၏။

ဒါ. . . အိပ်မက်မှမဟုတ်ခဲ့လေဘဲ၊

"သူနဲ့အဲဒီကောင်မလေးဆက်ဆံပုံက သာမန်အဆင့်တော့ မကတာအမှန်ပါပဲ။ plaza တွေ၊ Mart တွေ၊ show room တွေ မှာ တွဲသွားတွဲလာလုပ်တာ ဇာတွေ့ခဲ့ပေါင်းများပြီ။ အဲဒီ. . . အဲဒီ





နေ့က သူ့ကို ဇာသေချာဖုန်းဆက်ချိန်းခဲ့တာပါ။ ဇာ OT ဆင်းရ ပေမယ့် ပြန်တဲ့အချိန်လေးမှာ ကော်ဖီဆိုင်မှာဖြစ်ဖြစ် အေးအေး ဆေးဆေးစကားပြောဖို့ ထပ်ပြီးတော့ဖုန်းဆက်ခဲ့ပါသေးတယ်"

ဧည့်ခန်းထဲမှာ အပ်ကျသံပင်မကြားရဘဲ တိတ်ဆိတ်နေ ပါ၏။ ရှိုက်သံသဲ့သဲ့ဖြင့် သူမအသံမှတစ်ပါး မည်သည့်အသံကိုမျှ မကြားရပါချေ။ သူမတစ်ချက်ရှိုက်လိုက်ပြီး စကားကိုဆက်ပြောပါ ၏။

"ဇာနဲ့သူ့ကို လူကြီးမိဘတွေက အတင်းရိုက်ပြီးကြိုက်စေ ခဲ့တာမဟုတ်ပါဘူး။ ဇာ့စိတ်နဲ့ဇာ့ကိုယ် ရှုးရှုးမိုက်မိုက်ခေါင်းညိတ် ခဲ့မိတဲ့ကိစ္စကို ဇာဟာဇာပဲ ပြန်ရုပ်သိမ်းပါရစေ။ အားလုံးကို ဇာ တောင်းပန်ပါတယ်။ လောကမှာ ကိုယ့်ကိုယ်ကိုမှားနေပြီလို့ သံသယ ဝင်မိတဲ့လူကိုပြုပါဆိုရင် ဇာ့ကိုယ်ဇာညွှန်ပြရုံပဲရှိပါတော့တယ်။ ချစ် သူသက်တမ်း ၄ နှစ်ပြည့်တဲ့နေ့ကိုတောင်သတိမရဘဲ သူစိမ်းမိန်း ကလေးတစ်ယောက်နဲ့. . . လက်ပွန်းတတီးရှိနေတဲ့ယောကျာ်းတစ် ယောက်ရဲ့လက်ထဲကို ဇာ့ဘဝထိုးအပ်ရလောက်တဲ့အထိတော့ ဇာ မမှားပါရစေနဲ့ရှင်. . . ဇာ့ကိုခွင့်လွှတ်ပါ"

သူမထိုင်နေရာမှ ဝုန်းခနဲထပြေးလာခဲ့သည်။ ဧည့်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်မာမာအရာကို ခွပ်ခနဲထိုးချလိုက်သံ။ အန်တီချိုနှင့်အန်တီလေး တို့၏ထိတ်လန့်တကြားအော်ဟစ်သံတို့ကို သူမဂရုမစိုက်တော့ပါချေ။

အိပ်ခန်းထဲရှိ ခုတင်ပေါ် ပြစ်လှဲချလိုက်ရင်း သူမ ငိုကြွေးလိုက်တာကို မမက မတားဆီးပါဘဲ ခပ်ငေးငေးကြည့်နေလေ၏။ ဇာအသက်ငယ်သေးတယ်တဲ့လားမမရယ်။

အဲဒီငယ်ငယ်ရွယ်ရွယ်ကောင်မလေးက (၁၆) နှစ်နဲ့ရည်းစားထားခဲ့မိလို့ ခုတော့ မတန်တဆဝေဒနာတွေကို ခံစားနေရပြီလေ။ မမကတော့ အသက် (၂၀) ကျော်မှ ချစ်သူရွေးခဲ့တာမို့ ဇာ့လိုအမှားမျိုး၊ ဇာ့လိုဝေဒနာမျိုးဘယ်ခံစားရပါ့မလဲ။ အရွယ်ရောက်မှစဉ်းစားခဲ့တာဆိုတော့ စစ်မှန်တဲ့ချစ်ခြင်းကိုရခဲ့တာပေါ့နော်။

ဇာကတော့ ဒီနောင်တကို တစ်သက်လုံးအမှတ်ရနေမှာအမှန်ပါပဲ။ မေ့တယ်ဆိုတာ အပြောသာလွယ်တာပါလေ။ တကယ်တမ်းကျ ဘယ်လွယ်ပါ့မလဲ။ သူတစ်ခါပြောခဲ့ဖူးသလို သူ့ချစ်ခြင်းတွေက ၂၀၂၈ တဲ့လား။ သူငယ်ချင်းသံယောဇဉ် ၅၂၈ နဲ့ချစ်သူလိုချစ်တဲ့ချစ်ခြင်း ၁၅၀၀ ကိုပေါင်းပြီး သူများတွေထက်သာတဲ့ ၂၀၂၈ နဲ့ချစ်တာပါတဲ့။ ခုတော့ ဈာန်ရယ်. . .





နှင့်လျှာဖျားကထွက်လာတဲ့စကားတွေကို ငါမယုံရဲတော့ပါဘူး။ နှင် ငါ့ကိုပြောခဲ့တဲ့စကားလုံးတွေနဲ့ ဟိုကောင်မလေးကို မပြောဘဲနေမလား၊ နှင်ပြောခဲ့လို့သာ နှင့်နားမှာ အဲဒီကောင်မလေးက ပက်ကျိလိုလာကပ်နေတာပေါ့။ နှင့်စကားလုံးတွေထဲမှာ ပျော်ဝင်နေလို့ မခွဲနိုင်မခွာရက်ဖြစ်နေတာပေါ့။

ဒါကို နှင်က ငါမသိဘူးဆိုပြီး လျှော့တွက်ရင်တော့ မှားသွားမှာပေါ့ဈာန်ရယ်။ နှင်သိထားဖို့က ငွေလှိုင်းဇာခြည်ဟာ ဘဝမှာတစ်ခါပဲ အမှားခံမယ်။ အေး. . . အဲဒီအမှားဟာလည်း ပြင်လို့ရနိုင်တဲ့အမှားမျိုးပဲ ဖြစ်စေရမယ်ဆိုတာပါပဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



သံသယဆိုတာ ချစ်သူနှစ်ယောက်ကြားကိုဝင်လာခဲ့ရင် ဖြေရှင်းလို့မရနိုင်တဲ့ပြဿနာတွေနဲ့ ရှုပ်ထွေးတတ်ပါလေရော…



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ဆိုင်ထဲဝင်လိုက်သည်နှင့် ဉာဏ်ဝင်းက သူ့ကိုမြင်သွားလေ၏။

"ဖိုးချောန်လာပြီဟေ့. . . ဒီနေ့ မင်းစောင့်အလှည့်နော်။ လစ်မယ်မကြံနဲ့"

"ငါသိပါတယ်ကွာ"

"မင်းမေးစေ့မှာ ညိုနေသလားလို့"

"ဟာ! ဟေ့ကောင်. . . မင်းကို ဘယ်ကကောင် ဖျင်းလိုက်တာလဲပြောစမ်း။ ငါတို့သွားကျွေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . . မသိဘဲစွတ်ပြောမနေနဲ့. . . father ကြီးကျွေး လိုက်တာ"

"ဟော်! ဘာပြဿနာဖြစ်လို့လဲကွ"

"ပြောရမှာလည်း ခက်ပါတယ်ကွာ"

"ဟာ. . . မပြောလို့ရမလားကွ။ ပြေးကြည့်မှ ဒီသူငယ် ချင်း ငါးယောက်ပဲရှိတာကို။ ပွင့်ပွင့်လင်းလင်းတိုင်တိုင်ပင်ပင်ပေါ့ ကွ. . . မဟုတ်ဘူးလားကွာ"

"အေးလေ. . . မင်းကလည်း"

ဝဏ္ဏနှင့်စိုးနိုင်ရော၊ အာကာပါ သူ့အနီးသို့ရောက်လာလေ သည်။ သူက ဆက်တီဆိုဖာခုံပေါ် လှဲချလိုက်ပြီး မျက်နှာကျက်မြို မြို့လေးကိုငေးကြည့်နေမိသည်။ မေ့လိုက်တော့မယ်တဲ့လားဇာ။ မြေ ရှင်းပြခွင့်၊ အယူခံဝင်ခွင့်လေးတောင်မှမရှိတော့ဘူးတဲ့လား။

"ဇာက ငါ့ကိုမေ့လိုက်ပြီတဲ့"

"ဟော်!"

သူငယ်ချင်းလေးယောက်စလုံး အာမေဋိတ်သံပြိုင်တူထွက် ကာ ကိုယ်တွေပါ မတ်သွားကြလေ၏။ သူနှင့်ဇာ့အကြောင်းကို အစ အဆုံးသိထားကြသူတွေကိုး။





"ဟာ. . . ဟုတ်လို့လားရှာန်ရာ"

"မဟုတ်ဘဲနဲ့ ငါပြောမလားကွ။ သူပြောပြတဲ့အကြောင်း နိုင်လုံလားမနိုင်လုံလားတော့မသိဘူး။ မေမေကာထားတဲ့ကြားက ဖေဖေ့လက်ချက်ကို ငါမိသွားတာပဲ"

"ဘာကြောင့် သူဒီလိုဆုံးဖြတ်တာလဲ"

"ကဗျာ့ကြောင့်"

"ဟာ. . . မင်းရှင်းမပြဘူးလားကွ"

"ကြိုးစားတာပဲကွ၊ ရမှမရတာ၊ ငါနဲ့ကဗျာ တွဲသွားတွဲလာ လုပ်သမျှ သူချည်းထိပ်တိုက်တိုးနေတာကိုး"

"မင်း father ကြီး ဘာပြောလဲ"

"လောလောဆယ် အငြိမ်းကုပ်ပြီး နေနှင့်ဦးတဲ့။ သေချာလို့ ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းဖို့သာပြင်တဲ့လေ"

"မင်းတို့အဖြစ်ကလည်းကွာ"

"အေးလေ၊ ဘာမဟုတ်တာလေးနဲ့ဖြစ်ရတယ်လို့"

"တော်သေးတာပေါ့။ တရားဝင်သာစေ့စပ်ထားရင် မိဇာ နာမည်ပျက်မှာ"

"ခုရောဘာထူးလဲကွ။ ဇာနဲ့ရှာန်က လူတိုင်းသိထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စုံတွဲပဲ။ ရည်းစားသက်တမ်းတောင်မှမနည်းတော့ဘူး။ ဟော့ကောင်ချာန်. ဘယ်နှနှစ်ရှိပြီလဲ"

"အေး. . . အဲဒီနေ့ကြောင့် ပြဿနာအကြီးအကျယ်တက်သွားတာ"

"ဘယ်နေ့ကလဲ"

"ကျန်ခဲ့တဲ့စနေနေ့က သူဖုန်းဝင်လာတယ်မဟုတ်လား"

"မနက်အစောကြီးဆက်တဲ့ဟာလား"

"အေး. . . အင်္ဂါနေ့ဆုံမယ့်တိစ္စလေ။ အဲဒီနေ့ရောက်တော့ နေ့ခင်းဘက်တစ်ခေါက် သူထပ်ဆက်သေးတယ်။ ငါ့ကို ကဗျာလာအပူကပ်နေတာနဲ့ ငါလည်းအဲဒီနေ့ကိုမေ့ကိုမေ့နေတာ. . . ခံပေါ့နည်းသေးတယ်"

"ဘာနေ့မို့လို့လဲကွ"

"သူနဲ့ငါ ချစ်သူသက်တမ်းလေးနှစ်ပြည့်တဲ့နေ့လေကွာ"

"ဟာကွာ"

သူ ကိုယ်ကိုမှောက်လှဲလိုက်ပါ၏။ အပြင်ထွက်ရန်တာစူနေသည့်သူငယ်ချင်းတွေတောင် ဘယ်မှမသွားဖြစ်ကြဘဲ သူ့အနီးမှာ ဝိုင်းပြုံနေလေသည်။





"ငါတို့ဝိုင်းရှင်းပေးပါ့မယ်ကွာ။ ဒီလောက်ထိလည်း စိတ်ဓာတ်ကျမနေပါနဲ့"

"အေးလေ. . . ဇာကစိတ်ပျော့ပါတယ်"

"အဲဒီလိုပျော့လို့ပဲ ငါစိုးရိမ်နေရတာ"

"သူဘာလုပ်လို့လဲ"

"အခု ငတိတစ်ပွေနဲ့တွဲနေတယ်"

"ဘာကွ"

"အဲဒီကိစ္စနဲ့စကားများတော့ သူက ရွဲ့ပြောတယ်ကွ။ ငါအတင်းလိုက်ရင် သူ ဟိုဘက်ယိမ်းသွားမှာကို ငါစိုးရိမ်တာ။ ဘဲကြီးက တို့ထက် (၆) နှစ်၊ (၈) နှစ်လောက်တော့ကြီးပုံရတယ်။ စံပြ style ပဲ။ gentleman ပုံစံပေါ့။ သူ့အထင်ကြီးနေတာက ပိုဆိုးတာ"

"မင်းတွေ့ဖူးလို့လား"

"အေး. . . ငါ သူနောက်လိုက်တာကိုသိတော့ ငါ့ကိုအပြတ်ကောလွှတ်တာပဲ။ ခုထိတော့ သူတို့ဘာမှဖြစ်ပုံမရသေးပါဘူး။ ကြည့်ရတာတော့ ရှိုးပါသေးတယ်။ ဒါပေမဲ့ ဒီငနဲကြီးအိမ်ကို သူသွားပြင်ပေးနေတာဆိုတော့ ငါနည်းနည်းစိုးရိမ်မိတာအမှန်ပဲ. . .။ ဇာက



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတုံးလေးလိုပဲ အပူနဲ့တွေ့ရင် ပျော်တတ်တာကိုး"

"မင်း သူ့အဖေကိုသွားပြောလေကွာ"

"မဖြစ်ဘူး. . . ပိုဆိုးသွားလိမ့်မယ်။ အစက လူကြီးတွေ အကုန်လုံး ငါ့ဘက်ကရှိတာ။ မမက အစပေါ့။ အခု ငါ့မှာပြစ်ချက် ရှိသွားတော့ သိပ်မကြည်တော့ဘူး"

"ဒီကိစ္စ ကိုအောင်ကြီးသိလား"

"မသိသေးဘူး"

"သွားပြီးပြောပြရှင်းပြကွာ. . . ပြီးရင် မမနားပေါက်မယ်။ နောက်အန်တီလေးကတစ်ဆင့် အန်ကယ့်ဆီရောက်မှာပေါ့။ ဒါဆို ပွဲသိမ်းပဲ"

"အေး၊ ဟုတ်တယ်ကွ"

"ငါစဉ်းစားရမယ်ကွ. . . တော်ကြာ ငါတို့ကိစ္စကြောင့် ကိုအောင်ပါ အဖျားခတ်မှာလည်းစိုးရတယ်။ သူနဲ့မမက ချစ်သူသက်တမ်းတစ်နှစ်တောင်မပြည့်သေးဘူး"

"ဘာပဲဖြစ်ဖြစ် ဝိုင်းကူပြီးစဉ်းစားပေးလို့ရတာပေါ့"

"အင်းလေ၊ ငါတစ်ရက်သွားတွေ့မှာပါ"

ခဏမျှငြိမ်သွားလေ၏။ တစ်ယောက်နှင့်တစ်ယောက် ဘာ





စကားမှမပြောဘဲ အတွေးနက်နေကြလေသည်။

"ဖျောက်! "

"ငါအကြံရပြီ"

"ဘာလဲဟ"

ဝဏ္ဏက လက်ဖျစ်တီး၍ဆိုတော့ သူပါထိုင်ခုံမှာထထိုင် လိုက်မိသည်။ အားလုံးအကြည့်က ဝဏ္ဏထံစုပြုံသွားလေ၏။

"ဇာ်အတွေ့မခံတဲ့အတောအတွင်း. . . သူ့နောက်ကို ရှဲဒိုး မလိုက်လို့တော့မရဘူးကွ။ ပြီးတော့ ကဗျာ့ကိစ္စကလည်း ချာန်မှ မကူညီရင်မရဘူး။ ငါတို့နဲ့မှမရင်းနှီးတာကိုး"

"မင်းက ဘာလုပ်မလို့လဲ"

"ငါတို့ ဇာ့နောက်ကို အလှည့်ကျရှဲဒိုးလိုက်မယ်"

"မဆိုးဘူး. . . ဒါပေမဲ့ ဖြစ်ပါ့မလား"

"တတ်နိုင်သရွေ့ သူမသိအောင်တော့လုပ်ရမှာပေါ့။ ချာန် ကိုယ်တိုင်လိုက်ရင် ပိုပြီးပြဿနာကြီးလာမှာကိုး။ ငါတို့လိုက်ရင် တော့ သူမရိပ်မိလောက်ပါဘူး"

"အေး. . . ကောင်းတယ်၊ ဒါဆို ဇာ့ကို. . . ဒီဘဲကြီးရန် က အန္တရာယ်ကာကွယ်ပေးရာလည်းရောက်တယ်။ တော်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနော့က်"

ဝဏ္ဏခေါင်းကို သူတို့ဝိုင်းထုကြတော့ ဝဏ္ဏနှုတ်မှဆဲရေး သံတွေဗလပွထွက်လာလေ၏။ ရင်ထဲမှာ အပူက နည်းနည်းတော့ လျော့သွားသလိုပင်။

"ငါကြားဖူးတာတော့ မမလေးကိုခိုးဖို့ လူဆိုးတွေနဲ့မောင် တိုင်ပင်ပဲ"

"ခု မင်းကိစ္စက ခိုးဖို့မပြောနဲ့၊ ကိုယ့်ရည်းစားကိုယ် ပြန် ပိုးဖို့တောင်မှ မလွယ်ဘူးမဟုတ်လား။ အဲဒါမင်းထိုက်နဲ့မင်းကံပဲ။ နေရာတကာ လူများကိုအားနာ၊ ကူညီနော်။ ခုမင်းဖြစ်လာတော့ ဘယ်သူလာကူညီသလဲ"

"မင်းတို့ကလည်းကွာ"

"အေးလေ. . . စေ့စပ်ပြီးသားဆိုရင်လည်း ဟုတ်တုတ် တုတ်။ တစ်ရက်ကနှစ်ရက်အဖြစ်မခံဘဲ ယူဖြစ်ဦးမှာ"

"ဟင့်အင်း၊ ဇာက တစ်ခါတည်းလက်ထပ်မယ်ပြောလို့ ငါတို့မစေ့စပ်ဖြစ်တာ"

"မင်းတို့ ဘယ်တော့ယူဖို့စီစဉ်ထားတာလဲ"

"ရည်းစားသက် ငါးနှစ်ပြည့်တဲ့နေ့၊ ဒါပေမဲ့ မမအရင်ဆုံး





မင်္ဂလာဆောင်ပြီးမှပါ"

"ဇွဲတော့မလျှော့နဲ့ချာန်ရေ. . . ဇွဲရှိမှ မင်း,ဇာနဲ့ပြန်နီးမှာ။ လောလောဆယ် မင်းက minus ဖြစ်နေတော့ ဟိုဘက်ကအမှတ် အသာနဲ့ ရှေ့ကပြေးနေပြီ။ ဒီလူကြီးကို အမြန်ဆုံးနည်းနဲ့ အနီကပ် ဖြစ်ဖို့လိုတယ်"

"ကြည့်လုပ်ကြဦးနော်. . . တော်ကြာပိုဆိုးနေမှ"

"ငါတို့သိပါတယ်ကွ. . . ငါတို့လုပ်တတ်တယ်။ ဘာမှပူ မနေနဲ့"

ဝယ်သူတွေရောက်လာတာမို့ ရုံးခန်းထဲမှ ဝဏ္ဏတို့အုပ်စု show room ထဲ ထွက်သွားကြလေ၏။ သူ့အသည်းဟက်တက်ကွဲ နေတာကိုနားလည်ပေးကြတာမို့ တော်ပါသေးသည်။ နို့မို့ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေ၍ ပေါက်ကွဲချင်သမျှ အိမ်မှာလည်းမထွက်ဝံ့။

ခုလို သူငယ်ချင်းတွေနဲ့ ပွင့်ပွင့်လင်းလင်းဖွင့်ပြောလိုက်လေ မှ အနည်းငယ်သက်သာသွားလေသယောင်။

ဇာရယ်. . . ကိုယ့်အပေါ်မှာ တကယ်ပဲ အယုံအကြည် ထင်းမဲ့လေပြီလား။ ဇာထင်သလိုမျိုး မဟုတ်ရပါဘူး။ ခုလောလော ဆယ်တော့ သွေးပူနေတဲ့ဇာ့ကို ကိုယ်မရှင်းပြပါရစေနဲ့ဦးနော်။



www.burmeseclassic.com

www.burmeseclassic.com



နောက်. . . ဖြည်းဖြည်းကျမှ ကိုယ်သေချာရှင်းပြပါ့မယ်။ အဲဒီအခါ ကိုယ်တို့ခပ်ခွာခွာနေလာခဲ့ရတဲ့ကာလတွေအတွက် အတိုးချပြီးချစ်ကြစို့နော်။

ကိုယ်တို့နှစ်ယောက်က ငယ်စဉ်ကတည်းက. . . အတူစား၊ အတူကစား၊ အတူသွားခဲ့ကြတာမို့ အခုလိုချစ်သူဘဝရောက်ပြန်တော့ ချစ်သူလိုရင်းရင်းနှီးနှီးနေဖို့ ကိုယ်စိတ်မရဲဘူး။ အထူးသဖြင့် ဇာစိတ်ဆိုးသွားမှာကိုစိုးရိမ်မိတာပါကွယ်။

ဇာက လက်ချင်းထိမိ၊ အသားချင်းတိုက်မိသွားတာလေးတောင် မျက်စောင်းခဲတတ်တာ၊ ချစ်သူလို ပွေ့မိဖက်မိနမ်းမိလို့ကတော့ ဘယ်လောက်တောင်မှစိတ်ဆိုးလိုက်လေမလဲ။ မှတ်မှတ်ရရ ချစ်သူဖြစ်သွားတဲ့ညတုန်းက ဇာ့မျက်ရည်တွေကိုသုတ်ပေးနေရင်း ဇာ့နဖူးပြင်လေးကိုငုံ့မွှေးချင်စိတ်ပေါက်လာမိတာကို မနည်းချွန်းအုပ်ထိန်းချုပ်ရတဲ့အဖြစ်က မလွယ်ပါဘူးဇာရယ်။ လူကြားသူကြားထဲမှာ ဇာ့လက်လေးကိုဆွဲချိတ်ပြီး ကိုယ်အတူလျှောက်ချင်တာပေါ့။

ဒါပေမဲ့ ဇာမကြိုက်မှာစိုးလို့ ဘေးကခပ်ခွာခွာသာ လိုက်လျှောက်ဖြစ်ခဲ့မိတယ်။ ချစ်စကားတွေ ထပ်ခါထပ်ခါပြောမိရင် ပေါ့သွားမှာစိုးလို့ နောက်ထပ်,ထပ်ပြီးမပြောဖြစ်ခဲ့ဘူး။ ဒါတွေဟာ ဇာ





စိတ်ဆိုးမှာကိုစိုးရိမ်စိတ်နဲ့ ကိုယ့်ဘက်ကဆင်ခြင်ခဲ့တာပါကွယ်။

ဒါတွေကပဲ ဇာနဲ့ကိုယ့်ကြားမှာ စိမ်းကားပြတ်တောက်ဖို့ အကြောင်းဖန်တီးလာခဲ့တာလား။ ဇာ့ရင်ထဲရောက်နေတဲ့ သံသယတွေကို ပပျောက်သွားလေအောင် ကိုယ်တစ်နေ့ရှင်းပေးမှာပါဇာရယ်။ အဲဒီနေ့လေးကိုတော့ အချိန်မီရောက်ခွင့်လေး ပေးလှည့်ပါ။

ဩော်. . . ဇာရယ်. . . သံသယဆိုတာ ချစ်သူနှစ်ယော[က်]ကြားကိုဝင်လာခဲ့ရင် ဖြေရှင်းလို့မရနိုင်တဲ့ပြဿနာတွေနဲ့ ရှုပ်ထွေ[း]ကုန်ပါလေရောလား။ [...]လို့

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ဇာကစိတ်ပျော့တယ်...သူများပြောတာကိုယုံလွယ်တယ်။ အဲဒီကြောင့် ဘယ်သူ့ကိုမှမယုံနဲ့...။ မဟုတ်ရင် ဇာနောင်တရမှာကိုစိုးရိမ်လို့ပါ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

အချောသတ်ပြင်ဆင်နေသည့်တစ်အိမ်လုံးကို လိုက်ကြည့်ရင်း သူမ စိတ်ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်မိ၏။ ဒီနေ့ အိမ်သော့ပြန်အပ်မှာမို့ ညနေတော့ ဦးဖုန်းရောက်လာမှာပါလေ။

ဧည့်ခန်းနံရံမှ မီးဆိုင်းတွေကို လှည့်ပတ်စစ်ကြည့်နေစဉ် နံရံထက်ရှိပန်းဆိုင်းက မသိမသာလေးစောင်းနေ၏။ ဂျွတ် . . . ကိုနေဝင်းတော့ သေချာမလုပ်ခဲ့ပါလား။ အခုက ခြံထဲမှာပန်းအိုးတွေချ၊ မြက်ရိတ်သမားတွေသာ ပါလာခဲ့တာမို့ ပစ္စည်းသိမ်းသည့်အံဆွဲထဲမှ screwdriver ကိုနှိုက်ယူ၍ သစ်သားလှေကားအတိုကို



www.burmeseclassic.com

www.burmeseclassic.com



ထောင်လျက် တစ်ထစ်ချင်းတက်ခဲ့၏။ အခြားအိမ်တွေမှာတုန်း ကလည်းလုပ်နေကျမို့ ဘာမှဖြစ်လောက်မည်မထင်ပါ။

သူမစိတ်တွေထွေပြားနေတာမို့ မီးဆိုင်းမှမီးလင်းနေတာ ကိုသတိမထားမိပေ။ အဲဒါကပထမအချက်။ လျှပ်စစ်မီးခလုတ်ကို မပိတ်မိသည်က ဒုတိယ။ အခြားအလုပ်သမားတွေကို မလုပ်ခိုင်း သည်က တတိယ။ ဝက်အူကိုပြန်ရစ်၍လှည့်လိုက်ပြီး မီးဆိုင်းကို လှည့်ရွှေ့စဉ် မီးအုပ်ဆောင်းက ငိုက်ခနဲဆင်းသွားတာမို့လှမ်းအဖမ်း သူမတစ်ကိုယ်လုံးကျဉ်ခနဲဖြစ်သွားလေ၏။

"အား. . ."

"ဝုန်း!"

မျက်စိထဲပျာသွားကာ လူကအမြင့်ထက်မှ ယိုင်ခနဲပြုတ် ကျလေ၏။ သွားပြီ. . . ဒီတစ်ခါဖြင့်ကိုစွချောပြီထင်ပါရဲ့။ အေးခနဲ ဖြစ်သွားရာမှ သူမကိုယ်လုံးလေးကို ဆီးပွေ့ဖမ်းလိုက်သည့်ရင်ခွင် တစ်ခုထဲသို့ ရုတ်တရက်ရောက်ရှိသွားရလေသည်။

"ဇာ. . . ဇာလေး"

မေးဖျားကိုကိုင်လှုပ်၍ခေါ်နေတာကို သူမသိပါ၏။ တင်း ကျပ်စွာပွေ့ထားသည့်အသိကိုလည်း သူမသိနေသည်။ ပြီးတော့





ပြီးတော့. . . အဆမတန်ခုန်ပေါက်နေသည့်ရင်ခုန်သံတို့ကိုလည်း အတှုယ်ကြီးကြားနေရပါသည်လေ။ ဘုရားရေ. . . ဦးဖုန်း. . . ဦး ဖုန်းရောက်လာခဲ့တာပေါ့။ သူမကိုဖမ်းပြီးပွေ့ခဲ့တာပေါ့။

"ဇာ. . . ဇာရေ"

သူမမျက်ဝန်းအစုံကို ဖျတ်ခနဲဖွင့်ကြည့်လိုက်တော့ စိုးရိမ် နေသည့်မျက်ဝန်းတစ်စုံကိုတွေ့လိုက်ရလေ၏။ ကြည့်စမ်း. . . သူ့ မျက်ဝန်းတွေက ဘယ်လောက်တောင်များလှလိုက်ပါသလဲ။

"ဇာသတိရပြီလား"

သူမအသာခေါင်းညိတ်ပြလိုက်တော့မှ သူက ပွေ့ထားရာမှ သူမကိုထူမတ်၍ရပ်စေ၏။ နောက်. . . သူမလက်ကိုဆွဲ၍ ထိုင်ခုံ မှာထိုင်ခိုင်းထားပြီး၊ မီးဖိုခန်းထဲရှိ refrigerator ထဲမှ ရေသန့်ဘူး တစ်ဘူးနှင့်ဖန်ခွက်ယူလာပြီး သူမကိုရေငှဲ့၍တိုက်လေသည်။

"ဘာလို့ ကိုယ်တိုင်တက်လုပ်ရတာလဲ။ ကိုယ် အရမ်းစိတ် ပူသွားတာပဲ"

"ဇာမေ့သွားတာ၊ မီးအရင်ပိတ်ဖို့"

"တော်သေးတာပေါ့၊ ကိုယ်က ညနေမှပဲလာတော့မလို့။ တော်ကြာ. . . ဇာစောင့်နေရမှာစိုးတာနဲ့ စောစောပဲလာခဲ့မိတာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီရုံလေးပဲ"

သူက မျက်နှာပူသွား၍ထင့်. . . ပြတင်းဝမှာသွားရပ်ပြီး ခြံထဲရှိအလုပ်သမားတွေ ဗာလုပ်လုပ်နေတာကိုကြည့်နေလေသည်။ သူမကို မင်း, ချာတိတ်ဟုခေါ်ရာမှ အမည်ပြောင်းခေါ်လိုက်သည့် ဝိသေသကို သူမသတိထားမိသွားသည်။ သူဒီအတိုင်းဆက်ခေါ်လေမည်လား။

"ဒီညရှစ်နာရီလောက်ဖြစ်ဖြစ် ကိုယ် Dinner ကျွေးချင်လို့ ဗာလာနိုင်မလား"

"ဘာပြောလိုက်တာလဲဟင်။ ဗာမကြားလိုက်ဘူး။ ဗာက ဘယ်သူနဲ့ပဲစကားပြောပြော မျက်နှာချင်းဆိုင်ကြည့်ပြီးမှပဲပြောတတ်တယ်"

သူ့ထံမှ သက်ပြင်းချသံသဲ့သဲ့မျှကြားလိုက်ရ၏။ သူမထိုင်နေသည့်ရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ထပ်ပြောပါလေသည်။

"ကိုယ် ဒီည ဗာ့ကို Dinner ကျွေးချင်လို့"

"ဗာမအားဘူးဆိုရင်ရော"

"ကိုယ်တစ်ရက်ပြန်ချိန်းပေးမယ်လေ။ ဗာ့အိမ်ဖုန်းဖြစ်ဖြစ်၊ Hand phone ဖြစ်ဖြစ် နံပါတ်ပေးခဲ့ပေါ့"





"ဗာလာခဲ့ပါ့မယ်. . . ဘယ်နေရာကိုလဲ၊ ဘယ်နှနာရီမှာ လာရမှာလဲ"

"ဗာ့ဖုန်းနံပါတ်မပေးချင်တာ ဟိုတစ်ယောက်သိသွားမှာ စိုးလို့လား"

"မဟုတ်ပါဘူးဦးဖုန်းရဲ့၊ ပေးလို့ရပါတယ်. . . ဟို"

သူက သူမဘာပြောမလဲစောင့်ဆိုင်းနေလေ၏။ ပြောလိုက်လို့ဖြစ်ပါ့မလား။ တော်ကြာ ရေလာမြောင်းပေးလုပ်နေတယ်ထင်သွားမှအခက်ပဲ။ အိုလေ. . . ဗာက ညာမှမညာတတ်တာ။ ဈာန်နဲ့ ချစ်သူဖြစ်သွားတဲ့အထိတောင် ပွင့်ပွင့်လင်းလင်းပြောခဲ့ဖူးသေးတာပဲ။

"ဗာ. . . ဈာန်နဲ့ပြတ်သွားပြီ"

"ဘယ်လိုဖြစ်တာလဲ. . . ဒီလောက်နှစ်ရှည်လများတွဲလာပြီးမှ သည်းခံလက်စနဲ့ ဆက်သည်းခံတာမဟုတ်ဘူး"

"ဦးဖုန်းက ဘာမှမသိဘဲပြောနေပြန်ပြီ။ သူက ဗာ့အပေါ် အရမ်းကိုပေါ့နေတာအမှန်ပဲ ဦးဖုန်းရဲ့။ စဉ်းစားကြည့်ပေါ့။ ချစ်သူသက်တမ်းလေးနှစ်ပြည့်တဲ့နေ့ကိုတောင် သတိမရနိုင်ဘဲ သူစိမ်းမိန်းကလေးတစ်ယောက်နဲ့အကြည်စိုက်နေတာကို ဘယ်သူကကြည်



www.burmeseclassic.com

www.burmeseclassic.com



ဖြူနိုင်မှာလဲ"

"ဇာ့အကြောင်းပြချက်က မခိုင်လုံသေးဘူးနော်"

"ပြောရရင်တော့ အများကြီးပေါ့ ဦးဖုန်းရဲ့"

"ဆုံးဖြတ်တာမစောပါနဲ့ ဇာ။ ဇာက စိတ်ပျော့တယ်။ သူများပြောတာကိုယုံလွယ်တယ်။ ဒါကြောင့် . . . ဘယ်သူ့ကိုမှမယုံနဲ့။ မဟုတ်ရင် ဇာနောင်တရမှာကိုစိုးလို့ပါ"

သူမ, သူ့ကိုဖျတ်ခနဲကြည့်လိုက်ပါ၏။ ဘာကြောင့်များ ညာချင်ရတာလဲဦးဖုန်းရယ် . . . ။ ဦးဖုန်းရဲ့ရင်ထဲမှာ ဇာ့ကိုပြောချင်တဲ့စကားတွေသိမ်းထားတာ အများကြီးရှိနေမှန်း ဇာသိပါတယ်။ ရည်းစားရှိလက်စကို အတင်းမရမကဖြတ်နေမှန်းသိလို့ အထင်သေးတာလား။ ဒါမှမဟုတ် ဂုဏ်တွေပကာသနတွေကိုကြည့်ပြီးမပြောရဲတာလား။ အသက်အရွယ်ကိုငဲ့ပြီးမပြောချင်တာလား။

"ကိုယ်ပြောတာ နားလည်လားဇာ"

"ဇာက မျက်စိနဲ့တပ်အပ်ကြီးမြင်ခဲ့ရတာပါဦးဖုန်းရဲ့။ ကိုယ့်ချစ်သူက သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့လက်သီးဆုပ်နဲ့ ကျီစယ်နေတာကို ကြည်ကြည်ဖြူဖြူလေးပြုံးကြည့်နေတဲ့မြင်ကွင်းကို ဇာဒီနေ့ထိဖျောက်ဖျက်လို့မရသေးတာအမှန်ပဲ"





သူ့မျက်နှာမှာ မဲ့ပြုံးယောင်ယောင်လေးမျှ ပေါ်လာလေ၏။ ထိုင်နေရာမှ ထလျှောက်လာပြီး သူမထိုင်နေသည့်ဆက်တီနောက်ကျောမှာလာရပ်လေသည်။

"တိုက်ဆိုင်တာမျိုးလည်းဖြစ်ချင်ဖြစ်နေမှာပေါ့ဇာ။ သူ့ရှင်းပြတာကို နားထောင်ပါဦးလား"

"ဟင့်အင်း . . . သူ, အဲဒီတစ်ယောက်နဲ့တွဲနေတာကြာပြီ ဦးဖုန်းရဲ့။ ဇာမကြာခဏတွေ့ခဲ့ရတဲ့အချိန်တွေမနည်းခဲ့ဘူး။ ဇာ . . . သူ့ကိုတကယ်မေ့လိုက်တော့မှာ"

သူ့ထံမှ ရယ်သံခပ်တိုးတိုးကြားလိုက်ရလေ၏။ ရုတ်တရက်သူမခေါင်းပေါ်သို့ သူ့လက်ဝါးနှစ်ဖက် အုပ်မိုးလာလေသည်။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရပြန်၏။

"မင်း . . . သူ့ကိုမမေ့နိုင်ပါဘူးဇာရယ်"

သူမ အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်ပါ၏။ အထင်သေးတာလား။ သေချာတာပေါ့။ သူမကိုအထင်မကြီးနိုင်တဲ့လူတစ်ယောက်ထံမှ သူမ ဘာကိုများမျှော်လင့်နေမိတာပါလိမ့်။ အတွေးအဆုံးမှာ သူမ, ထရပ်လိုက်ပါသည်။

"ဇာပြန်တော့မယ် . . . ဒီမှာဦးဖုန်းရဲ့အိမ်သော့"



www.burmeseclassic.com

www.burmeseclassic.com



သူဘာမှဆက်မပြောပါချေ။

အိမ်ဝမှာချွတ်ထားသည့်ဖိနပ်ကိုဝတ်လိုက်၏။ ဒါ သူဝယ်ပေးထားတဲ့ဖိနပ်ပါပဲ။ သူမဘက်က သူ့အပေါ်မှာ ဒီလောက်ထိ အမှတ်တရရှိနေသလောက် သူကတော့ ဥပေက္ခာပြုလွန်းရက်ပါတယ်လေ။

တိုက်ခန်းသို့ပြန်ရောက်စဉ် တံခါးဖွင့်ထွက်လာသည်က ကိုအောင်အောင်ဖြစ်နေလေ၏။ ဒီအချိန်ပြန်လာမည်ထင်မထားသည်မို့ မျက်နှာကတအံ့တသြ။

"ညီမလေးပြန်လာပြီလား"

"ဟုတ်. . . အစ်ကိုပြန်တော့မလို့လား"

"အင်း. . . သွားပြီနော်"

"ဟုတ်"

ခဲအိုလောင်းကတော့ ဝင်ထွက်လာချေပြီ။ မမတို့စုံတွဲကသူမတို့လို လှမြင်ကွင်းမှာ တွဲသွားတွဲလာသိပ်မလုပ်ပေ။ များသောအားဖြင့် ကိုအောင်အောင်ကသာ မမရှိနေတတ်သည့်ညနေခင်းတွေမှာ လာလည်တတ်ပါသည်။ ဒီနေ့ Sunday ဆိုတော့ မမလည်းရှိနေသည်ကိုး။





"ဟဲ့. . . စောလှချည်လား"

"အင်း. . . ဒီနေ့အိမ်အပ်ရုံပဲလေ မမရဲ့။ ဖေဖေရော"

"ဦးဦးနဲ့ golf ကွင်းသွားတယ်ပြောတာပဲ။ အန်တီလေးနဲ့အန်တီချို က ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်သွားတာ ညနေစောင်းမှရောက်ကြမှာ"

'ဒါဖြင့် မမနဲ့ကိုအောင်အောင် နှစ်ယောက်တည်းတွေ့ကြတာပေါ့။ ဘာညာသာရကာတွေပြောနေကြသလဲ' ဟု ခါတိုင်းလိုသူမ,မစဖြစ်။ လူက ဘာတစ်ခုမှစိတ်တိုင်းမကျဖြစ်ကာ နုံးချိနေသည်။

"ကိုအောင်ဘာတွေပြောသွားသေးလဲ"

"ဒီလိုပါပဲ"

"မမတို့ ဒီနှစ်ထဲယူဖြစ်မှာလား"

"ဖြစ်ဦးမယ်မထင်ဘူး။ နင်တို့နှစ်ယောက်ကိစ္စက ငြိမ်းမှမငြိမ်းသေးတာ"

"ဘာဆိုင်လို့လဲ. . . မမက သပ်သပ်၊ ဇာကသပ်သပ်ပဲဟာကို"

"ဟဲ့. . . ရမလား။ ကိုအောင့်မှာ မိဘတွေရှိကြတော့ဘာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မင်္ဂလာဆောင်ရင် ဦးဦးနဲ့အန်တီချိုပဲ မိဘအရာနေရမှာ နင်မသိဘူးလား"

မမလေသံမာသွားတာကို သိလိုက်ပေမယ့် သူမရန်မလုပ်ဖြစ်။ ခုတင်ထက်ခွေလှဲလိုက်တော့ မမထံမှ မျက်စောင်းတစ်ချက်ကိုရလိုက်သည်။

"စည်းကမ်းမရှိလုပ်ပြန်ပြီ. . . အကျႌလဲလေ"

"မလဲချင်သေးဘူး"

"ကိုအောင်လာပြောသွားတာ ငါတို့ကိစ္စမဟုတ်ဘူးဇာရဲ့။ နင်တို့ကိစ္စ"

"ဟာ! သူနဲ့မဆိုင်ဘဲနဲ့"

"မဆိုင်ဘဲရှိမလား။ ဟိုကောင်လေးငိုပြီးပြောတော့လည်း အစ်ကိုဖြစ်တဲ့သူက ဘယ်နေနိုင်ပါတော့မလဲ။ ငါ့ဆီရောက်လာရတာပေါ့"

"ယုန်တစ်ကောင်လုံး ငိုပြီးပြောရင်တောင်မှ ဇာမယုံတော့ဘူး"

"ဇာရယ်. . . နင့်စိတ်ကို နင်မနိုင်ဘဲနဲ့ မျက်စိစုံမှိတ်ပြီး ငြင်းမနေနဲ့။ ကိုယ့်ကိုယ်ကို မှန်ထဲလည်းပြန်ကြည့်လိုက်ဦး။ အခုရင်





လိုပြည့်ပြည့်ဖောင်းဖောင်းလေးမဟုတ်တော့ဘူး"

"ကောင်းတာပေါ့၊ လေ့ကျင့်ခန်းလုပ်စရာမလိုတော့ဘူး"

ရွဲ့ပြောနေတာပဲမို့ မမကဆက်မပြောဘဲ အသံတိတ်သွားခဲ့၏။ သူမခုတင်ပေါ်မှာ ပြောင်းထိုင်ကာ၊ ဆံပင်ကိုတိုလေးတွေကို အသာသပ်တင်ပေးလိုက်လေသည်။

"နည်းနည်းတော့ စဉ်းစားပေးသင့်ပါတယ်ဇာ။ နင်တွေ့ခဲ့တဲ့ကောင်မလေးနဲ့ သူနဲ့ဘာမှမပတ်သက်ပါဘူးတဲ့။ နင်အထင်မှားနေတာပါတဲ့။ လောလောဆယ် သူဘယ်လိုမှရှင်းပြလို့မရသေးလို့ခက်နေတာမို့ အချိန်တန်ရင်တော့ နင့်စိတ်ပြေတဲ့အထိ သူဖြေရှင်းပေးပါ့မယ်တဲ့"

သူမမျက်စိအစုံကိုသာ မှိတ်ထားလိုက်တော့သည်။ ဒီလိုပဲလေပြည်လေးနဲ့ပြောဦးမှာပေါ့။ တစ်ဦးတည်းသောသားမို့ စွတ်အလိုလိုက်ထားကြတာ။ ဒီလိုသာ သူခြေရှုပ်တတ်မှန်းသိရင် သူမဘယ်လိုမှ ခေါင်းညိတ်မိခဲ့မှာမဟုတ်။ အင်း. . . သမီးရည်းစားဖြစ်သွားတာတောင် သူမ မူချိန်များရခဲ့လို့လား။ လွယ်လွယ်ရခဲ့တဲ့ချစ်သူတစ်ယောက်ကို လွယ်လွယ်နဲ့ချောင်ထိုးထားဖို့ ကြိုးစားတာလား၊ ဗျာန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်အခုတွဲနေတဲ့လူအကြောင်း သူတို့အုပ်စုစုံစမ်းနေပုံ ရတယ်လို့ ကိုအောင်ပြောသွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နင်တစ်ခုခု ဖြစ်မှာကိုတော့ သူစိုးရိမ်ရှာပါတယ်ဇာရယ်။ အရင်လိုပဲ စိတ်လေး ပျော့ပျော့ထားပါဦးလား"

"ဇာနားချင်ပြီမမ. . . ညကျ Dinner ပွဲသွားရဦးမှာ၊ တစ်လလုံးလုံးပင်ပန်းထားလို့အနားယူပါရစေ"

"ဟင်! ဘယ်သူဖိတ်တဲ့ပွဲလဲ"

"ဦးဖုန်း"

ဒီတစ်ခါတော့ မမတကယ်နှုတ်ပိတ်သွားတော့၏။ စိုးရိမ်တယ်တဲ့လား။ ည (၉) နာရီ၊ (၁၀) နာရီအထိ အလုပ်ဆင်းနေရတဲ့ ချစ်သူတစ်ယောက်လုံးကိုလာကြိုဖို့မေ့တဲ့လူကများ လျှာအရိုးမရှိ တိုင်းပြောတတ်ပါဘိ။

❀ ❀ ❀





စိတ်ကူးနဲ့လက်တွေဟာ ဘယ်တော့မှတစ်ထပ်တည်းကျလေ့ မရှိဘူးတဲ့။ တုတ်တာပေါ့…ဇာ့အဖြစ်ကိုပဲကြည့်။ တွဲထားတဲ့လက်ကို ဆွဲဖြုတ်ပြီး အခြားလက်တစ်စုံရဲ့ကမ်းလှမ်းမှုကို မျှော်လင့်တကြီးတမ်းတ နေမိခဲ့တာလေ။ ဒါပေမဲ့ အဲဒီလက်တစ်စုံက တွေဝေမှုတွေနဲ့…ကမ်းလင့် မလာခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ကိုယ်ကျပ်ဂါဝန်အနက်လေးက သူမကိုယ်ပေါ်မှာ Fitting ကျကျ ချပ်ချပ်ရပ်ရပ်။ shampoo နှင့်လျှော်ထားသည့်ဆံပင်တိုတိုတို့ကို Gel ဖြင့်လူး၍ ပိပိပြားပြားလေးဖြီးသင်လိုက်သည်။

ဘာလက်ဝတ်ရတနာမှမဝတ်ဘဲ စတီးလက်ပတ်နာရီကိုသာ ဘယ်လက်ကောက်ဝတ်မှာ ပတ်လိုက်သည်။ တော်လောက်ပါပြီလေ။ မျက်နှာကို puff ဖြင့် သုံးလေးချက်ရိုက်လိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

"ဘယ်အချိန်ပြန်လာမှာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူးဖေဖေ။ စိတ်မပူပါနဲ့. . . ဦးဖုန်းက တိုက်ရွှေ့ထိပြန်ပို့ပေးမှာပါ"

"သူချိန်းတာ ဘယ်နှနာရီလဲ"

"ရှစ်နာရီ"

"အခုမှခုနစ်နာရီပဲရှိသေးတာ။ မစောလွန်းဘူးလား။ Taxi နဲ့သွားမှာပဲ။ ဒီလောက်အချိန်မယူရပါဘူး"

"ဖေဖေဘာများပြောချင်လို့လဲ"

"ခဏထိုင်ဦးပေါ့ သမီးငယ်"

သူမ,ဆက်တီမှာအသာဝင်ထိုင်လိုက်ပါ၏။ ဖေဖေက သူမကိုတစ်ချက်အကဲခတ်လိုက်ပြီး လည်ချောင်းရှင်းသည်။

"သမီးက ချိန်ခွင်လျှာလေးတစ်ခုလိုဖြစ်နေတာ သတိထားမိရဲ့လား"

"ရှင်! "

"တစ်ဖက်ကိုအလေးတစ်ခုခုထည့်လိုက်ရင် အဲဒီဘက်ကိုအလွယ်တကူယိုင်သွားတတ်တယ်လေ။ သားရှာန်မှာ ပြစ်ချက်လေးနည်းနည်းရှိသွားတာနဲ့ ဟိုတစ်ဖက်ကိုယိမ်းဖို့ သမီးကြိုးစားနေပြီ"

"မဟုတ်ပါဘူးဖေဖေ"





"ဖေဖေပြောတာကို အရင်နားထောင်ပါဦးသမီးရယ်"

သူမ သက်ပြင်းဖွဖွချလိုက်မိ၏။ ဇေဖေဆုံးမရင် တော်ရုံနှင့်ပြီးတာမဟုတ်။ ဦးဖုန်းတော့ မျှော်နေပြီလား။

"လူနဲ့စိတ်ကင်းကွာတတ်ရင် သမီး အသက်အန္တရာယ်နဲ့ကြုံရတတ်တယ်နော်"

"ဇာနားထောင်နေပါတယ်ဖေဖေ"

"အေး. . . အခု သမီးဘာတွေလုပ်နေလဲဆိုတာ ဖေဖေမသိဘူးလို့မထင်နဲ့။ ဖေဖေ့မှာ နားတွေမျက်စိတွေအများကြီးရှိတာကို သမီးသိထားပါ"

"ဦးဖုန်းက လူကြီးလူကောင်းတစ်ယောက်ပါဖေဖေ"

"ဟုတ်ပါပြီ, ဖေဖေ မငြေဖန်လိုပါဘူး။ လူတွေအကြောင်းကို ဖေဖေ့လောက်သမီးမသိသေးပါဘူးလေ။ လောလောဆယ်တော့ ဒီလူ့အပေါ်မှာ သမီးက အကောင်းချည်းပဲမြင်နေတာဆိုတော့ ဖေဖေတစ်ခုခုပြောလိုက်တာနဲ့ ဖေဖေ့ကို သမီးငြိုငြင်မိရင် ငရဲကြီးမှာစိုးလို့ ဖေဖေမပြောပါရစေနဲ့။ တစ်ခုပဲသတိပေးချင်လို့ပါ။ သူ့အကြောင်းကို သေချာဂဃနဏမသိသေးဘဲနဲ့ စိတ်နောက်ကိုယ်ပါလက်မခံမိပါစေနဲ့သမီး။ ဖေဖေပြောချင်တာဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖုန်းက သမီးအပေါ်မှာ ရိုးသားပါတယ်ဖေဖေ"

"ဖေဖေက ရှေ့ကိုကြိုမြင်ပြီး ပြောလိုက်တာပါသမီး။ ကဲ ကဲ. . . သွားစရာရှိတာသွားတော့။ သိပ်ညဉ့်မနက်စေနဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါဖေဖေ"

သူမ, ဖိနပ်စင်မှဖိနပ်ကိုယူရန်ကြည့်လိုက်တော့ ဦးဖုန်း ဝယ်ထားပေးသည့်ဖိနပ်ကိုမတွေ့ရတော့ပါ။ ထိုဖိနပ်နေရာမှာ ရှိနေသည်က အမျိုးအစားတူ၊ size တူ၊ နံပါတ်တူ အနက်ရောင်ဖိနပ်လေး။ ဘယ်သူများ လာလဲသွားတာပါလိမ့်။

"ဝတ်သွားလိုက်ပါ ဇာ။ ငါ့ဖို့ ကိုအောင်ဝယ်လာပေးတာ ငါနဲ့သေးနေတယ်။ ပြီးတော့ နင်ကြိုက်တဲ့ဟာမျိုးပဲမို့ ငါတင်ပေးထားလိုက်တာ"

ဟိုတစ်ရန်ရောဟု သူမလှည့်မမေးမိ။ ဖေဖေက ခုထိဧည့်ခန်းမှာရှိနေတုန်းကိုး။ ထိုဖိနပ်လေးကိုပဲစီးကာ သူမထွက်လာခဲ့သည်။ Taxi ပေါ်မှဆင်းလိုက်စဉ် Restaurant ရှေ့မှာ အဆင်သင့်ရပ်စောင့်နေသည့်သူကို တွေ့လိုက်ရ၏။ သူက Taxi တံခါးကို လာဖွင့်ပေးလျက်ကြိုလေသည်။





"၈ နာရီ ၁၅ မိနစ်ရှိပြီဆိုတော့ ကိုယ်က ဇာမလာဖြစ်တော့ဘူးထင်နေတာ"

"ဖေဖေနဲ့စကားပြောနေလို့ နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ"

"ရပါတယ်. . . လာလေ"

သူ့ခေါ်သည့်နောက် စားသောက်ဆိုင်ထဲသို့ သူမလိုက်လာခဲ့သည်။ လက်ထဲမှာယူလာသည့် packing ထုပ်ကို သူ့ထံလှမ်းပေးလိုက်ပါ၏။ ထိုင်ခုံမှာထိုင်ရန်ပြင်နေရာမှ သူအံ့ဩသွားလေသည်။

"ဘာလဲဇာ"

"ဦးဖုန်းအတွက်လက်ဆောင်"

"ဘာအတွက်လဲ"

"ဇာ့တုန်းက ဦးဖုန်း ဖိနပ်ဝယ်ပေးဖူးတယ်လေ"

"မလိုပါဘူးကွယ်"

"ဒါပေမဲ့ လက်ခံပေးပါနော်"

သူက အထုပ်ကိုအသာယူလိုက်ပါ၏။ အထုပ်က ပြားသလို လေးလေးပင်ပင်လည်းရှိတာမို့ ထူးဆန်းနေသလိုပင်။

"ဘာတွေများလဲ ဇာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖုန်းကိုပေးဖို့ ဇာတော်တော်စဉ်းစားခဲ့ရတယ်။ နောက် ဘယ်လိုမှစဉ်းစားလို့မရတာနဲ့ အန်တီမာရီ့ဆီ အကြံဉာဏ်တောင်းမှအဆင်ပြေသွားတာ"

"တော်တော်ဦးနှောက်စားသွားတယ်ပေါ့လေ။ တကူးတက ဇာရယ်"

"ဦးဖုန်းအတွက်. . . အသုံးဝင်တဲ့ပစ္စည်းလည်းဖြစ်သလို အမှတ်တရလည်းဖြစ်စေချင်လို့ပါ"

"Thanks နော်. . . စားပွဲပြင်ခိုင်းလိုက်ပြီ။ ခဏစောင့်"

ခဏအကြာ အစီအရီရောက်လာသည့်စားသောက်စရာတွေကိုကြည့်ရင်း သူမစိတ်ညစ်သွားရ၏။ အရင်လို အစားကိုသိပ်မမက်မောတော့တာကြာခဲ့ပြီပဲ။ သူက သူမကို လိုလေသေးမရှိ ပြုစုပေးရှာပါသည်။ ထမင်းမစားခင် ကုတ်ဘူးကိုဖောက်၍ ဖန်ခွက်ထဲထည့်ပေးကာ အရင်သောက်စေလေသည်။ အဲဒါတွေကအစ ဈာန်နဲ့မတူတာပေါ့။

"စားနော်. . . အားမနာနဲ့၊ မရှက်နဲ့"

"ဟုတ်"

"ဇာတစ်ခုခုဖြစ်လာသလား၊ မျက်နှာသိပ်မကြည်ဘူး။ ဦး





က အာပြောလိုက်လို့လဲ"

အဲဒါပါပဲ. . . ဈာန်နဲ့ကွာတာတွေ အများကြီးပါလေ။ သူက ဇာ့မျက်နှာအကဲကိုဖမ်းတတ်တယ်။ ဇာ့ခံစားချက်ကိုသိနေတတ်တယ်။ ဒီလောက်ထိသိနေတာတောင် သွေးအေးတည်ငြိမ်လွန်းတာတော့ အံ့သြစရာပါပဲ။

"ဖေဖေက ဇာ့ကိုအသိပေးတဲ့သဘောပါ"

"ကိုယ့်ကိုပြောပြလို့ဖြစ်ရဲ့လား"

"ဟုတ်ကဲ့. . . လူတွေရဲ့အကြောင်းကို ဇာသိပ်မသိသေးဘူးတဲ့"

သူစားလက်စခွန်းကို အသာချလိုက်ပါ၏။ သူမကိုဖျတ်ခနဲကြည့်လိုက်သည့်မျက်ဝန်းများက အဓိပ္ပာယ်နက်ရှိုင်းလွန်းလှသည်။

"ကိုယ်နဲ့ချားပတ်သက်နေလားဇာ"

"ဇာ, ဖေဖေ့ကိုပြောလိုက်ပါတယ်။ ဦးဖုန်းနဲ့ဇာက ရိုးသားပါတယ်လို့"

"ဟုတ်တာပေါ့. . . ကိုယ်တို့ရင်းနှီးပတ်သက်ခဲ့တဲ့ သုံးလေးလအတွင်းမှာ သွားသွားလာလာရှိတော့ တစ်ယောက်မဟုတ်တစ်ယောက်တော့တွေ့မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, ဦးဖုန်းကိုအားနာပါတယ်။ သိပ်ကြီးမရင်းနှီးသေးဘဲနဲ့ သူတစ်ပါးကိုယ်ရေးကိုယ်တာကိုမေးလို့ဘယ်ကောင်းမှာလဲ။ ဟာ, လူမှုရေးကိုနားလည်ပါတယ်"

သူ, ဆတ်ခနဲခေါင်းညိတ်လိုက်ပါ၏။ စားသောက်ခြင်းကို အဆုံးသတ်လိုက်ပြီး ဖျော်ရည်ကိုမော့ချကာ ပါးစပ်ကို serviette ဖြင့်သုတ်လိုက်လေသည်။

"ကိုယ်ပြောပြလို့ဖြစ်ပါတယ်။ မင်းနဲ့ကိုယ် မိတ်ဆွေတွေပဲဟာ"

"ဦးဖုန်းပြောချင်စိတ်ရှိမှပြောပါ"

"ရပါတယ်"

သူက လက်ဝါးနှစ်ဖက်ကို လက်ချောင်းလေးများထိုးယှက်လျက် ခဏမျှငြိမ်သွားလေ၏။ ဆိုင်ထဲမှာ လူအတော်ရှင်းကာ တီးလုံးသံစဉ်လေးသာ ငြိမ့်ငြိမ့်လေးထွက်နေလေသည်။

"ကိုယ်က divorcee တစ်ယောက်ပါ"

"ရှင်! "

"ဟုတ်တယ်. . . လွန်ခဲ့တဲ့တစ်နှစ်ကျော်ကျော်လောက်က မိဘတွေသဘောကျ မိန်းကလေးတစ်ယောက်ကို ကိုယ်လက်ထပ်





ခဲ့တယ်။ လက်ထပ်ပြီး တစ်နှစ်အကြာမှာ. . . ကိုယ်တို့နှစ်ယောက် divorce လုပ်ခဲ့ကြတာပဲ"

"ဘာပြဿနာရှိလို့လဲဟင်"

"စိတ်သဘောထားချင်းမတိုက်ဆိုင်တာပေါ့။ ပြီးတော့"

သူက မျက်ဝန်းနက်များဖြင့် သူမကိုစိုက်ကြည့်ကာ တီးတိုးဆက်ပြောလေ၏။

"ကိုယ်, သူ့ကိုမချစ်ဘူး"

သူမနှုတ်ခမ်းလေးများ အလိုလိုဟသွားရ၏။ ဤမျှတည်ငြိမ်ရင့်ကျက်လွန်းသည့်လူတစ်ယောက်ထံမှာ ယခုချိန်ထိ အချစ်ဆိုတာမရှိသေးဘူးတဲ့လား. . . ထူးဆန်းလေစွ။

"အခု. . . အခု, အဲဒီတစ်ယောက်က တခြားအိမ်ထောင်ပြုလိုက်ပြီလားဟင်"

"ဟင့်အင်း. . . ကိုယ့်လိုပဲ လွတ်လွတ်လပ်လပ်နေနေသေးတယ်"

"ဦးဖုန်းတို့ အဆက်အသွယ်ရှိကြသေးလား"

"လုပ်ငန်းနဲ့ဆက်စပ်မှုရှိလာရင်တော့ ဖုန်းထဲက စကားပြောဖြစ်တာပေါ့။ သူက. . . ကာယအလှသင်တန်းဖွင့်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



Beauty saloon နဲ့တွဲဖွင့်ထားတာ။ နောက် တခြားလုပ်ငန်းတွေလည်းရှိသေးတယ်။ အဲဒါတော့ ကိုယ်မသိဘူး။ သူ အရေးတကြီးငွေလိုအပ်တဲ့အခါမျိုးမှာ ကိုယ့်ကိုအကူအညီတောင်းတယ်။ ဒါပဲ"

"ဦးဖုန်းက ဘာကုမ္ပဏီဖွင့်ထားလို့လဲ"

"ပုဂ္ဂလိကဏ္ဍအကျ"

"ဪ"

သူမငြိမ်သက်သွားရ၏။ စဉ်းစားစရာတွေ ထပ်ပေါ်လာပြန်ပြီလား။ အို! သူနဲ့ဇာက ခုချိန်ထိဘာဆိုဘာမှပတ်သက်သေးတာမှမဟုတ်တာဘဲ။

အပြန်မှာ သူလိုက်ပို့သည့်ကားပေါ်မှာ ဘာစကားမှမပြောဖြစ်ဘဲ တိတ်ဆိတ်စွာလိုက်ပါလာခဲ့ရ၏။ ခုချိန်ထိ အချစ်ဆိုတာကို ဇာကောင်းကောင်းကြီးမခံစားတတ်သေးတာကိုတော့ ဝန်ခံချင်ပါတယ်လေ။

❀ ❀ ❀





စဉ်းစားစရာတွေအများကြီးလိုလာပြီဇာ။ သူက လူပျိုမဟုတ်ဘူးဆိုတဲ့အချက်နဲ့တင် နင်နဲ့တန်ဖိုးချင်းကွာသွားပြီ။ သူ့နောက်ကဂုဏ်ပကာသနတွေကို ခဏမေ့ထားကြတာပေါ့။ ဈာန့်လိုရည်းစားများတာတာ ခွင့်လွှတ်ချင်ခွင့်လွှတ်နိုင်သေးတယ်။ မိန်းမတစ်ယောက်ကို လက်ထပ်ပြီးကွာရှင်းခဲ့တဲ့လူတစ်ယောက်ရဲ့စိတ်ကို နင်လျှော့တွက်ရင် မှားမှာသေချာသလောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

လိမ္မော်ရည်သောက်နေရာမှ သူမစကားကြောင့် မေဇင် သီးသွားလေ၏။ ကျောကုန်းကိုသုံးလေးချက်ပုတ်ပေးလိုက်မှ သက်သာသွားလေသည်။

"နင့်ဟာကလည်း ဇာရယ်၊ ဟုတ်မလိုလိုနဲ့ Half Feelကြီးပါလား"

"ငါအမှန်အတိုင်း နင့်ကိုဖွင့်ပြောတာပဲ မေဇင်"

"နင့်အတွက် စဉ်းစားစရာတွေအများကြီးလိုလာပြီ ဇာ။ သူကလူပျိုမဟုတ်ဘူးဆိုတဲ့အချက်နဲ့တင် နင်နဲ့တန်ဖိုးချင်းကွာသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ သူနောက်က ဂုဏ်ပကာသနတွေကို ခဏမေ့ထားကြတာပေါ့။ ဈာန်လိုရည်းစားများတာက ခွင့်လွှတ်ချင်ခွင့်လွှတ်နိုင်သေးတယ်။ မိန်းမတစ်ယောက်ကိုလက်ထပ်ပြီး ကွာရှင်းရဲတဲ့လူတစ်ယောက်ရဲ့ စိတ်ကို နင်လျှော့တွက်ရင် မှားမှာသေချာသလောက်ပဲ"

"သိပ်လည်းမစိုးရိမ်ပါနဲ့ မေဇင်။ သူ့ခုထိ ငါ့ကိုဘာမှဖွင့် မပြောသေးပါဘူး"

"ပြောလို့ရမလားဟဲ့။ ချိန်ဆနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ လောလောဆယ် နင်က ဈာန့်ကိုစွနဲ့ရင်ပူနေတဲ့သူကိုး"

မေဇင်က အအေးဖိုးရှင်း၍ထလိုက်စဉ် အလန့်တကြားရေရွတ်လိုက်လေ၏။

"ဟဲ့. . . ဝဏ္ဏနဲ့တူလိုက်တာ. . .။ ဟဲ့. . . ဝဏ္ဏ. . . ဝဏ္ဏ ဘယ်ကိုလာတာလဲ. . . လာလေ"

ဝဏ္ဏက ခပ်ငိုက်ငိုက်ဆောင်းထားသည့်လျှာထိုးဦးထုပ်ကို ချွတ်၍ ရယ်ကျဲကျဲမျက်နှာဖြင့် ဆိုင်ထဲဝင်လာလေသည်။

"မဟုတ်မှလွဲရော. . . နင့်ကို ဈာန် shadow လွှတ်လိုက်တာထင်တယ်"

"ကျွတ်. . . ငါတစ်ယောက်တည်း သီးသန့်မဟုတ်ပါဘူး





မေဇင်ရဲ့။ တစ်အုပ်စုလုံးအလှည့်ကျပါဟ"

သူမက ဝဏ္ဏကိုမျက်စောင်းခဲလိုက်ပြီး နှုတ်ခမ်းကိုမဲ့လိုက်မိသည်။

"အဲဒီထဲမှာ ဒင်းတော့မပါဘူးမဟုတ်လား"

"ပါလို့ရမလားကွ. . . သူ့အဖေက နင်ထပ်ပြောလာရင် အိမ်ပေါ်ကခေါင်းနဲ့ဆင်းရမယ်ဆိုလို့ ခေါင်းကပ်ငြိမ်နေရရှာတာ"

"သူ့ကိုပြန်ပြောလိုက်ပါဝဏ္ဏ။ အဓိပ္ပာယ်မရှိတဲ့အလုပ်တွေ လျှောက်လုပ်မနေနဲ့လို့။ ငါ သူ့ကိုလုံးလုံးစိတ်မဝင်စားတော့ဘူးဆိုတာပါ၊ ထည့်ပြော"

"အေး. . . နင်ပြောခိုင်းတာလည်းပြောပေးမယ်။ သူပြောထားတာလည်း ငါ၊ နင့်ကိုပြောရမှာပဲ"

"ငါနဲ့ပြန်နီးချင်ပြီဆိုတဲ့စကားကလွဲရင် ကျန်တာပြောလို့ရတယ်ဝဏ္ဏ"

ဝဏ္ဏ သက်ပြင်းကိုဆောင့်အောင့်ချလိုက်၏။ ဇော်ဘက်က ဤမျှထိသွေးအေးနေခြင်းကို ဒီကောင်သိရင်တော့ မလွယ်ကြောပဲ။

"နင့်ရဲ့အဆိုးမြင်ဝါဒီကို တစ်ထစ်လောက်တော့လျှော့ပါ

www.burmeseclassic.com



ဦး ဇာရာ။ သူပြောတာ နင့်အတွက်ပါ။ ပြီးတော့ ဒီစကားကို နင့်ကို သူပြောခိုင်းတာမဟုတ်ဘူးနော်။ သူညည်းသလိုပြောလို့ ငါပြောပြ မှာ"

"စကားရှည်လိုက်တာဟယ်. . . ပြောမယ့်ဟာပြောပေါ့။ ကြားထဲက ငါတောင်စိတ်မရှည်တော့ဘူး"

"အေးပါ. . . နင် သူ့ကိုအထင်လွဲနေတာကို မရှင်းပြနိုင်သေးခင် တစ်ဖက်ကို နင်ခြေကျွံသွားမှာ သူအစိုးရိမ်ဆုံးပဲဟ။ ဒီကိစ္စက ဘွာခတ်လို့ရမယ့်ကိစ္စမျိုးမဟုတ်ဘူးတဲ့. . .။ နင်တစ်ခုခုဖြစ်ရင် အဲဒီလူကို ဒီလောကကြီးမှာ အရှင်မထားဘူးလို့ကြိမ်းဝါးထားတာနော်"

"အံမယ်. . . ရမလား"

"အေး. . . နင် သူ့ကိုခေါင်းညိတ်ဖို့စဉ်းစားပြီဆိုရင်တော့ ပုလဲဒေဝီနဲ့အရင်ဆုံးသွားတွေ့သင့်တယ်တဲ့"

"ဘယ်က ပုလဲဒေဝီလဲ"

"ကျွတ်. . . သူ့ ကွာရှင်းထားတဲ့မိန်းမလေကွာ။ နင်က လည်း"

"ဟင်! "





"နေဦး. . . သူပြောတုန်း ငါ့ လိပ်စာကူးရေးလိုက်သေးတယ်။ နာမည်ကြီးပဲဟ။ ကျွတ်. . . ဘယ်ချောင်ရောက်သွားပါလိမ့်"

ဝဏ္ဏက အင်္ကျီအိတ်ကပ်တွေရော၊ ဂျင်းဘောင်းဘီအိတ်တွေကိုပါ ဟိုစမ်းဒီနှိုက်လုပ်နေသလို သူမရင်ထဲမှာ အတော်လေးစိတ်လှုပ်ရှားလာလေ၏။

"ဟော. . . တွေ့ပြီ. . . ဒီမှာ"

မေဇင်က ဝဏ္ဏလက်ထဲမှစာရွက်လေးကို ဖျတ်ခနဲယူလိုက်လေ၏။ သူမကတော့ မတုန်မလှုပ်ထိုင်နေဆဲ။

"ငါသွားတော့မယ်"

"အေး"

ဝဏ္ဏက ဆိုင်ထဲမှခပ်သုတ်သုတ်ထွက်သွားလေ၏။ မေဇင်က သူမဘာပြောမလဲစောင့်ဆိုင်းနေလေသည်။

"ငါသွားကြည့်ချင်တယ်"

"ဖြစ်ပါ့မလား"

"သူ့အမျိုးသမီး ဘယ်လိုပုံလဲသိရရင် တော်ပါပြီ"

"ဒါဆိုရင်လည်း သွားကြတာပေါ့. . . လာ. . . သာ"



www.burmeseclassic.com

www.burmeseclassic.com



Taxi ဖြင့်နှစ်ဦးသားထွက်လာခဲ့သည်။ မှန်ချပ်များကာ ထားသည့်အလှပြင်ဆိုင်နှင့် သင်တန်းခန်းမကြီးက တခမ်းတနား။ ဒီလောက်ချမ်းသာပါလျက် ဘာကြောင့်များကွဲကြတာပါလိမ့်။

ကားပေါ်မှဆင်း၍ platform ပေါ်မှာ ခြေဆုံရပ်နေမိသည်။ ဘယ်လိုသွားတွေ့ရမလဲ။ သင်တန်းတက်ဖို့ စုံစမ်းသလိုဝင်သွားရင်တော့ ရနိုင်ကောင်းရဲ့။ ဒါပေမဲ့ တွေ့ချင်တဲ့သူနဲ့တွေ့ရပါမလား. . .။

"ဘာလုပ်မလဲ ဇာ"

"ဝင်သွားရအောင်"

"ဖြစ်ပါ့မလားဟဲ့"

"ဒီလိုပဲကြည့်ပြောရမှာပေါ့"

"မဟုတ်သေးဘူးထင်တယ်နော်ဇာ. . . သူက နင့်ကိုဘာမှမပြောရသေးခင် ခုလိုဝင်တွေ့တာ နင်ဘက်က foul သွားမှာပေါ့"

"ရောက်လာမှတော့ ဝင်တွေ့သွားမယ်ဟာ. . . လာ"

မှန်တံခါးကိုတွန်းဖွင့်၍ဝင်လိုက်စဉ် Door girl လေးနှစ်ဦးက ခေါင်းညွှတ်၍ကြိုဆိုပါလေ၏။ အောက်ထပ်က သင်တန်းခန်းမဖို့ အတော့်ကိုကျယ်ဝန်းပါသည်။





"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

သူမတို့နှစ်ဦးသား ကြောင်သွားရလေ၏။ ဘယ့်နှယ် ညွှ်သည်ကိုကြိုတဲ့စကားက များနေသလိုပါပဲလား။

"မမက Intercon ကတစ်ဆင့် မှာထားလို့ပါရှင်။ ဒီက အစ်မတို့နှစ်ယောက်ဆိုင်ရှေ့မှာ အကြာကြီးရပ်နေတာတွေ့လို့ သင်တန်းလာအပ်မယ့်ပုံစံတော့မဟုတ်ဘူးပြောလို့ပါ"

"ဟုတ်ကဲ့. . . ဇာ, ဒီဆိုင်ပိုင်ရှင်မပုလဲဒေဝီနဲ့တွေ့ချင်လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့ရှင့်. . . ဒါဖြင့် ဒီလှေကားက တက်သွားပါရှင်။ လှေကားထိပ်ရုံးခန်းက bell လေးကိုနှိပ်ပြီး ဝင်သွားပါနော်"

"ကျေးဇူးပဲနော်"

"ရပါတယ်ရှင်"

သူမ လှေကားကိုစတက်တော့ မေဇင့်လက်အေးစက်စက်က သူမလက်မောင်းကို လာဆုပ်ကိုင်လိုက်လေ၏။ ဪ. . . သူက ငါ့ထက်များပိုကြောက်နေရတယ်လို့။ bell ကိုနှိပ်လိုက်စဉ် တံခါးက လျှောခနဲပွင့်သွားလေသည်။

သူမတို့လှမ်းဝင်လိုက်တော့ စားပွဲနောက် ထိုင်ခုံမှာထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပုလဲဒေဝီက ဆတ်ခနဲမတ်တတ်ရပ်၍ကြိုလိုက်လေ၏။ အား ပါးပါး. . . ခန္ဓာကိုယ်ရော၊ အရပ်အမောင်းရော၊ မျက်နှာပါ ဘာ တစ်ခုမှအပြစ်ပြောစရာမရှိအောင် လှရက်လွန်းလှချည်လား။

“ထိုင်ပါ. . . ဘာကိစ္စများရှိလို့လဲမသိဘူး”

သူမထိုင်ခုံမှာဝင်ထိုင်လိုက်ရင်း ငူငိုင်သွားရလေ၏။ လာ ခဲ့တာမှားများနေပြီလား။ ဘာကိုဘယ်လိုစပြောရမှာပါလိမ့်။

“ဇာ့နာမည်. . . ဇာ့နာမည်က ငွေလှိုင်းဇာခြည်ပါ မမ”

“တို့အသိထဲမှာတော့ ဒီနာမည်မျိုးမရှိတာသေချာပါတယ်”

“ဟုတ်ကဲ့. . . မမ, ဇာ့ကိုမသိတာမှန်ပါတယ်။ ဇာ. . . ဇာ လည်း မမကိုသိတာ သိပ်မကြာသေးဘူး”

“ပြောစရာရှိတာပြောပါလေ။ တို့. . . ဒီပေါ်ကနေကြည့် နေတာကြာပြီ။ မင်းတို့နှစ်ယောက် အခန်းရှေ့မှာ အကြာကြီးငြင်းခုံနေ ကြတာထင်ပါရဲ့”

“ဟုတ်ကဲ့”

“ဘာကိစ္စများရှိလို့လဲ”

“ဟိုလေ, ဟို. . . မမစိတ်မဆိုးပါနဲ့နော်။ ဇာက. . . ဇာက မမရဲ့ကိုယ်ရေးကိုယ်တာကို လာစွက်ဖက်သလိုဖြစ်နေသလားလို့”





ပုလဲဒေဝီက ဘာမှမပြောဘဲ ‘ဆက်ပြော’ ဟုအဓိပ္ပာယ်ပါ သည့်ဟန်ဖြင့် သူမကိုမေးဆတ်ပြလေ၏။

“လွန်ခဲ့တဲ့တစ်နှစ်ကအကြောင်းလေးကို ဇာသိချင်လို့ပါ”

“ဘယ်လို”

ပုလဲဒေဝီ ကိုယ်ခန္ဓာလေးမတ်သွားလေ၏။ ပြီးမှနောက် မှီကို မှီချလိုက်ပြီး ယဲ့ယဲ့ပြုံးလေသည်။

“တို့ပြောမယ်. . . မင်း, ကိုဖုန်းမြင့်ဇော်နဲ့ပတ်သက်ပြီး ရောက်လာတာထင်တယ်”

“ဟုတ်. . . ဟုတ်ကဲ့”

သူမတဲတွေးကိုမျှိချရင်း ခေါင်းညိတ်လိုက်မိ၏။ ပုလဲဒေဝီ က ဘောပင်တစ်ချောင်းဖြင့် ပါးပြင်ကိုတို့ထိလျက် စဉ်းစားနေလေ သည်။ အို. . . လက်ချောင်းလေးတွေကအစ ကိုက်စားချင်စရာ ကောင်းအောင် ချစ်စရာလေးတွေပါလားနော်။

“သူ, မင်းကို propose လုပ်ပြီးပြီပေါ့လေ”

“ဟင့်အင်း”

“ဟင်! ဘယ်လိုကြီးလဲ”

“ဇာ့ကို. . . ဇာ့ကို ဦးဖုန်းဘာဆိုဘာမှမပြောရသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဇာ့စိတ်ထဲသိချင်လာလို့ မမဆီလာခဲ့တာပါ"

"ဟင်း. . . တကယ်ဆို သူ propose လုပ်ပြီးမှ မင်းလာသင့်တာကွယ့်။ အခုလို တို့ဆီလာတာကို သူသိသွားရင် မင်းဘက်ကလွန်သွားပြီ။ ထားပါတော့လေ. . . ဒါက တို့ပြန်ပြောမှ သူသိမယ့်ကိစ္စပါ။ မင်းဘာသိချင်တာလဲ"

"မမတို့ကွာရှင်းခဲ့တဲ့ကိစ္စပါ။ ဇာ့ကိုအထင်မသေးပါနဲ့မမရယ်။ ဇာနဲ့ ဦးဖုန်းကြားမှာ ဖွင့်မပြောဘဲနားလည်နေတဲ့အကြောင်းတွေ အများကြီးရှိနေပါတယ်။ ခုဟာက ဇာ့မိဘတွေနဲ့ထိပ်တိုက်ရင်ဆိုင်လာရင် ဇာ့ဘက်က ခိုင်လုံတဲ့သက်သေလေး တင်ပြချင်တာပါ။ ဒါပါပဲ. . . "

"ဟုတ်တာပေါ့. . . တို့သဘောပေါက်ပါတယ်။ သူနဲ့ တို့အကြောင်းက ရိုးရှင်းပါတယ်ညီမလေးရဲ့။ မိဘတွေသဘောကျ ယူခဲ့ကြတယ်။ သူက မိသားစုဘဝကိုသိပ်ခုံမင်တာကွယ့်။ သူ့မိဘတွေက သူ လူမှန်းသိခါစအရွယ်မှာ ကွဲသွားကြတာကိုး။ ဒီတော့ တို့နဲ့ပေါင်းနေချိန်မှာ သူအလိုလားအတောင့်တဆုံးဟာ သီရိဂေဟာဆိုတဲ့မိသားစုရိပ်မြုံလေးပေါ့"

ပုလဲဒေဝီမျက်ဝန်းများက အရည်တို့စိုလဲ့လာလေ၏။ မဲ့မဲ့





လေးဖြစ်သွားတာတောင်မှ ဒီအလှတို့က လျော့မသွားပါလားနော်

"ဒါပေမဲ့ သူလိုချင်တဲ့အရာကို တို့ဘက်ကမပေးနိုင်ခဲ့ဘူး'

"ရှင်! "

"တို့က. . . သားသမီးမရနိုင်တဲ့မိန်းမတစ်ယောက်ပါ။ ကြောင့် သူနဲ့နားလည်မှုယူပြီး ကွာရှင်းခဲ့တာပဲ"

ပုလဲဒေဝီ၏အသံလေး တိုးတိတ်သွားလေ၏။ မျက်ရဝဲတက်လာတာကို မျက်နှာလွှဲထားရပ်ကာ ရှောင်လိုက်လေ့များထဲကို

"ဇာစိတ်မကောင်းလိုက်တာ မမရယ်" ဖွင့်အရှဲ့ပြား

"ရပါတယ်ကွယ်. . . မင်းကို တို့သတိပေးချင်တာ တစ်ခုပဲ။ မင်းတို့ Wedding မလုပ်ခင် ဆေးတွေသွေးတွေ ဒီကိစ္စကိုပါထည့်စစ်ပါ။ ဒီလိုမှမဟုတ်ရင် ဒုတိယပုလဲဒေဝီ ဖြစ်မှာကို တို့စိုးရိမ်ပါတယ်"

သူမပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျသွားရလေ၏။ ဒါကြောင့်မို့ သူ့, သူမကိုဖွင့်မပြောရက်တာကိုး။ သနားစရာကောင်းလိုက်တာ ဦးဖုန်းရယ်။ ဇာကတော့ ဇာ့ကိုအထင်သေးလို့ဖွင့်မပြောဘူးဆိုပြီး အထင်တွေမှားနေခဲ့တာကြာနေပါပြီလေ။

"ဇာ့ကိုခွင့်လွှတ်ပါလို့တောင်းပန်ပါတယ်မမ။ ဇာကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝါဦးမယ်"

"တောင်းပါပြီကွယ်"

သူမနှင့်မေဇင်ထထွက်လာပြီး အခန်းဝရောက်စဉ် နောက်ကျောက်မှ ပုလဲဒေဝီ၏အသံလေးထွက်လာလေ၏။

ကိစ္စ "ငွေလှိုင်းတာခြည်. . ."

"ရှင်"

ရယ်။ ဇ. "အချစ်ဆိုတာ ဒီလိုပဲကွယ့်။ မလုပ်သင့်မလုပ်အပ်တဲ့ကိစ္စတွေ အလုပ်ဖြစ်အောင်တွန်းပို့နိုင်တဲ့စွမ်းအားတွေ ရှိလာတတ်တယ် ရင်ဆိုင်လာကိုမင်းအကယ်ချစ်တာကို သူသိရင် အတော်ဝမ်းသာသွားပါ။ ဒါပဲ"

သူမ, မေဇင့်လက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ပါ၏။ သေချာပြီလား. . . ဇာ, ဦးဖုန်းကိုရင်ထဲကချစ်နေပြီဆိုတာ တကယ့်ကိုသေချာသွားပြီလားကွယ်။

❀ ❀ ❀





ချစ်မိပြီဆိုရင် မှားမှန်းသိနေပါလျက်နဲ့ အဲဒီအမှားထဲကို မျက်စိစုံမှိတ်ပြီး တိုးဝင်သွားတတ်ကြပါတယ်။ အဲဒါ...ချစ်ခြင်းရဲ့ဖြားယောင်းမှုတစ်ခုကြောင့်ပါ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"ဇာရေ. . . မေဇင့်ဖုန်း"

"လာပြီမမ"

သူမ, ဖုန်းရှိရာဆီလျှောက်လာခဲ့ပြီး ဖုန်းကိုကိုင်လိုက်ပါ၏။ တစ်ဖက်မှ မေဇင့်အသံက အလောတကြီးနိုင်လှသည်။

"ဟဲလို. . . မေဇင်လား၊ ပြော. . ."

"ဇာ, နင်အခုဘာလုပ်နေလဲ"

"ဟဲ့. . . နင်နဲ့ငါ OFF တစ်ရက်တည်းရတာကို အထူးအဆန်းလုပ်ပြီးမေးနေစရာလား မိန်းမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောစရာတွေရှိတယ်"

"ပြောလေ"

"ငါ, ဖုန်းထဲကမပြောချင်ဘူးဇာ"

"ဒါဖြင့် ငါဘယ်ကိုလာခဲ့ရမလဲ"

"နင် (--------)လမ်းက တိုက်ကိုသိတယ်မဟုတ်လား"

"အေး. . . လေးခန်းတွဲတိုက်လေ"

"အေး. . . အပေါ်ထပ်အခန်း (၇)ကိုတက်လာခဲ့။ ငါ အဲဒီမှာရှိနေတယ်"

"လျှို့ဝှက်သည်းဖိုပါလားမေဇင်ရယ်. . . တကတည်း"

"လာဆိုလာခဲ့ပါဟာ။ နင့်အတွက်သိပ်အရေးကြီးတယ်"

"အခုလား"

"အေးပေါ့"

"အင်းအင်း. . . ငါအဝတ်လဲပြီး ချက်ချင်းလာခဲ့မယ်။ ဒါပဲနော်"

သူမ, ဖုန်းချလိုက်ပြီး အဝတ်အစားလဲ၍ထွက်လာခဲ့သည်။ မေဇင်ညွှန်းလိုက်သည့်တိုက်အပေါ်ထပ်ကိုတက်ခဲ့စဉ် မေဇင်က ထွက်စောင့်နေသည်။





"ဘာတွေဖြစ်နေတာလဲ"

"အထဲကိုမြန်မြန်ဝင်"

"ဟဲ့. . . ဩော်. . . ငါ့ကိုပြန်ပေးဆွဲဦ

"တိတ်တိတ်နေစမ်းပါဇာရဲ့။ အရေးကြီး

"ဒါဘယ်သူ့အခန်းလဲ"

"မမကြီး. . ."

"ဩော်. . . ဟိုနှစ်က မင်္ဂလာဆောင်သွ

"အေး. . . ဟုတ်တယ်"

မရွှေစင်က Maternalty coat အပြာ ဗန်းလေးကိုင်လျက် ရောက်လာလေသည်။

"မမ. . . ဒါ ဇင်ဇင့်သူငယ်ချင်းဇာလေ

"ဩော်"

"မမတို့သိတဲ့တစ်ယောက်ရဲ့ဟိုဟာပေါ့"

"အေးအေး. . ."

"ဘာတွေလဲဟယ်. . . ငါတော့ဘာမှနားမ

"ဇာ, ငါပြောမယ်၊ သေချာနားထောင်ပါ။ ငါ ပြောရရင် နင့်ကို ငါ, ဦးဖုန်းနဲ့သဘောမတူဘူး။ အဲဒ



www.burmeseclassic.com

www.burmeseclassic.com



"နင့်တို . . မေဇင်ရယ်။ ဆောက်ဖြစ်မှ ကျောင်းဒကာပါ"

"ပြောဝေါတယ်၊ ငါတို့တွေအားလုံး နင်နဲ့ချာန့်ကိုပဲ ပေါင်း

"ငါ့, ဖုန်ါလေ. . . ငါ့ ချာန်ဒီလိုလုပ်ရက်လိမ့်မယ်လို့ထင်

"ဒါဖြင့် နင့်ကိုနှစ်နှစ်ကာကာချစ်နေတာပဲလို့ ငါယူဆထား

"နင်က. . . သူက သူ့သူငယ်ချင်းတွေရော၊ သူ့မိဘတွေပါ

"အေအမှုတစ်ခုကျူးလွန်ထားပြီ"

"အေး. . . ဘာအမှုလဲ မေဇင်ရဲ့။ ငါ ရင်ထိတ်လိုက်တာ

မှာရှိနေတယ်"

"လျှို့ဇင်ရယ်. . . ရှင်းရှင်းလင်းလင်းပြောရင် ရရဲ့သားနဲ့။

"လာခဲ့"

"အခုင်က မရွှေစင်ဆက်ပြောနေသဖြင့် ပြတင်းဝနားသို့

"အေး၏ လိုက်ကာနောက်မှာကွယ်၍ အပြင်သို့ချောင်းနေ

"အင်း

ပဲနေ၁်" န်ဆိုတာ သမီးတို့သူငယ်ချင်းမဟုတ်လား"

သူမှုတ်ပါတယ်မမ"

မေဇင်ညွှန်းဖအား. . . သူငယ်ချင်းဆိုတော့လည်း သိသင့်တယ်ယူဆ

ထွက်စော၍ချင်တာပါ။ ဟိုတစ်လောက မမဗိုက်ပြတဲ့ဆေးခန်းကို





ချာန်နဲ့ကောင်မလေးတစ်ယောက် ရောက်လာတယ်ကွယ့်"

"ဟင်! "

"အဲဒီဆေးခန်းမှာ ဆေးစစ်သွားတယ်။ လွန်ခဲ့တဲ့တစ်ပတ်မှာ စာရွက်လာပြန်ယူကြတာပဲ။ နှစ်ယောက်စလုံး မျက်နှာတော့ သိပ်မကောင်းကြဘူး။ မမက ကောင်လေးကိုမြင်ဖူးလို့ကြည့်နေမိတာပါ။ ကျန်ခဲ့တဲ့နှစ်ရက်ကပဲ ဟိုဘက်ခန်းမှာ လာငှားနေကြတယ်"

"ဘုရား. . . ဘုရား. . . နှစ်ယောက်စလုံးလား"

"မဟုတ်ဘူး. . . ကောင်မလေးတစ်ယောက်တည်းပဲ ရှိတယ်။ ကောင်လေးက ညဘက်ပြန်မလာဘူး။ ဒီပနက် သူတို့နှစ်ယောက် အပြင်မှာလိုအပ်တာတွေ သွားဝယ်နေကြတုန်း ဇင်ဇင်က ရိုပ်ခနဲတွေ့သွားလို့ မမပြောပြလိုက်တာ။ ကြည့်ရတာ ကောင်မလေးမှာ ကိုယ်ဝန်ရှိသွားလို့ သူတို့ယူလိုက်ပြီထင်တာပဲ"

"ဖြစ်ရလေချာန်ရယ်။ ဦးဦးသာသိသွားရင် ဒင်းကိုအသေသတ်မှာ။ ဒုက္ခပါပဲ"

"ငါက ဒင်းကိုအသေသတ်ချင်တာဟဲ့။ ငါတို့မှာတော့ ဒင်းဘက်က ရာနှုန်းပြည့်ရပ်တည်လိုက်ရတာ။ နင်ကြိုက်တဲ့မုန့်ဆို မုန့်၊ ဖိနပ်ဆို ဖိနပ်၊ အိတ်ဆို အိတ်၊ နည်းအမျိုးမျိုးနဲ့ သူ့ကိုယ်စား ပို



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတာအမော။ ဒင်း. . . ဒင်း သိပ်ရက်စက်တာပဲ။ လုပ်ရက်တယ်။ သစ္စာကိုမရှိဘူး. . . တောက်! ”

“ဟဲ့. . . ကာယကံရှင်က,ငါပဲ မေဇင်ရယ်”

“နင့်အစား သူ့ကိုငါလုပ်ချင်တာဟဲ့”

သူမ ငိုရအခက်၊ ရယ်ရအခက်ကြုံရချေပြီ။ ဦးဦးက ဆင်ခြင်ပါပြောထားပါလျက် ဒီအဆင့်ထိရောက်လာရတယ်လို့၊ ဒါနဲ့များ သူမနှင့်ပတ်သက်ပြီး ဦးဖုန်းအသက်ကိုရန်ရှာဦးမယ်လို့ကြွေးကြော်လိုက်သေး။

ဒါ. . . ငါ့ကိုချစ်တာတဲ့လား ဈာန်ရယ်။ ဘာပဲဖြစ်ဖြစ် ငါက စည်းပေါ်မှာရပ်နေတဲ့လူပါ။ ဦးဖုန်းဘက်ကို ဘယ်လိုမှယိုင်ကျသွားစရာအကြောင်းမရှိပါဘူး။ ဖေဖေတို့နဲ့ဖြေရှင်းစရာတွေ တစ်ပုံတစ်ပင်ကြီးကြုံရမှာမို့ ငါတွေဝေနေခဲ့မိတာ။ ဘာပဲဖြစ်ဖြစ် နင်, ငါ့ကိုတကယ်ချစ်စိတ်နဲ့ တည်ငြိမ်လာမယ့်အချိန်ကို မရဲတရဲစောင့်နေမိသေးတာပါကွယ်။ ခုတော့. . . ခုတော့. . .

“ပြန်လာကြပြီ”

ခြေသံတွေတရှပ်ရှပ်ကြားလိုက်ရပြီး တစ်ဖက်ခန်းမှ တံခါးဖွင့်လိုက်သံကြားလိုက်ရ၏။ သူမ ဆတ်ခနဲရပ်လိုက်မိသည်။





“ဘယ်လဲဇာ”

“ငါသွားတွေ့မယ်”

“ဖြစ်ပါ့မလား. . . နင့်စိတ်ကို နင်နိုင်ပါ့မလား”

“ရပါတယ်၊ သူငယ်ချင်းဆိုတဲ့အသိစိတ်နဲ့ သွားရင်တော့ ဘာမှမဖြစ်လောက်ပါဘူး”

“ငါပါလိုက်ရမလား”

“နေခဲ့”

သူမ, မရွှေစင့်အခန်းမှထွက်ကာ တစ်ဖက်အခန်းတံခါးကို သေချာခေါက်လိုက်ပါ၏။ တအောင့်အကြာမှာ ချပ်ခနဲတံခါးပွင့်လာပြီး ကောင်မလေးလာရပ်လေသည်။

“ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်”

“ကဗျာ. . . ဟုတ်ပါတယ်နော်”

“ဪ. . . ဟုတ်ပါတယ်ရှင့်”

“ကဗျာ့အမျိုးသားရော”

“ဪ. . . ဈာန့်အသိလား။ ခေါ်ပေးမယ်လေ, ဝင်ထိုင်ပါဦးလား။ အခန်းက အခုမှစပြောင်းခါစမို့ ရှင်းလို့မပြီးသေးဘူး”

“ရပါတယ်. . . နေပါစေ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခဏလေးစောင့်ပါနော်"

ကောင်မလေးက အတွင်းဘက်ဝင်သွားလေ၏။ ဖွင့်သွားသည့်တံခါးဝမှာရပ်၍ ညည့်ခန်းထဲဝေ့ဝဲကြည့်လိုက်မိသည်။ ဆက်တီခုံပေါ် တင်ထားသည်က ကလေးလက်တွန်းလှည်းနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ။

နှမြောလိုက်တာ ချာနရယ်။ နင့်ကို ဒီလိုလုပ်ရင် ဦးဦးတို့က အမွေဖြတ်ကြမှာ။ ဒါကိုသိသိကြီးနဲ့ နင်မိုက်လုံးကြီးလှချည်လား။ သူငယ်ချင်းစိတ်နဲ့ ငါ နင့်ကိုနှမြောမိတာအမှန်ပါ။

တီးတိုးစကားပြောသံများကြားရပြီး ခပ်သုတ်သုတ်လှမ်းလာသည့်ခြေသံတို့ကြောင့် သူမ အခန်းပြင်နံရံမှာကျောကပ်ထားလိုက်မိသည်။ ခြေသံက အခန်းလယ်မှာရပ်သွားလေ၏။

"ဘယ်မှာလဲ ကဗျာရဲ့"

"အပြင်မှာစောင့်နေတယ်ထင်တယ်"

ဟုတ်ပါတယ်. . . ဒီအသံသြသြလေးဟာ သူမရဲ့ချာန်မှ ချာန်အစစ်ပါပဲ။ ခြေသံခပ်ဖွဖွက သူမအနားမှာ ရပ်သွားတော့သည်။

"ဟင်! ဇာ"





သူမ သူ့ကိုဖျတ်ခနဲမော့ကြည့်လိုက်ပြီး လှည့်ထွက်လာတော့ သူက သူမလက်ကိုလှမ်းဆွဲလိုက်လေ၏။

"ဇာ. . . ငါရှင်းပြ. . ."

"ဘာမှမရှင်းပြနဲ့. . . ဒီထက်ခိုင်လုံတဲ့သက်သေပြဦးမလို့လား။ ငါအရူးမဟုတ်ဘူးချာန်ရဲ့။ နင်ပြောသမျှတွေကို မျက်စိစုံမှိတ်ပြီး ယုံကြည်နေမယ့်မိန်းမတွေထဲမှာ ငါလုံးဝမပါဘူး။ ဒါပဲ. . . ဖယ်. . ."

"ဇာ. . . ဇာ. . . နေပါဦး, ဇာ"

သူမ မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် တိုက်လှေကားထစ်တို့ကိုအပြေးဆင်းလာခဲ့၏။ Taxi ပေါ်တက်ပြီး လိပ်စာတစ်ခုကိုဗလုံးဗထွေးရွတ်တော့ Taxi က ဝူးခနဲမောင်းထွက်သွားလေပြီ။

ရှိုက်ကြီးတငင်ငိုလျက်မောနေချိန်မှာ Taxi က ခြံဝင်းတစ်ခုရှေ့မှာရပ်သွားလေ၏။ ဘုရားရေ. . . ဦးဖုန်းရဲ့ခြံရှေ့ဖြစ်နေပါရောလား။ သူမ Taxi ဖိုးချေလိုက်ပြီး ခြံတံခါးကိုတွန်းဖွင့်လိုက်တော့ တံခါးကအသင့်ပွင့်သွားလေ၏။ မြက်ခင်းပြင်ပေါ်မှာ မတ်တတ်ရပ်နေသည့်လူတစ်ယောက်ကို နောက်ကျောခိုင်းထားလျက်မြင်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဇာ. . . ဇာလေး"

တအံ့တသြရေရွတ်လိုက်သည့်သူ့စကားသံမဆုံးခင် သူ့ရင်ခွင်ကျယ်ကြီးထဲသို့ သူမ တိုးဝင်လိုက်မိ၏။ သူက သူမကိုတင်းကျပ်စွာပြန်ဖက်ထားလိုက်လေသည်။

"ဘာဖြစ်လာတာလဲဇာ။ ငိုကြီးချက်မနဲ့ပါလား။ ဟိုတစ်ယောက်နဲ့ပြဿနာထပ်ဖြစ်လာပြန်ပြီပေါ့လေ"

"သူ. . . သူ. . . ဇာ့အပေါ်မှာသစ္စာမရှိဘူး"

"ဇာရယ်. . . "

ကားတစ်စီးဆောင့်ရပ်လိုက်သံကြားအပြီးမှာ သူမလက်မောင်းကိုဆောင့်ဆွဲလိုက်ခြင်းနှင့်အတူ ဦးဖုန်းမျက်နှာ လည်ထွက်သွားလေ၏။

"လူယုတ်မာ. . . ခင်ဗျားအသက်အရွယ်၊ ခင်ဗျားအဆင့်အတန်းနဲ့ ဇာ့ကိုဖျားယောင်းဖို့မကြံနဲ့"

"အား. . . မလုပ်နဲ့ချာန်. . . မလုပ်နဲ့"

"နင်ဖယ်နေစမ်း။ ဒီမှာ. . . ခင်ဗျားကိုယ်ခင်ဗျား လူပျိုလူ့သွတ်ဟန်ဆောင်ပြီး ဇာ့ကိုအယုံမသွင်းနဲ့ဗျ။ ဇာက တကယ့်အဖြူထည်သက်သက်ပါ"





"ချာန်. . . နင်လွန်ပြီနော်"

"ငါ့ကိုလာမတားနဲ့ ဇာ။ နင့်လူ့အကြောင်း နင်ဘာမှမသိသေးဘူး"

"ငါသိတယ်"

"နင်. . . သူ. . . သူ တစ်ခုလပ်ဆိုတာ"

"ငါသိတယ်လို့ဆိုနေမှ"

"ဟာ! "

ချာန့်ကိုယ်လုံး ယိုင်ခနဲဖြစ်သွားပြီး ခြေလှမ်းလေးငါးလှမ်းမျှ နောက်သို့ဆုတ်သွားလေ၏။ သူမ ဦးဖုန်းရှေ့မှာရပ်၍ ချာန့်ကို အော်ဟစ်နေမိတော့သည်။

"ငါ့ကို ဦးဖုန်းပွင့်ပွင့်လင်းလင်းပြောထားပြီးသား။ ငါ အကုန်သိတယ်။ သူတို့ ဘာကြောင့်ကွဲသွားလဲဆိုတာအထိ အစအဆုံးသိပြီးသား။ ဟန်ဆောင်တာက နင်။ ယုတ်မာတာက နင်မှအစစ်ဟဲ့။ ရည်းစားနှစ်ယောက်အပြိုင်ထားပြီး တစ်ဖက်လူကို အချိုသတ်ထား၊ တစ်ဖက်မှာ မရှုနိုင်မကယ်နိုင်ဖြစ်မှ တိတ်တိတ်လေး လူမသိအောင်ဝှက်ထားတာမှ. . . "

"မဟုတ်ဘူး. . . မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငြင်းလေ. . . နင်သေတဲ့အထိ ဘူးခံပြီးငြင်းသွား။ ငါ ဂရုစိုက်မယ်မထင်နဲ့။ နင် မသေမချင်းမှတ်သွားလိုက် ဈာန်။ ငါ ဦးဖုန်းကိုချစ်တယ်။ ငါ့ရင်ထဲမှာ. . . ဦးဖုန်းရဲ့အမည်ကိုပဲ အသေကမ္ပည်းထိုးခဲ့ပြီးပြီ။ ငါ့ တစ်နေ့လက်ထပ်မှာလည်း ဦးဖုန်းကိုပဲ"

"ဟင့်အင်း. . . ဟင့်အင်း. . . နင် သူ့ကိုမချစ်ရဘူး။ မယူရဘူး။ ငါ. . . ငါတောင်းပန်ပါတယ်ဇာရယ်"

"သည်းခံခြင်းအတိုင်းအတာကုန်သွားပါပြီ ဈာန်။ တော်လောက်ပါပြီဟယ်။ ငါတို့တွေ ငယ်စဉ်ကပေါင်းသင်းခဲ့ကြတဲ့ သူငယ်ချင်းတွေအဖြစ် ရှိနေဦးမယ်ဆိုရုံလေးနဲ့ နင်ကျေနပ်လိုက်ပါတော့"

ဈာန့်မျက်နှာမှာ မယုံကြည်နိုင်မှု၊ အံ့သြမှု၊ တုန်လှုပ်မှု၊ ဆုံးရှုံးမှုတွေနှင့်အတူ ပျက်ယွင်းသွားချေပြီ၊ လှည့်ထွက်ပြေးသွားသည့်သူ့နောက်ကျောကိုငေးကြည့်နေစဉ် ဦးဖုန်းက သူမကိုနောက်ကျောဘက်မှ ထွေးဖက်လိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ဇာ၊ အရာရာထောက်ထားပြီး ဖွင့်မပြောရက်ခဲ့တဲ့စကားတစ်ခွန်းကို ခုလိုအလိုက်တသိနဲ့ဖြေပေးတဲ့အတွက် ကိုယ်သိပ်ကျေးဇူးတင်ပါတယ်။ တကယ်ပါ. . ."





သူမ သူ့ရင်ခွင်ထဲမှာ မျက်စိစုံမှိတ်၍မှီလိုက်စဉ် ဆံနွယ်တို့ကို သူငုံ့မွှေးလိုက်သည့်အသိကို ရလိုက်ပါ၏။ ဇာစိတ်ချမ်းသာချင်ပြီဦးဖုန်းရယ်။ ဇာ့ရဲ့ဘဝအမောတွေကို ဦးဖုန်းရင်ခွင်ထဲမှာ အေးမြလာအောင် ဖန်တီးပေးလှည့်ပါတော့။

❀ ❀ ❀



www.burmeseclassic.com

ဆုံးရှုံးခြင်းနှင့် စွန့်လွှတ်ခြင်းဟာ တစ်ပြိုင်တည်းဖြစ်ပေါ်လာတတ်ပါသလား။ ဒါဆိုရင်တော့ ဤကမ္ဘာမှာ ဘာမှကျန်တော့မှာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

Taxi ပေါ်မှဆင်းလိုက်ပြီး ခြံထဲဝင်ခဲ့စဉ် ခြေလှမ်းတွေက ဒယိမ်းဒယိုင်။ သွားပြီ. . . သွားပါပြီ။ ကျွန်တော့်ကမ္ဘာတော့ ပျက်သုဉ်းလေပြီကော။ လူခေါ် Bell ကိုစမ်းသည့်လက်က မမိဘဲ လူပါ လျှောခနဲပုံကျသွား၏။

"ဟာ! ချာန်, ဘယ်လိုဖြစ်လာတာလဲ"

"ဝ. . . ဝဏ္ဏ"

"ဟာကွာ, တစ်ခါမှမသောက်ဖူးတဲ့အရက်တွေ သောက်လာရသလားငချာန်ရ။ အန်ကယ်သိရင်တော့ မင်း, အိမ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနဲ့ဆင်းရပါပြီ"

"သေချင်နေပြီ. . . သေပါရစေ"

"ဟာ. . . နိမိတ်မရှိနမာမရှိ"

ဝဏ္ဏက သူ့ကိုယ်လုံးအလေးကြီးကို ချိုင်းမှမ,၍ အိမ်ထဲဆွဲထည့်ကာ တံခါးပြန်ပိတ်၏။ အခန်းထဲသို့ဖြစ်အောင်ခေါ်လာကာ ခုတင်ထက်တင်လိုက်လေသည်။

"ဝဏ္ဏ"

"ဘာလဲကွာ. . . မင်းမူးလာပြီး မရစ်နဲ့ကွ။ သောက်ခွပဲ"

"ငါ့ကို ဇာက. . . မုန်း. . . လိုက်ပြီတဲ့"

"ခတ်ပြားဖောင်းကြီး ထပ်ဖွင့်ပြမနေနဲ့။ နားငြီးတယ်။ ဘယ်လိုကောင်မှန်းကိုမသိဘူး။ ဖိနပ်ချွတ်ဦးကွ"

"ဇာက. . . ဇာက ငါ့ကိုအကြီးအကျယ်အထင်လွဲသွားပြီ"

"နောက်တော့ ငါတို့ဝိုင်းပြီးရှင်းပြမှာပါကွာ။ အိပ်တော့"

"ဟင့်အင်း. . . ဇာက ငါ့ကိုပစ်ပြီး ဟိုဘဲကြီးကို. . . ဟိုဘဲကြီးကိုချစ်လိုက်ပြီတဲ့။ ငါတော့သွားပြီ. . . ဘဝပျက်ပါပြီ။ ဇာရေ. . . ဇာရဲ့. . . ပြောတော့ဖြင့် ငါ့ကိုပဲချစ်တာပါဆို. . .။ ခဏလောက်ပဲစိတ်ကောက်တတ်တာပါဆို"





ဝဏ္ဏခေါင်းကိုသာ တဗျင်းဗျင်းကုတ်လိုက်မိ၏။ အခုပဲ ညဆယ်နာရီကျော်နေပြီ။ ဒီကောင့်အိမ်က စိတ်ပူနေတော့မှာပဲ။ ဝဏ္ဏ, ဈာန်ရဲ့အိမ်မှဖုန်းနံပါတ်တွေကို နှိပ်လိုက်ပါ၏။

"ဟဲလို"

"အန်တီလား. . . ကျွန်တော်ဝဏ္ဏပါ"

"အေး, ပြော, သား။ မင်းသူငယ်ချင်း ခုထိပြန်မလာသေးဘူးကွယ့်။ သူ့အဖေ ဒေါ်တွေပွနေပြီ"

"ကျွန်တော်လည်း အဲဒါပဲပြောမလို့ပါ အန်တီ။ ဒီကောင်ကျွန်တော့်ဆီမှာပါ။ စိတ်မပူပါနဲ့"

"ပြန်လာခိုင်းလိုက်လေသားရယ်"

"မရတော့ဘူး. . . down နေပြီခင်ဗျ။ ဒီကောင် အရက်တွေမူးနေအောင်သောက်လာတာ။ ခုမူးပြီးအိပ်နေပြီ"

"ဟယ်. . . ဒုက္ခပါပဲ။ သူ့အဖေသိရင်တော့ နာတော့မယ်။ အေးအေး. . . သားရယ်၊ မနက်ကျရင်သာ အိမ်ကိုပြန်လာခိုင်းလိုက်နော်။ ဘယ်လောက်ပဲစိတ်ညစ်စရာရှိရှိ အိမ်ကိုပဲတန်းပြန်လာခဲ့လို့ အန်တီမှာတယ်ပြောနော်"

"ဟုတ် ့ပါအန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး. . . သားကိုကျေးဇူးတင်ပါတယ်ကွယ်"

❀

ပါးတစ်ဖက် စပ်ဖျင်းဖျင်းဖြစ်သွားကာ နှုတ်ခမ်းမှသွေးတွေဖြာခနဲစင်ထွက်သွား၏။ မမက နံရံမှာကျောမှီရင်း မျက်လုံးအပြူးသားဖြင့်ငေးကြည့်နေလေသည်။ အန်တီလေးက ဖေဖေ့လက်မောင်းကိုဆွဲလိုက်ပြီး အထပ်ထပ်တောင်းပန်နေပါ၏။

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်။ ကလေးကငယ်တော့ စိတ်လိုက်မာန်ပါနဲ့မှားတာမျိုးဖြစ်မှာပါ"

"ဒါ,ကလေးလား. . . ကလေးတဲ့လားမိသီတာရဲ့။ နင့်တူမအလိမ္မာ အရှက်ကင်းမဲ့လိုက်ပုံများ၊ ငါ့မျက်နှာဘယ်သွားထားရမှန်းတောင်မသိတော့ဘူး"

"ဘယ်လောက်ထိများဖြစ်သွားလို့လဲအစ်ကိုကြီးရယ်"

"ဖြစ်တာ သူ့ကိုယ်သူပဲအသိဆုံးပေါ့။ တောက်. . . မိန်းကလေးဖြစ်ပြီး ယောကျ်ားတစ်ယောက်ရဲ့အိမ်မှာ တစ်နေကုန်ရှိနေတာ နင့်ဘဝဘာဖြစ်သွားပြီလဲမိဇာခြည်ရဲ့။ ငါလေ. . . ဘောက်!





နင့်ကိုအသေသတ်လိုက်ချင်တယ်သိလား"

"တိုးတိုးပြောပါ အစ်ကိုကြီးရယ်။ ဘေးကအခန်းတွေကြားကုန်ပါဦးမယ်"

"ကြားပါစေ. . . ခွေးဖြစ်ချင်တဲ့ဟာမ။ ဖအေ ဒီလောက်အတန်တန်သတိပေးထားပါလျက်နဲ့ မိုက်တွင်းထဲခုန်ချတဲ့အမိုက်မ"

"ဦးဖုန်းက ဇာ့ကိုလက်ထပ်မှာပါဖေဖေ"

"ငါသဘောမတူဘူး"

"ဖေဖေ. . . ဈာန်ပြောသမျှလျှောက်မယုံပါနဲ့"

"တိတ်စမ်း. . . ဈာန်က မနက်ကတည်းကထွက်သွားတာခုချိန်ထိပြန်မရောက်သေးဘူးလို့ ခုနကပဲ ကိုဦးဖုန်းဆက်ပြောတာတဆိတ်ရှိ ဒီကလေးကို နင်အပြစ်မမြင်နဲ့။ အေး. . . နင် ဘာကြီးပဲဖြစ်သွားပါစေ၊ ဈာန်နဲ့ပဲယူရမယ်။ ဒါပဲ. . ."

"ဟင့်အင်းဖေဖေ. . . ဈာန့်မှာမိန်းမရှိနေပြီ"

"ရှိရှိ. . . တစ်ယောက်မကလို့ ဆယ်ယောက်ပဲရှိရှိ။ ကိုဦးတို့သဘောမတူရင် တရားမဝင်ဘူး။ နင်, သူနဲ့ယူကိုယူရမယ်။ ထပ်မရှည်နဲ့ မိဇာခြည်"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကုလားထိုင်ရှေ့ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ဖေဖေ့ခြေထောက်ကိုဖက်တွယ်ထားလိုက်မိ၏။

"ဇာတောင်းပန်ပါတယ် ဖေဖေရယ်။ ဦးဖုန်းကိုမယူနဲ့ဆိုရင်လည်း ဇာမယူပါဘူး။ ဈာန်နဲ့. . . ဈာန်နဲ့တော့မယူပါရစေနဲ့"

"နင်ထပ်မရှည်နဲ့ မိဇာခြည်။ ဒီနေ့ကစပြီး ဘာအလုပ်မှလည်း ဆင်းဖို့မလိုတော့ဘူး။ ဘယ်ကိုမှလည်း ထွက်မယ်မကြံနဲ့။ သမီးကြီး. . ."

"ရှင်. . . ဖေဖေ"

"နင့်ညီမကိုခေါ်သွား. . . အခန်းထဲမှာ နင်ပါရှိနေပါစေ။ တစ်ခုခုဖြစ်လို့ကတော့ နင်ပါ နာမယ်။ ကြားလား"

"ဟုတ်ကဲ့"

"လိုက်သွားလေ"

သူမ မမဆွဲခေါ်ရာနောက်သို့ လိုက်ပါလာခဲ့၏။ အခန်းထဲရှိ ခုတင်ပေါ်ပစ်လှဲလိုက်မိစဉ် ရင်တွင်းမှာတနင့်နင့်ခံစားနေရလေသည်။ ဦးဖုန်းရယ်. . . ဇာတို့ချစ်သူသက်တမ်းက တစ်ရက်လေးတောင်မှမရှိဘဲ တိုတောင်းလှချည်လား။

"ဇာ. . . ညီမလေး. . . မမမေးတာကိုမှန်မှန်ဖြေနော်။ ဒီ





အချိန်မှာ ဇာဘယ်လိုခံစားနေရမလဲဆိုတာ ငါကိုယ်ချင်းစာပါတယ်၊ ဖေဖေက နင့်အတွက်စိုးရိမ်လွန်သွားလို့ပါ"

". . . ."

"နင်တို့. . . နင်တို့ ဘယ်အခြေအနေထိဖြစ်ခဲ့ပြီလဲဟင်"

"အာ. . . ဖြစ်စရာလားမမရဲ့။ ဒီနေ့ပဲရည်းစားဖြစ်တာ၊ အဲဒီအဆင့်ထိရောက်စရာလား။ ဇာငိုတာကို သူ မရမကချော့ရင်းနဲ့ ညနေစောင်းသွားတာ။ ဇာလည်း ဒီအထိလိုက်လျောပါ့မလား။ ဦးဖုန်းကလည်း ဒီလိုဟောဟောရမ်းရမ်းလူစားမျိုးမဟုတ်ဘူး"

"တော်ပါသေးရဲ့. . . ကံသီပေလို့"

မမက ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း သက်မချလိုက်သဖြင့် သူမ လှဲနေရာမှ ထိုင်လိုက်ပါ၏။ ဘယ့်နှယ် ဦးဖုန်းကိုများ လူယုတ်မာထင်နေရသည်လို့။

"နေပါဦးမမရဲ့. . . ဇာ အဲဒီမှာတစ်နေကုန်ရှိနေတာကို ဘယ်သူပြောလိုက်တာလဲ"

"အန်ကယ်ဦးကျော်ခန့်"

"ဟင်. . . ဖေဖေ့ရုံးက M.D."

"အေး. . . သူ့အိမ်က နင့်ဦးခြံနဲ့မျက်နှာချင်းဆိုင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ မနေ့က သူ နေ့တစ်ဝက်မှာပြန်လာတယ်၊ နင်တို့ဖြစ်ပျက်သမျှအကုန်မြင်သွားတယ်။ သူက နင့်ကိုမှတ်မိတာဇာရဲ့၊ မေမေဆုံးတုန်းက ဒီကိုသူလာခဲ့ဖူးတာကိုး"

"ဒီ. . . ဒီတော့"

"ဖေဖေ့ကိုဖုန်းဆက်ပြောတာ။ ဦးဖုန်းမြင့်အကြောင်းကိုသူသိထားတယ်လေ၊ နင့်ကို အဲဒီခြံမှာ တစ်ထပ်တိုက်ပုလေးရှိတယ်၊ ဦးဖုန်းမြင့်ရဲ့မိန်းမ. . . ဘယ်သူ"

"ပုလဲဒေဝီပါ"

"အေး. . . မပုလဲဒေဝီနဲ့ အတူတူနေခဲ့တာပေါ့။ နောက်တော့ သူတို့ကွဲကြတယ်။ ခြံက ဦးဖုန်းမြင့်ပိုင်မို့လို့ တိုက်အသစ်ပြင်ဆောက်တယ်။ ဒါပဲ. . ."

"ထားပါတော့. . . ဖေဖေက ဘာကိုစိတ်ဆိုးရတာလဲ။ သူက လွတ်လပ်သူတစ်ယောက်ဖြစ်နေပြီပဲဟာ"

"မဟုတ်လို့ပေါ့ဇာရဲ့"

"ဟင်! "

"မပုလဲဒေဝီနဲ့သူ့ကို နှစ်ဖက်လူကြီးတွေက ကွာရှင်းခွင့်မပြုကြဘူးတဲ့။ သူတို့ဟာသူတို့ နားလည်မှုနဲ့ခွဲနေကြတာ။ ခုချိန်ထိ





သူတို့ဆီမှာ ဘာကွာရှင်းစာချုပ်မှမရှိဘူး"

"ဘာရယ်. . ."

"ဒါကြောင့် ဖေဖေက နင့်, သူများအငယ်အနှောင်းဖြစ်မှာစိုးလို့. . . ဇာ. . . ဇာ. . . အမယ်လေးဖေဖေရေ အန်တီလေးရေ. . . ဇာ့ကိုခေါ်လို့မရတော့ဘူး။ လုပ်ကြပါဦး. . ."

❀

သူမ သတိပြန်ရလာတော့ ဆရာဝန်က ပြုံးပြလိုက်လေသည်။ မမက ခုတင်ပေါ်တက်ထိုင်၍ သူမလက်ကလေးကိုဆုပ်ကိုင်ထားလေသည်။ လက်မှာ Drip ပိုက်တန်းလန်း။ ဖေဖေက စိတ်မကောင်းသလိုတစ်ချက်ကြည့်လိုက်ပြီး အခန်းထဲမှထွက်သွားလေတော့သည်။

တစ်ခါတည်း သတိပြန်လည်မလာဘဲ သေသွားပါတော့လား။ လောကကြီးထဲမှာ လူဆက်မဖြစ်ချင်တော့ပါဘူးလေ။ ဘာလုပ်တော့မှာလဲ။ ရှင်သန်ပေါက်ဖွားခဲ့တဲ့အချစ်သစ်ပင်ကို မီးထဲပစ်ချလိုက်မှတော့ လူဖြစ်နေလို့အပိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ညာရက်တယ်. . . ဇာ့ကိုညာရက်ကြတယ်။ ချာန်လည်း ညာတယ်၊ ဦးဖုန်းလည်းညာတယ်။ ဇာ့ကိုမညှာတာကြဘူး။ ရက်စက် လိုက်ကြတာနော်။ ဒီလိုမှန်းသာသိရင် ဇာ, ဘယ်ယောကျာ်းတစ် ယောက်နဲ့မှမပတ်သက်ခဲ့မိပါဘူး။ တစ်ယောက်တည်း အေးအေး လူလူနေခဲ့မိမှာပါ။ ခုတော့. . .

အချစ်ဆိုတာ မီးတစ်စတဲ့လား။ အဲဒီမီးတစ်စကိုမှ ဇာ ဆုပ်ကိုင်မိလိုက်တာ၊ လက်ဖျားကနေ နှလုံးသားထိတိုင် ပူလောင် ပြင်းပြတဲ့ဒဏ်ကို ဇာခံစားခဲ့ရတာအမှန်ပါ။ ကိုယ့်ကိုယ်ကို ဘာမှ မသေချာသေးခင် ချစ်ခြင်းက ဇာ့တစ်ကိုယ်လုံးကိုဝါးမြိုပစ်ခဲ့ပြီလေ။

မျှော်လင့်မထားမိတာအမှန်ပါကွယ်။ ဇာ့လိုငယ်ရွယ်တဲ့ ကောင်မလေးတစ်ယောက်ကို ဦးဖုန်းလှည့်စားရက်လိမ့်မယ်လို့ မထင်မိခဲ့တာပါ။ အစစအရာရာစောင့်စည်းထိန်းချုပ်ခဲ့တယ်ဆို တာ ဇာ့ကိုချစ်လွန်းလို့မှမဟုတ်တာဘဲ။ တရားဝင်တွာရှင်းခွင့်မရ သေးလို့ ဆင်ခြင်ခဲ့တာပေါ့လေ။

ရှက်ဖို့ကောင်းလိုက်တာနော်၊ ဖေဖေပြောသလိုပါပဲ၊ ဇာ့ မျက်နှာကို ဘယ်နေရာမှာ သွားဝှက်ထားရမလဲ။ ချာန်နဲ့ပတ်သက် ပြီး အရှက်က တစ်ကြိမ်ကွဲခဲ့ရပြီးပြီ။ ခုတစ်ခါ ဦးဖုန်းကြောင့် ထပ်





ပြီးအရှက်ရခဲ့ရပြန်ပါရောလား။

ဆုံးရှုံးခြင်းနဲ့စွန့်လွှတ်ခြင်းဟာ တစ်ပြိုင်တည်းဖြစ်ပေါ်လာ တတ်ပါသလား။ ဒါဆိုရင်တော့ ဇာ့ကမ္ဘာမှာ ဘာမှကျန်တော့မှာ မဟုတ်ပါဘူး။ သေချာပါတယ်လေ. . . အချစ်တွေဆုံးရှုံးသွားမှ တော့ နှလုံးသားကိုစွန့်လွှတ်လိုက်ရုံအပြင် ဘာများကျန်သေးလို့ လဲ. . .။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ပန်းပန်းလေးရေ...ဖန်လေးလို ကွဲအက်လွယ်တယ်။ ဆက်ဆက်လေး ထိလိုက်ရုံနဲ့ တစ်စစီကြွေသွားတော့တာလေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"ဇာ သွားတွေ့ချင်တယ်။ နောက်ဆုံးအကြိမ်နဲ့ပဲဖြစ်ဖြစ်ပေါ့။ ပြီးတော့. . . သူ့ကိုစကားတစ်ခွန်းလောက်ပြောခဲ့ချင်တာပါ"

"ဖြစ်ပါ့မလားဇာ။ နင့်ပုံစံက ယဲ့ယဲ့ရယ်"

"ဖေဖေ့ကို မမပြောပေးပါ။ ဒါနောက်ဆုံးပါပဲ၊ မေဇင့်အိမ်လို့ပြောပေးပါ။ မေဇင့်ကိုဝင်ခေါ်ပြီးမှသွားမယ်"

မမ, အခန်းထဲမှထွက်သွားလေ၏။ တအောင့်အကြာမှပြန်ဝင်လာသည်။

"ဖေဖေက သိပ်မကြာစေနဲ့တဲ့၊ နင့်ကိုယ့်ကြည်ဖို့ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



တာကိုသိပါလို့ပြောတယ်။ ပြီးတော့ သမီးတစ်ယောက်ကိုစွန့်လွှတ်လိုက်ရလည်း ငါမဖြုံဘူးလို့အပြတ်ပြောလိုက်တာပဲ့ချီရဲ့"

မယုံတော့ဘူးပေါ့။ အချစ်ကြောင့်ရူးသွပ်ခဲ့ဖူးတဲ့အချစ်ရူးမလေးရဲ့စကားကို ဘယ်သူမှမယုံကြတော့ဘူးပေါ့နော်။ ရပါတယ်၊ ဦးဖုန်းကိုတွေ့ရုံလေးနဲ့ကျေနပ်ပါပြီ။ နှုတ်ကဖွင့်မပြောလည်း မျက်ဝန်းအကြည့်တွေနဲ့တင် ဖော့ရင်ထဲကစကားတွေကို ဦးဖုန်းဖတ်တတ်မှာပါလေ။

အိမ်သို့လိုက်သွားမိ၏။ ခြံတံခါးသော့ပိတ်ထားလျက် ရှိမနေပါ။ ဘဏ်သို့လိုက်သွားပါ၏။ ရုံးခန်းထဲမှာရှင်းလင်း၍ သူမရှိပါ။ သူမခြေဖျားလက်ဖျားတွေအေးစက်လာကာ Hand Phone ခလုပ်တွေကိုအသာနှိပ်လိုက်ပါ၏။ ဖုန်းမကိုင်ပါ။ ဆက်သွယ်ရေးပြင်ပဟု အသံသာထွက်လာလေသည်။

"ပြန်မလား ဗျာ"

"ငါတွေ့သွားချင်တယ်"

"ဒါဖြင့်. . ."

"အင်း. . . အဲဒီကိုသာ မောင်းခိုင်းလိုက်ပါမေဇင်"

Taxi က 'ပုလဲဒေဝီ'လှရိပ်မြုံနှင့်သင်တန်းရှေ့သို့ရောက်





လာ၏။ နောက်ခန်းတံခါးကိုဖွင့်၍ သူမဆင်းရန်ပြင်လိုက်စဉ် အညိုရောင်မှန်ချပ်များ လျှောခနဲပွင့်သွားရာမှ ဦးဖုန်းထွက်လာသည်။

ဦးဖုန်းနောက်မှာက ပုလဲဒေဝီ၊ နှစ်ဦး၏မျက်နှာထက်မှ အပြုံးပွင့်များ။ သူမ ခဏမျှကြောင်သွားရ၏။ ခြေအစုံလုံး ကတ္တရာလမ်းပေါ် ချ၍ ကားထဲမှထွက်လိုက်စဉ် ဦးဖုန်းက မပုလဲဒေဝီ၏ လက်လှလှလေးကိုဆုပ်ကိုင်လိုက်လေသည်။

ရင်ထဲမှာ ကျင်ခနဲဖြစ်သွားရ၏။ ဖေဖေရိုက်ခဲ့သည့်ပါးပေါ်ကဒဏ်ရာထက် ပို၍သိပ်သည်းသည့်နာကျင်မှုပါလား။ အချိန်အတော်ကြာသည်အထိ လက်ကိုမဖြုတ်သလို ပြောစကားတို့ကလည်းအမျှင်မပြတ်နိုင်ခဲ့။

ဘာသဘောလဲဦးဖုန်းရယ်. . .။ တစ်ပတ်လုံးလုံးအဆက်အသွယ်ပြတ်နေတဲ့ ချစ်သူလေးကို ဖုန်းလေးနဲ့တောင်မှ အဆက်အသွယ်မလုပ်ဘဲ ရင်ခွင်ဟောင်းမှာ ပြန်လှည့်အလွမ်းဖြေနေတယ်ပေါ့။

သူမမျက်နှာလေးမဲ့ကျသွားစဉ် သူက မပုလဲဒေဝီလက်ကိုဖြုတ်ချလိုက်ပြီး လက်ထောင်ပြနှုတ်ဆက်ကာ လှည့်ကြည့်လာ၏။ မျက်ခုံးနှစ်ဖက်မြင့်တက်သွားသလို နှုတ်ခမ်းအစုံ ဟသွားပါလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ဇမျက်နှာမှာတော့ နာကျင်နေသည့်အပြုံးယဲ့ယဲ့။

"ဇာလေး. . . ."

သူမ ဖျတ်ခနဲမျက်နှာလွှဲ၍ ကားပေါ်ပြန်တက်ထိုင်ကာ ကားတံခါးကိုပြန်ပိတ်လိုက်ပါ၏။

"မောင်းပါတော့ ဦးလေး"

လမ်းကို Taxi ချိုးချလိုက်စဉ် ကားနောက်မှ သူအပြေးလိုက်လာသည်ကိုတွေ့ရ၏။

သူလည်ပင်းမှာတပ်ထားသည့် Necktie၊ သူခါးထက်မှာပတ်ထားသည့် Belt တို့က သူမအမှတ်တရဝယ်ပေးလိုက်သည့်အရာများထဲမှတစ်ခုစီ။ အဆက်ဟောင်းကိုလာတွေ့တာ ချစ်သူသစ်ဆင်ပေးထားသည့်အရာတွေကိုမှ ဝတ်လာရတယ်တဲ့လား ဦးဖုန်းရယ်. . .။

လက်ထဲမှ Hand Phone တတီတီမြည်လာတာကိုပိတ်လိုက်ပြီး မမလက်ထဲသို့ထည့်ပေးလိုက်၏။ ရှုံးသွားတော့မယ်ထင်ပါရဲ့။ သွက်သွက်ခါရှုံးသွားရင်များ ဘယ်လောက်ကောင်းလိုက်မလဲ။

ဦးဖုန်းရယ်. . . ဇာ့အပေါ်မှာ အနားလည်ဆုံးလို့ ယူဆသတ်မှတ်ခဲ့သမျှ အကုန်ပျက်သုဉ်းကုန်ပါပြီရှင်။ ဇာ့အနာဂတ်





ပျောက်ပြီး ဇာ့ဘဝကြီးတစ်ခုလုံးကွယ်ပျောက် သွားရတာပါလေ။

"အဲဒါလား. . . ဦးဖုန်း၊ ဇာ့ကိုချစ်တယ် ဆိုတာ။ ဇာ့ကိုချစ်တယ်ဆိုတာဘာလဲ။ ဘယ်တော့မှထုတ်မပြောဘဲ တစ်သက်လုံးရေငုံနှုတ်ပိတ်နေဖို့ဆုံးဖြတ်ထားသမျှ ဇာ့ကြောင့်နဲ့ပြောထွက်ဖြစ်ခဲ့ကာလား. . .။

မှားခဲ့တာပေါ့နော်။ ဇာ, အမှားကြီးကိုမှားခဲ့တာပါလား။ ကမ်းတဲ့လက်ကို ပုတ်ချခဲ့ရသလို မကမ်းချင်တဲ့လက်ကိုလည်း ရှူးရှူးမိုက်မိုက်တောင့်တနေခဲ့မိတာလေ။

ကားက သူမတို့တိုက်ရှေ့မှာ ပြန်ထိုးရပ်သွားလေ၏။ မမကားခရှင်းပြီး တံခါးကိုဖွင့်၍ သူမလက်မောင်းကိုတွဲကာ ဆင်းခိုင်းလိုက်သည်။ ရှေ့ခန်းမှဆင်းလာသည့်မေဇင်က ကျန်တစ်ဖက်လက်မောင်းကို လာတွဲလေ၏။

အရုပ်လေးတစ်ရုပ်လမ်းလျှောက်လာသည့်ပုံစံဖြင့် အပေါ်သို့ရောက်လာသည်။ အိပ်ခန်းထဲရှိခုတင်ထက်မှာ လှဲစေလိုက်သည်မို့ သူမအလိုက်သင့်လှဲချလိုက်ပါ၏။ ဘယ်သူမှစကားမပြောသဖြင့် အခန်းထဲမှာတိတ်ဆိတ်လွှန်းနေသည်။

မမတိုက်သည့်ဆေးကို ရေဖြင့်မျှောချလိုက်ပြီး မကြာခင်

www.burmeseclassic.com



မှာ သူမအိပ်ပျော်သွားလေ၏။ မေဇင် ဘယ်အချိန်ပြန်သွားလဲပင် မသိလိုက်၊ သူမဘာဖြစ်သွားပြီလဲလည်းမသိ။ ဘာဆိုဘာမှမသိတော့ပါချေ။

မနက်မိုးလင်းတော့ အခန်းထဲမှာသူမတစ်ယောက်တည်း။ ကမန်းကတန်းထ၍ထွက်လာတော့ အပြင်သွားရန်အသင့်ပြင်ဆင်ထားသည့်အန်တီလေးနှင့်မမကိုတွေ့လိုက်ရသည်။

"အန်တီလေး. . . ဘယ်သွားမလို့လဲဟင်"

အန်တီလေးက မမမျက်နှာကို ဖျတ်ခနဲကြည့်လိုက်ပြီး၊ ဘာမှပြန်မဖြေပေ။ မမက သက်ပြင်းတစ်ချက်ချ၍ပြောလေ၏။

"နင်, နားနားနေနေနေလိုက် ဇာ။ ငါတို့ဆေးရုံသွားမလို့"

"ဘယ်သူ ဘာဖြစ်လို့လဲ"

"မိတ်ဆွေတစ်ယောက် ဆေးရုံတက်ရလို့ပါ"

"ဘယ်သူလဲဟင်"

"မသိချင်ပါနဲ့ဟယ်။ နင်က ကောင်းကောင်းနေကောင်းတာမဟုတ်ဘူး"

"ဇာသိလို့မဖြစ်ဘူးလား"

"နင်မလိုက်ဘဲနားနေလိုက်နော်။ ငါတို့ ဈာန့်ကိုသွားကြည့်





ကြမလို့"

"ဘယ်လို. . ."

"ဟုတ်တယ်သမီးရဲ့. . .။ ဝဏ္ဏအိမ်မှာသောင်တင်နေပြီး အရက်တွေချည်းသောက်နေတာ တစ်ပတ်ကျော်ပြီတဲ့။ အစာမစားဘဲ အရည်တွေချည်းလိုမ့်သောက်နေတော့ အစာအိမ်သွေးကြောပေါက်ပြီး ဆေးရုံတင်လိုက်ရတာတဲ့။ မမချို ဖုန်းဆက်လို့"

"ဇာလည်းလိုက်မယ်"

"မဖြစ်ပါဘူးဇာရယ်။ နင်ပင်ပန်းလွန်းနေပြီ"

"ဇာတစ်ယောက်တည်း မနေခဲ့ချင်လို့ပါ"

"ကဲကဲ. . . ဒါဖြင့်လည်းလိုက်ခဲ့။ သမီးကြီး, ညီမလေးကို ဝိုင်းပြင်ပေးလိုက်ပါဦး"

မမက အခန်းထဲပြန်ဝင်လာပြီး သူမကို T- shirt နှင့် Skirt တစ်ထည်သာ ဝတ်ခိုင်းလေ၏။ ဖိနပ်စင်မှ ဖိနပ်အနက်လေးကိုသာ ယူဝတ်လိုက်သည်။ မေဇင်ပြောတုန်းက ဒါ, ဈာန်ဝယ်ပေးတာဆိုပါလား။

Taxi ဖြင့်လိုက်ခဲ့ပြီး ဆေးရုံရောက်တော့ မမနှင့်အန်တီလေးက ဈာန်ရှိနေသည့်အခန်းထဲ ဖျတ်ခနဲဝင်သွားပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရဲ။ ပြတင်းပေါက်နားမှအသာချောင်းမိစဉ် နှာခေါင်းမှာရော၊ လက်မောင်းမှာပါ ပိုက်တန်းလန်းတပ်ထားသည့်ဈာန့်ကိုတွေ့ရ၏။

"သမီးပါလာတယ်။ ဟဲ့. . . ဇာ, လာလေ"

အန်တီလေးလှည့်အော်လိုက်တော့မှ သူမအသာဝင်လာခဲ့သည်။ အန်တီချိုက သူမကိုပြုံးပြလိုက်လေ၏။ သူ့ခုတင်ဘေးမှာ ဝဏ္ဏတို့လေးယောက်ရပ်နေလေသည်။

"ဟိုကောင်ရော. . ."

"လာမယ်ပြောတာပဲ။ မိန်းမနား, ကပ်နေမှာပေါ့"

"သမီးလေး. . . လာလေ"

အန်တီချိုဆွဲခေါ်လိုက်၍ ခုတင်နားသို့ သူမရောက်လာရသည်။ သူ့မျက်နှာထက်မှာ အပြုံးနွမ်းနွမ်းကိုတွေ့ရ၏။

"လာကြည့်တဲ့အတွက် ကျေးဇူးပါပဲ ဇာ"

သူမဘာမှပြန်မပြောမိပါ။ အန်တီလေးက အန်တီချိုနှင့် သူ့အကြောင်းတွေ တီးတိုးပြောနေလေသည်။

"ဈာန်ရယ်. . . ခွဲရစိတ်ရတာမသိတာနဲ့ မမတို့ဘာမှဝယ်မလာဖြစ်ဘူး။ ဘာစားလို့ရတယ်တဲ့လဲ"

"နေပါစေမမ။ မနက်ဖြန်ပဲဆင်းရတော့မှာ"





"ဒါဖြင့် အိမ်လာကြည့်မှပဲ ဝယ်လာခဲ့တော့မယ်နော်"

ရုတ်တရက် ကောင်လေးတစ်ယောက် အခန်းထဲပြေးဝင်လာ၏။ သူတို့သူငယ်ချင်းအုပ်စုက ထိုကောင်လေးခေါင်းကို တစ်ယောက်တစ်ချက်စီဝိုင်းထိုးကြသည်။ သို့သော် ေ◌ာင်လေးက စိတ်မဆိုးပါ။

"မင်း,သား ဘယ်နှရက်ရပြီလဲ"

"တစ်ပတ်"

"မင်းနဲ့တူရဲ့လား"

"ဟ. . . ငါ့သွေးသားပါဆိုမှ ငါနဲ့မတူဘဲနေမလား။ ခွေးသားဝဏ္ဏ"

ရယ်မောလိုက်သံက အုန်းခနဲ။ သူမရင်တွေ တဒိတ်ဒိတ်ခုန်လာမိ၏။ ဘာတွေဖြစ်ကုန်ပြန်ပြီလဲ။

"ကဗျာ,နေကောင်းရဲ့လား"

"အေး. . . နောက်မှ သူလာကြည့်မယ်တဲ့"

"နေပါစေ, ငါတို့က သူ့ကိုလာကြည့်ရမှာ။ ပြီးတော့ မင်းရဲ့သားလေးကို ဘာလေးညာလေးဝယ်လာရဦးမယ်"

သူမ, နှုတ်ခမ်းအစုံပွင့်ဟသွားရလေ၏။ မျက်နှာ◌ာ စပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်းဖျဉ်းပူလာကာ ပန်းရောင်သွေးရာမှ ရဲတက်လာသည်။ ခြေလှမ်းကို ရုတ်တရက်ရွှေ့လိုက်မိ၏။

"ဟဲ့. . . ဘယ်လဲဇာ"

"ဇာပြန်တော့မယ်"

"နေဦးလေ"

မမတားမြစ်သံက နောက်ပါးမှာကျန်ရစ်ခဲ့လေ၏။ ဆေးရုံလှေကားထစ်တွေကို ဘယ်လိုပြေးဆင်းခဲ့မှန်းပင်မသိတော့။ တိုက်ခန်းကိုပြန်ရောက်တော့ အတော့်ကိုမောဟိုက်နေသဖြင့် တံခါးကိုမှီလျက် မျက်စိမှိတ်အမောဖြေရသေးသည်။

သော့ကို သူမယူခဲ့တာမို့ ဖွင့်၍ဝင်လိုက်စဉ် ခြေဖျားဖြင့် အရာတစ်ခုကိုခတ်မိသွား၏။

"ဟင်! "

လျှောခနဲလွင့်သွားသည်က စာအိတ်အညိုရောင်ရှည်ရှည်လေးတစ်ခုပါလား။ သူမ, တံခါးကိုပြန်စေ့၍ စာအိတ်ကိုကောက်ကာဖွင့်လိုက်သည်။ အထဲမှ ရှည်မျောမျောစာရွက်ခေါက်နှင့်အတူ အဖြူရောင်စာခေါက်ကလေး။

ရင်တွေ ကတုန်ကရင်ဖြစ်လာတာမို့ ဆက်တီမှာ ခဏထိုင်





ကာငြိမ်နေလိုက်ရ၏။ အတော်တည်ငြိမ်သွားတော့မှ စာရွက်အရှည်ကို အရင်ဖွင့်လိုက်သည်။ 'ကွာရှင်းပြတ်စဲခြင်း' ခေါင်းစဉ်နှင့်စာချုပ်တစ်ခုပါလား။

'ကိုယ်သိပ်ချစ်ရတဲ့ဇာလေး...

ဒီစာကို ဇာဖတ်နေရတဲ့အချိန်မှာ ကိုယ်က Australia က မိဘတွေဆီအပြီးပြန်သွားခဲ့ပါပြီ။ ဇာ့ကို စကားတွေအများကြီးပြောချင်ခဲ့ပါတယ်။ ဒါပေမဲ့...ကိုယ်ပြောခွင့်မရတော့ဘူးဆိုတာလည်းသိခဲ့ပါတယ်။

ဇာ...မတွေ့ဖြစ်ကြတဲ့တစ်ပတ်အတွင်းမှာ လူကြီးတန်မဲ့ ကိုယ့်မှာ အရှုးတစ်ယောက်လိုခံစားခဲ့ရတာအမှန်ပါ။ အခါခါဆက်သွယ်ခဲ့ပါတယ်။ ဆယ်သွယ်ခွင့်မရခဲ့တာပါ။ ဒါနဲ့ ကိုယ့်ရဲ့လိုအပ်ချက်ကိုပြည့်ဝစေဖို့ ပုလဲနဲ့သွားတွေ့ခဲ့ပါတယ်။ ပုလဲဆိုတာဘယ်သူလဲလို့ ဇာသိနိုင်ပါတယ်နော်။ ပုလဲနဲ့ကိုယ်က နှုတ်နဲ့သာကွာရှင်းဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘတွေ ခွင့်မပြုကြလို့ပါ။ ဒါပေမဲ့...ပုလဲနဲ့ကိုယ့်ကြားမှာ ကတိတစ်ခုတော့ထားခဲ့ပါတယ်။

အဲဒါကတော့ ကိုယ်နှစ်သက်တဲ့သူတွေ့ခဲ့ရင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးဖို့ပါပဲ။ ဘယ်သူပဲတွေ့တွေ့ ကျန်တစ်ယောက်က သဘော



www.burmeseclassic.com

www.burmeseclassic.com



တူပြီး လက်မှတ်ထိုးပေးရမှာပါ။ အဲကြောင့်လည်း ကိုယ်...ပုလဲနဲ့သွားတွေ့တာပေါ့။ အဲဒီနေ့မှာပဲ ဇာ...ကိုယ့်ကိုအထင်လွဲသွားတာပါပဲ။

ကိုယ်ရှင်းပြနေတာကို ဇာယုံချင်မှယုံမှာပါ။ အဲ...ဇာ့လွတ်လပ်ခွင့်ပဲမို့ ကိုယ်ဘာမှမပြောလိုပါဘူး။ ဇာရယ်...ပထမတစ်ခါအသည်းကွဲထားတဲ့တောင်မလေးကို ကိုယ့်အတွက်နဲ့ ထပ်ပြီးမနာကျင်စေရက်ပါဘူး။ အဲကြောင့်လည်း ကိုယ်ဖွင့်မပြောဖြစ်ခဲ့တာပေါ့။ ကိုယ့်ကြောင့်နဲ့ ဇာ့စိတ်တွေပျက်ပြားပြီး ရူးသွားမှာကို အရမ်းစိုးရိမ်မိပါတယ်။

ဘဝမှာအမည်းစက်ရှိခဲ့တဲ့လူတစ်ယောက်ထံမှာ မေတ္တာစစ်နဲ့ချစ်တဲ့ချစ်ခြင်းတွေရှိနေတယ်ဆိုတာ ကိုယ်ကလွဲပြီး ဘယ်သူမှမသိနိုင်ခဲ့ပါဘူး။ ဒီဘဝကြီးထဲကို နယ်မြူစင်တဲ့ဇာ့ကို မခေါ်ရက်ဘူး။ သူများတွေပေးဖို့မှာ...ဇာ့ကိုပြောကြမှာကို စိုးရွံ့မိတာအမှန်ပါ။

ကိုယ်လိုလူတစ်ယောက်နဲ့ တန်းပိုးချင်းမယှဉ်သာလို့ ကိုယ်ပဲနောက်ဆုတ်ပေးလိုက်ပါတယ်။ ဇာနဲ့လက်ထပ်မယ်ဆိုတာ အိပ်မက်မတတ်ဘူးဆိုတဲ့သက်သေအဖြစ် ဒီစာချုပ်ကို ကိုယ်ထားပေးခဲ့တာပါ။

အချစ်ဆိုတာ နှစ်ကိုယ်တူနီးနီးလေးနေရမှ အချစ်ပီသတာမဟုတ်ပါဘူး။ ကိုယ့်နှလုံးသားထဲမှာ ချစ်သူကိုအပြီးတိုင်သိမ်းဆည်းထားလိုက်တာနဲ့ ဘဝလမ်းကိုဆက်လျှောက်ရပါတယ်။ ဇာလည်း ဇာ့စိတ်ကြိုက်





ဇာ့ဘဝကိုဆုံးဖြတ်ပါ။ ကိုယ့်ကြောင့်တွေဝေနေတာမျိုးတော့ ကိုယ်မလိုလားပါဘူး။

တစ်သက်တာအတွက် နှုတ်ဆက်ခဲ့ပါတယ်ဇာ...

ချမ်းမြေ့ပါစေလို့...

ဇာ့ရဲ့ ဦးဖုန်း

(ဖုန်းမြင့်ဇော်)

စာရွက်ကိုင်ထားသည့် လက်ကလေးတွေ တဆတ်ဆတ်တုန်ရီနေလေ၏။ ပါးပြင်ထက်သို့ မျက်ရည်တွေ စီးကျသွားလေသည်။

ဟုတ်ပါတယ်. . . အချစ်ဆိုတာ နှစ်ကိုယ်တူနီးနီးလေးနေရမှ အချစ်ပီသတာမဟုတ်မှန်း ဇာသိပါတယ်။ ဇာ့အတွက် အရာရာငဲ့ကွက်ပေးခဲ့တဲ့ဦးဖုန်းကို ဇာသိပ်ကျေးဇူးတင်တာအမှန်ပါ။ ဇာတို့နှစ်ယောက်အတူမပေါင်းရပေမယ့် တစ်ယောက်ကိုတစ်ယောက်နှစ်နှစ်ကာကာချစ်ခဲ့ကြတာကို ဇာတို့သိရင်ပြီးတာပဲပေါ့နော်။

အသက်တွေကြီးသွားတဲ့အထိပေါ့။ သတိရတဲ့အခါလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိမယ်၊ တစ်ခဏာမေ့သွားတဲ့အခါမျိုးလည်း ရှိကောင်းရှိမှာပေါ့လေ။

ဇာ. . . ဦးဖုန်းကို သိပ်. . . ချစ်ပါတယ်။

ခြေသံဖျတ်ခနဲကြားလိုက်ရပြီး မမဝင်လာလေ၏။ သူမကို မြင်တော့မှ ရင်ဘတ်ဖိရင်း သက်မ,ချလေသည်။ သူမ စာရွက်လေးတွေကိုပြန်ခေါက်၍ စာအိတ်ထဲသို့ပြန်ထည့်ကာ အိပ်ခန်းထဲဝင်လာခဲ့သည်။ စားပွဲတင်နာရီသံတစ်ချက်ချက်က တိတ်ဆိတ်သည့်ညနေခင်းမှာ ကျယ်လွန်းလေစွ။

ဝ

❀ ❀ ❀





မင်းက လတစ်စင်းဖြစ်ရင် ကိုယ်က ကောင်းကင်ကျယ်ကြီးပေါ့။ မင်းက, လှေကလေးဖြစ်ရင် ကိုယ်က, ဒီရေလှိုင်းလေး...။ မင်းက သင်္ဘောလေးဖြစ်ရင် ကိုယ်က, မီးပြတိုက်ပဲပေါ့။

ဘဝမှာ လက်တွဲပြီးအတူလျှောက်ဖို့ ကိုယ့်လက်တွေကို မြဲမြဲကိုင်ထားပေးပါကွာရယ်...။

ဈာန်ရဲ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

တိုက်ခန်းလေး၏ဧည့်ခန်းမှာ လူစုံတက်စုံရှိနေပါ၏။ ဖေဖေနှင့်ဦးဦးက Chess ထိုးနေသလို ကိုအောင်နှင့်မမက Game ဆော့နေကြလေသည်။

အန်တီချိုနှင့်အန်တီလေးက လက်ဖက်သုပ်ပွဲကို ရေနွေးကြမ်းဖြင့်မြည်းရင်း စကားတွေပြောမဆုံးပေါင်၊ ကောသုံးတောင်။

ဈာန်က မမတို့ Game ဆော့နေတာကို စိတ်ဝင်စားသလို မဝင်စားသလိုဖြင့် ကြည့်တစ်ချက်၊ မကြည့်တစ်ချက်။ သူမက ဧည့်ခန်းထောင့်ရှိခုံကလေးမှာ တစ်ယောက်တည်းထိုင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ပူတင်းဖုတ်ထားတာ ရပြီထင်တယ်"

"နေပါစေ အန်တီချို။ ဇာသွားကြည့်ပေးပါ့မယ်"

"အေးအေး. . . သမီးလေး၊ ဈာန်စားချင်တယ်ဆိုလို့ အန်တီချိုလုပ်ပေးရတာသမီးရေ့။ သိတယ်မဟုတ်လား. . . ဒီကောင်က ဂဂျီဂဂျောင်ရယ်"

သူမဘာမှမပြောဘဲ မီးဖိုခန်းထဲဝင်ခဲ့၏။ မီးဖိုပေါ်မှအိုးက အဖုံးမပွင့်တပွင့်ဖြင့် အငွေ့တထောင်းထောင်းဆူနေလေပြီ။ ပလပ်မီးခလုပ်ကိုအရင်ပိတ်လိုက်ပြီး အဖုံးကိုဆွဲဖွင့်လိုက်၏။

"အမေ့! ပူလိုက်တာ"

အဖုံးက သမံတလင်းပေါ် ဂလွမ်ခနဲကျသွားပါ၏။ သူမ ငုံ့ကောက်ရန်ပြင်စဉ် မီးဖိုခန်းဝမှာ လူရိပ်ပေါ်လာလေသည်။

"ဇာ, ဘာဖြစ်သွားလဲ"

"ဘာမှမဖြစ်ပါဘူး"

"လက်ခုနဲ့ မကိုင်ဘူးလား။ လက်ပူပြီထင်တယ်"

သူက သူမအနီးလျှောက်လာပြီး မီးဖိုပေါ်မှအိုးကို လက်ခုဖြင့်ချကာ အိုးလေးထဲမှပန်းကန်လုံးကိုယူ၍ ရေဇလုံထဲထည့်စိမ်လိုက်လေသည်။





သူမ အိုးအဖုံးကိုရေဆေးလိုက်စဉ် လက်ဖမိုးမှာ ရေနွေးဟပ်၍ ရဲနေလေသည်။

"ကြည့်စမ်း. . . အပူဟပ်သွားတာပဲ။ လာလာ. . . ဆေးထည့်ရအောင်"

"နေပါစေ. . . ရပါတယ်"

"မရဘူးလေ. . . တော်ကြာအပူဖုကြီးထွက်လာရင် ဘယ်နှယ်လုပ်မလဲ"

သူက နံရံကပ်ဗီရိုကဲ့မှဆေးဘူးလေးတစ်ခုကိုယူ၍ သူမအနီးပြန်ရောက်လာ၏။

"လာ. . . ဆေးထည့်မယ်"

"ဟင့်အင်း"

"ဇာနော်. . ."

သူက သူမ့ကွယ်ထားသည့်လက်ကို ဆတ်ခနဲဆွဲယူ၍ ပါးစပ်မှလည်းမှုတ်ပေး. . . လက်ကိုလည်း ဆေးလိမ်းပေးလေ၏။ သူငယ်ချင်းတစ်ယောက်အပေါ် သိက္ခာကျခံပြီး ကူညီတတ်တဲ့ကောင်လေး၏ရင်ဘတ်ကို သူမငေးကြည့်နေမိသည်။

"ပူသေးလားဇာ"



www.burmeseclassic.com

"..."

"ဇာ... ကိုယ်ပြောနေတာကြားရဲ့လား"

သူမ ဆတ်ခနဲတုန်သွားပြီး သတိပြန်ဝင်သွား၏။ နောက်ဆုံးတော့လည်း ပိုနေမြဲကျားနေမြဲပေါ့နော်။

ဦးဖုန်းလည်း ဦးဖုန်းရဲ့မိဘတွေနေတဲ့အရပ်မှာ။

ဇာလည်း ဒီမှာ...။

ချာန်လည်း သူငယ်ချင်းတွေနဲ့အတူရှိမြဲအတိုင်း...။

သူက သူမလက်ကိုဆေးလူးပေးပြီးသော်လည်း ပြန်လွှတ်မပေးသေးပေ။ သူမအသာရုန်းလိုက်တော့ ခပ်တင်းတင်းပြန်ဆုပ်ထားပြန်လေသည်။

"အိမ်ရှေ့သွားတော့မယ်"

"နေဦး..."

"လွှတ်တော့လေ"

"မေးစရာရှိလို့ပါ"

သူမ, သူ့ကိုဖျတ်ခနဲကြည့်လိုက်တော့ သူ့မျက်ဝန်းထဲမှာ အရည်လေးတွေစိုလဲ့နေလေ၏။

ချစ်ခြင်းရဲ့ပုံရိပ်တွေများလား...။





ဇာ့ကိုမချစ်ပါနဲ့တော့ချာန်ရယ်။

ဇာက... ဇာက ချစ်ခြင်းနဲ့မတန်တဲ့သူပါ။ စိတ်တွေကိုယ်မိမ်းဒီယိမ်းနဲ့ မတည်ငြိမ်သေးတဲ့မိန်းကလေးပါ။ ပြီးတော့...

"ဒီနေ့ ဘာနေ့လဲ"

သူမခေါင်းကိုခါပြလိုက်တော့ သူက တခြားလက်တစ်ဖက်ကိုပါယူ၍ ဆုပ်ထားလိုက်ပြန်၏။

ဘယ်လိုလဲ... ဒီကောင်လေး စိတ်တွေပြောင်းလာပြန်ပြီလား။ ဇာတို့တွေ သူငယ်ချင်းအဖြစ်နဲ့ပဲ ဆက်သွားကြရအောင်လေ ချာန်ရယ်။

"ဒီနေ့... ဇာနဲ့ကိုယ့်ရဲ့ ငါးနှစ်မြောက် ချစ်သူနေ့လေ"

"ဟင်!"

သူမရင်ထဲမှာ နင့်ခနဲဖြစ်သွားရ၏။ သူ မမေ့သေးပါလား။ သူ့အပြင် တခြားယောကျာ်းတစ်ယောက်ကို ပြောင်းချစ်ရဲတဲ့မိန်းကလေးကို မှတ်မှတ်ရရရှိနေတုန်းပဲပေါ့လေ။

သူမအမြင်တွေ ဝိုးတဝါးဖြစ်လာသည်။

ပါးပြင်ထက် ပွန်းစွာစီးဆင်းသွားကြသည့်က မျက်ရည်များ...။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"ကတိထားခဲ့တဲ့အတိုင်း ကိုယ်တို့လက်ထပ်ကြရအောင်နော်. . . ဇာ။ ကိုကိုတို့မမတို့ကိုစောင့်နေရင် ကိုယ်တို့နိုးကြရမှာမဟုတ်ဘူး။ ကိုယ်, ဇာနဲ့ခွဲမနေပါရစေနဲ့တော့"

သူမတစ်ချက်ရှိုက်လိုက်မိစဉ် သူ့ရင်ခွင်ထဲသို့ရောက်သွားရလေ၏။

တဒိတ်ဒိတ်ခုန်ပေါက်နေသည့်သူ့ရင်ခုန်သံတွေကို သဲ့သဲ့မျှကြားနေရလေသည်။

"ဇာ့ကို. . . ဇာ့ကိုခွင့်လွှတ်ပါ။ ဇာ. . ."

"ဆက်မပြောနဲ့တော့ဇာ။ ကိုယ်ခွင့်လွှတ်ပါတယ်။ ဇာ, ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့ ကိုယ်ခွင့်လွှတ်ပြီးသားပါ။ အရေးကြီးတာက ဇာ့ဆီမှာ ကိုယ့်ကိုချစ်တဲ့ချစ်ခြင်းတွေရှိနေဖို့ပါပဲ။ လက်ကျန်နည်းနည်းလေးလောက်ပဲရရ. . . ကိုယ်ကျေနပ်ပါတယ်ဇာ"

သူမမျက်နှာမှာ အပြုံးတစ်ပွင့်ပေါ်လာ၏။

သူက သူမကိုတင်းကျပ်စွာဖက်ထားရင်း စကားတွေဆက်ပြောနေပြန်လေသည်။

"ဇာရယ်. . . မင်းက လတစ်စင်းဖြစ်ရင် ကိုယ်ကကောင်းကင်ကျယ်ကြီးပေါ့။ မင်းက လှေကလေးဖြစ်ရင် ကိုယ်က ဒီရေလှိုင်း





လေး. . .။ မင်းက သဘော်လေးဖြစ်ရင်တော့ ကိုယ်က မီးပြတိုက်ပဲပေါ့ဇာ။ ဘဝမှာလက်တွဲပြီးအတူဆက်လျှောက်ဖို့ ကိုယ့်လက်တွေကို မြဲမြဲကိုင်ထားပေးပါဇာရယ်. . . နော်"

ကြည့်စမ်း. . . ဒီကောင်လေးက ဒီလိုအနုအရွစာသားစကားလုံးလေးတွေလည်းပြောတတ်တာပါပဲလား။

ဘာဖြစ်လို့များ ဒါကို သူမ မသိခဲ့ပါလိမ့်။

အံ့သြစရာပါလား. . .။

"ကိုယ်ပြောတာတွေယုံရဲ့လားဇာရယ်. . . ဟင်"

သူမ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်စဉ် သူက သဘောတကျရယ်မောလိုက်ပြီး သူမပါးပြင်ကို ဖျတ်ခနဲငုံ့မွှေးလိုက်လေ၏။

"ရှာန်. . . နင်နော်"

"ဟာ. . . ငြင်းသံကလည်း အားမပါလိုက်တာနော်"

ရုတ်တရက်ပေါ်လာသည့် အသံကြောင့် သူမတို့လှည့်ကြည့်လိုက်တော့ ကိုအောင်နှင့်မမ။

သူတို့နောက်မှာ ဖေဖေတို့လေးယောက်စလုံး ပြုံးစိစိဖြင့်ကြည့်နေကြလေသည်။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



သူမရှက်ရွံ့စွာအော်၍ မျက်နှာကိုလက်ဝါးဖြင့်အုပ်လိုက်စဉ် ဈာန်က သူမခေါင်းလေးကို ရင်ခွင်ထဲထည့်ဖက်ပေးလိုက်လေ၏။

● ရယ်သံတွေကတော့ ဝေါခနဲ. . .။

❀ ❀ ❀





ဘဝမှာအမည်းစက်ရှိခဲ့တဲ့လူတစ်ယောက်ထံမှာ မေတ္တာစစ်နဲ့ချစ်တဲ့ချစ်ခြင်းတွေရှိနေတယ်ဆိုတာ ကိုယ်ကလွဲပြီး ဘယ်သူမှမသိနိုင်ခဲ့ပါဘူး...။

အချစ်ဆိုတာ နှစ်ကိုယ်တူနီးနီးလေးနေရမှ အချစ်ပီသတာမဟုတ်ပါဘူး။ ကိုယ့်နှလုံးသားထဲမှာ ချစ်သူကိုအပြီးတိုင်သိမ်းဆည်းထားလိုက်တာနဲ့ ဘဝလမ်းကိုဆက်လျှောက်ခဲ့ပါတယ်...။

ဖုန်းမြင့်ဇော်



www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်...

မမသဒ္ဒါမောင်

23rd July 2008

pm 9:05

# ပရိသတ်များထံမှပေးစာ

သက်နိုင်ဝင်း (ခ) ချိုတုံ

မင်္ဂလာပါ၊ မမသဒ္ဒါမောင်

ကျွန်တော်က မမသဒ္ဒါရဲ့ဝတ္ထု (၁၀) အုပ်လောက် ဖတ်ဖူးပါတယ်။ အရမ်းကောင်းတာပဲ။ ကျွန်တော်အကြိုက်ဆုံးဝတ္ထုကတော့ 'မြူးသွေ့ရင်မှာ' ပါ။ ဖတ်ရင်းနဲ့မျက်ရည်တောင်ကျတယ်။ မမသဒ္ဒါရဲ့ 'မောင့်ရင်ထဲက နှင်းပန်းခိုင်' ဝတ္ထုထဲက သီချင်းလေး 'ရင်မှာရင်သို့ တိုးဝှေ့ဆဲပါနိုင်' ကို ကူးထားသေးတယ်။ မမသဒ္ဒါရဲ့ မျက်နှာဖုံးဒီဇိုင်းလေးတွေက လှတယ်။ မမသဒ္ဒါရဲ့ ပြန်စာနဲ့ ဓာတ်ပုံကို မျှော်နေပါတယ်။ နေရပ်လိပ်စာလေးပါ ရေးပေးပါနော်။

မမသဒ္ဒါမောင်ရဲ့ ထာဝရစာဖတ်ပရိသတ်

သက်နိုင်ဝင်း(ခ)ချိုတုံ

ကုန်တိုက်လမ်း ပန်းဘဲတန်းရပ်၊

မြကျွန်းသာစားပွဲရုံမျက်စောင်းထိုးလမ်းကြား

စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

ရှေ့ပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

နွေအရိပ်

သို့/

မမသဒ္ဒါမောင်

နွေက မမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမရဲ့ ထွက်ရှိပြီးသမျှစာအုပ်တွေကို အမြဲအားပေးပါတယ်။ နွေက 'အနားသတ်မညီသော' ကို အကြိုက်ဆုံးပါ။ နွေ့မမရဲ့စာအုပ်တွေအားလုံးကို အရမ်းကြိုက်ပါတယ်။ မမရဲ့စာအုပ်တွေက ဇာတ်လမ်းကလည်း အရမ်းဆွဲဆောင်မှုရှိတယ်။ ဒါပေမဲ့ 'ရှင့်ကိုမုန်းတယ်' စာအုပ်ကတော့ နွေ့ရဲ့စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေပါတယ်။ မမ စိတ်တော့မဆိုးပါနဲ့နော်။ နွေက အဲဒီဇာတ်လမ်းထဲက 'သူရိန်မင်း' ဆိုတဲ့ဇာတ်ရုပ်နေရာကို သနားမိလို့ပါ။ ကလေးလေးက သွေးနီးတဲ့အဖေကိုကျတော့ မချစ်ဘဲ သွေးဝေးတဲ့ ဦးလေးကို တမ်းတမ်းစွဲနေတာကို နွေ့လက်မခံချင်လို့ပါ။ သံယောဇဉ်ကြောင့်ဆိုလည်း ထားပါတော့။ ဒါပေမဲ့ သွေးကစကားပြောတယ်ဆိုတာကိုကော ဘယ်လိုယူဆမလဲ။ ကလေးက ငယ်သေးတယ်ဆိုတာကြောင့်လား။ ငယ်ငယ်ကြီးကြီးလေ၊ အဖေကိုတော့ သံယောဇဉ်နည်းနည်းတော့ ရှိသင့်တာပေါ့နော်။ အခုဇာတ်လမ်းမှာက အဖေကို တော်တော်ကြီးစိမ်းကားနေတာ။ ဦးလေးကိုကျတော့ 'ဖေဖေ၊ ဖေဖေ' ဆိုပြီး တောင့်တနေတာကော ဦးလေးနဲ့ အရင်ပွေ့ပြီး သံယောဇဉ်တွယ်တာကြောင့်လား၊ မေတ္တာရောင် ပြန်ဟပ်ရင်တောင်ကော အဖေထက် ဦးလေးက ပိုသာနိုင်လို့လား။ ကလေးလေးက 'သော်တာလင်း' ကို တစ်သက်လုံး အဖေအဖြစ်



အသိအမှတ်ပြုသွားမှာလား။ သူ့အဖေကိုကော အဖေလို့မသတ်မှတ်တော့ဘူးလား။ 'သူရိန်မင်း' ကလည်း ကလေးလေးက 'အဖေ' လို့ခေါ်တာကို မကြားရတော့ဘူးလား၊ မမရယ်, ဖြစ်နိုင်ရင်လေ 'ရှင့်ကိုမုန်းတယ်' ဒုတိယပိုင်းလေးကို ဆက်ရေးပေးစေချင်ပါတယ်။ နွေ့ရဲ့ဆန္ဒကိုပြောပြတာပါမမရယ်၊ ဒုတိယပိုင်းရေးလို့မဖြစ်ရင်လည်း နွေ့ကိုစာပြန်လိုက်ပါနော်။ မမ၊ နွေဒီလိုပြောတာကိုစိတ်မဆိုးနဲ့နော်။ တောင်းပန်ပါတယ်။ နွေက စိတ်ထဲမှာ မတင်တကျဖြစ်နေရင် ပြောလိုက်ရမှကျေနပ်တာ။ မမကိုတော့ စာနဲ့ပဲရေးပေးလိုက်ပါတယ်နော်။ မမရဲ့ 'ရွှေရင်ခုန်သံ တအုံနွေးနွေး' လည်းမိုက်တယ်။ 'ရော့-ယူပါ ၁၅၀၀ ထဲက 'ပန်းနီနီ' လိုမျိုး ဆံပင်ရှည်ကြီးနဲ့ ဦးဇာတ်လမ်းကလည်း အရမ်းမိုက်တယ်။

မမရဲ့စာအုပ်တိုင်းကို အမြဲအားပေးနေမှာပါ။ စာပေလောကမှာ 'မမသဒ္ဒါမောင်' ဆိုတဲ့ကလောင်နာမည်လေး အစွန့်ရှည်တည်တံ့ပါစေလို့ ဆုတောင်းလျက်-

နွေအရိပ်

အမှတ် (၁၆၅)၊ စပယ်ခြံ (၃)လမ်း၊

(၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

P.s - မမရဲ့ဓာတ်ပုံလေးကို အမှတ်တရထည့်ပေးလိုက်ပါနော်။ ညီမလေးကို အမြန်ဆုံးစာပြန်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့/

မမသဒ္ဒါမောင်

မမသဒ္ဒါကို အားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမသဒ္ဒါရဲ့ 'အနားသတ်မညီသော' ကို စပြီးဖတ်မိတယ်။ မမသဒ္ဒါရဲ့အရေးအသားကိုကြိုက်လွန်းလို့ ကျန်တဲ့စာအုပ်တွေကိုလည်း ဖတ်ပြီးပါပြီ။

မမသဒ္ဒါရဲ့ 'မောင့်ရင်ထဲက နှင်းပန်းခိုင်'ကိုလည်း နှစ်သက်ပါတယ်။ မမသဒ္ဒါရဲ့စာအုပ်ကိုဖတ်ပြီး အမြဲခံစားရတယ်။ ကျွန်တော် ဘယ်စာရေးဆရာမထံကိုမှ မိတ်ဆက်စာ မရေးဖူးပါဘူး။ အခုမှ စရေးတာပါ။ အမှားပါရင် ခွင့်လွှတ်ပါ။ မမသဒ္ဒါရဲ့ လစဉ်ထွက်တိုင်းစာအုပ်ကို အမြဲအားပေးသွားမှာပါ။

ကျွန်တော့်ရဲ့ပေးစာကို မမလက်ခံမည်ဆိုပါလျှင် မမရဲ့ ဓာတ်ပုံကိုပို့ပေးလိုက်ပါ၊ မမ။ မမကိုအရမ်းကျေးဇူးတင်ပါတယ်။ နောင်လည်း အလွန်ကျော်ကြားတဲ့စာရေးဆရာမဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမရဲ့စာဖတ်ပရိသတ်

မောင်အောင်ထက်ထွန်း
အမှတ်(၂၈)၊ မြသီတာလမ်း။
AVM ရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်။





သို့/

ဆရာမ မမသဒ္ဒါမောင်

ကျွန်တော်က ဆရာမရဲ့ပရိသတ်တစ်ဦးပါ။ ဆရာမရဲ့ စာအုပ်တွေက အကုန်ဖတ်လို့ကောင်းတယ်ဗျ။ ကျွန်တော်စဖတ်ဖူးတဲ့စာအုပ်က 'သဲမြဉ္ဇာ' ပါ။ အဲဒီစာအုပ်ကနေစပြီး ဆရာမရဲ့ စာအုပ်တွေကိုဖတ်တော့တာပဲ။ အစတုန်းကတော့ အချစ်ဝတ္ထုတွေ သိပ်မဖတ်ဖြစ်ဘူး။ ဇာတ်ကွက်တွေက မှန်းလို့ရနေပြီလေ။ ဆရာမရဲ့စာအုပ်တွေကတော့ ဇာတ်သိမ်းကိုကြိုပြီးမှန်းလို့မရဘူး။ အဲဒါနဲ့ပဲ ဘာဆက်ဖြစ်မလဲဆိုပြီး ဆက်ဖတ်ရာကနေ အဆုံးထိ ရောက်သွားတာလေ။ ကျောင်းမှာဆိုရင် စာသင်ချိန်မှာ ဆရာမရဲ့စာအုပ်ကို ဆရာတွေမသိအောင် တိတ်တိတ်ခိုးဖတ်ကြတာ။ တစ်ခါက မိသွားလို့ တစ်ချိန်လုံးမတ်တတ်ရပ်နေရတယ်။ အခုလည်း ဆရာမရေးတဲ့ 'ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ' စာအုပ်ကိုဖတ်ပြီးတာလေ။ ဆရာမကို နည်းနည်းလောက် ဝေဖန်မယ်နော်။ ဇာတ်ကောင်နာမည်တွေကို အရမ်းကြီးခေတ်ဆန်ဆန်ပေးတော့ တစ်မျိုးဖြစ်သွားတယ်။ သမားရိုးကျနာမည်လှလှလေးတွေပေးရင် ပိုကောင်းမယ်ထင်ပါတယ်။ ဆရာမ နောက်တစ်ခါရေးရင် တော်ဝင်ဆန်တဲ့မိသားစုတွေပါတဲ့ အချစ်ဝတ္ထုလေး ရေးကြည့်ပါလား။ ကျွန်တော်ဝေဖန်တာ ဆရာမအတွက် အနှောင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက်ဖြစ်သွားရင် အနှုးအညွှတ်တောင်းပန်ပါတယ်။ ကိုယ့်အစ်မတစ်ယောက်လိုသဘောထားပြီး ဖြေပေးတာပါ။ ဆရာမ ဒီထက်မက ပိုပြီးအောင်မြင်ပါစေ။ ကျွန်တော်ကတော့ ဆရာမကို အမြဲတမ်းအားပေးနေမှာပါ။

ဆရာမရဲ့ ပရိသတ်

မောင်ရဲသီဟထွန်း
2nd Year (E.P) (A.G.T.I)
နည်းပညာတက္ကသိုလ်၊ ပြည်မြို့၊ ပဲခူးတိုင်း။



ဆုရတနာခေါင်

သို့/

မမသဒ္ဒါမောင်

မင်္ဂလာပါ 'မမ'။ လေးစားစွာဖြင့် 'မမ' လို့ခေါ်ခွင့်ပြုပါနော်။ ညီမက 'မမ'ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'မမ' စာတွေရေးရလို့ ပင်ပန်းနေပြီလား။ စာတွေရေးရလို့ ပင်ပန်းတယ်လို့သဘောမထားပါနဲ့နော်။ ဘာဖြစ်လို့လဲဆိုတော့ 'မမ'ရဲ့ပင်ပန်းမှုတွေက အောင်မြင်မှုတွေကို သယ်ဆောင်လာတယ်မဟုတ်လား။ 'မမ'ကို ဆရာကြီးပုံစံနဲ့ပြောတာ မဟုတ်ပါဘူး။ 'မမ' စိတ်မဆိုးပါနဲ့နော်။ 'မမ'က စာရေးတဲ့နေရာမှာ အရမ်းတော်တယ်။ 'မမ'ရဲ့စာအုပ်တစ်အုပ်ဖြစ်တဲ့ 'ရင်ကိုပစ်ခွင်းခဲ့သော်လည်း' စာအုပ်ကို ပထမဆုံးဖတ်ဖြစ်ခဲ့ပါတယ်။ အဲဒီစာအုပ်ကပဲ ညီမကိုဆွဲခေါ်သွားတာပါ။ 'မမ'စာရေးတဲ့ Form ကလည်း တခြားစာရေးဆရာမတွေနဲ့မတူဘူးနော်။ တခြားစာအုပ်တွေကို ဖတ်လို့ စာစဉ်ရောက်ရင် နောက်ဆုံးဇာတ်ဝင်ခန်းမှာ ဘာဖြစ်မယ်ဆိုတာကို ခန့်မှန်းလို့ရတယ်။ 'မမ'ရဲ့စာအုပ်တွေကိုတော့ ညီမ ခန့်မှန်းလို့မရဘူး။ ကျော်ဖတ်လို့လည်း မရဘူး။ 'မမ'က စာရေးတဲ့နေရာမှာ အရမ်းလျှို့ဝှက်တယ်။ ဆန်းကြယ်တယ်။ လေးနက်တယ်။ နောက်ပြီးတော့ ပဟေဠိဆန်တယ်။ အဲဒါကြောင့် 'မမ'ရဲ့စာအုပ်တွေကို လက်ကမချချင်ဘဲ ဖတ်နေခဲ့မိတာ။ 'မမ'



www.burmeseclassic.com

www.burmeseclassic.com

ဝေရေးတဲ့ စာအုပ်တွေထဲက (၆)အုပ်ကိုတော့ ဖတ်ပြီးပါပြီ။ 'မမ' စာအုပ်တွေကိုဖတ်ရင်းနဲ့ ရင်ခုန်မိတယ်။ ပြီးတော့ စိတ်လှုပ်ရှားမိတယ်။ 'အနားသတ်မညီသော'ကိုအကြိုက်ဆုံးပါပဲ။ 'ရွှေရင်ခုန်တအုံ့နွေးနွေး' ထဲက 'ဇော်' ကို ယောကျာ်းလေးလို့ပဲ ထင်ခဲ့မိတယ်။ နောက်ဆုံးမှ မိန်းကလေးဆိုတာကို သိရတာပါ။ နောက်ပြီးတော့ 'နှလုံးသားရဲ့ကွန်ခိုရာ' ထဲက ဒေါက်တာမလေးနဲ့ ဒေါက်တာလေးတို့ရဲ့အပြောအဆိုနဲ့ အရေးအသားကိုကြိုက်တယ်။ ပြီးတော့ ရင်ခုန်မိတယ်။ အဲဒီလိုရင်ခုန်အောင်ရေးနိုင်တဲ့ 'မမ'ကို လေးစားတယ်။ ညီမတကယ်ပြောတာပါ။ 'မမ'ရေးတဲ့စာအုပ်တွေကိုဖတ်တာနဲ့ 'မမ'ရဲ့အရည်အချင်းက ဘယ်လောက်မြင့်မားတယ်ဆိုတာကို ခန့်မှန်းလို့ရတယ်။ 'မမ'ကို အပြင်မှာမြင်ဖူးချင်တယ်။ 'မမ'ရဲ့နာမည်အရင်းကကော 'မမသဒ္ဒါမောင်'ပဲလား။ ဒါမှမဟုတ် အဲဒီနာမည်က ကလောင်နာမည်လား။ ကျောင်းတက်တုန်းလား။ ဒါမှမဟုတ် ကျောင်းပြီးသွားပြီလား။ 'မမ'မှာ မာနကြီးတဲ့စိတ်ရှိလားဟင်။ ရှိမှာမဟုတ်ပါဘူး။ 'မမ'ရေးတဲ့ စာအုပ်တွေက ဖော်ပြနေတယ်လေ။ စိတ်ရင်းကောင်းမယ်၊ ကြင်နာတတ်မယ်၊ သဘောကောင်းမယ်၊ မာနစိတ်မရှိဘူးတဲ့။ ဟုတ်တယ်မဟုတ်လားဟင်။ 'မမ'ဆီမှာ ညီမ တောင်းစရာရှိတယ်။ 'မမ'ရဲ့ဓာတ်ပုံနဲ့ လက်မှတ်ကိုလိုချင်တယ်။ ပေးနိုင်မလား။ 'မမ' မအားဘူးဆိုရင် ညီမလာယူမယ်လေ။ 'မမ'ရဲ့လိပ်စာကို



ညီမဆီပုန်ဆက်ပြောပါနော်။ ညီမတို့အိမ်မှာတော့ ဖုန်းမရှိပါဘူး။ လမ်းထဲမှာတော့ရှိတယ်။ နံပါတ်က (၀၁-၆၅၀၁၈၂)ပါ။ ညီမ ဒီလိုမွှင့်မွှင့်လင်းလင်းပြောတာကို 'မမ'တစ်မျိုးမထင်ပါနဲ့နော်။ 'မမ'ရဲ့စာအုပ်တွေကိုဖတ်ပြီးကတည်းက ညီမရဲ့စိတ်ထဲမှာ အစ်မရင်းတစ်ယောက်လိုသဘောထားမိလို့ပါ။

'မမ'စာပေလောကမှာ အာယုရှည်ဆုံး၊ အောင်မြင်မှုအများဆုံးနဲ့ ဘဝခရီးလမ်းပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ ညီမလေး ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။

'မမ' ရဲ့ ညီမလေးဖြစ်ချင်သူ
စာကိုမျှော်နေသူ၊ ဓာတ်ပုံကိုမျှော်နေသူ

ဆုရတနာအောင်
အမှတ်-(ရ၈၂)၊ သုမိတ္တာလမ်းသွယ် (၂၀)၊
(၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com